www.burmeseclassic.com

ဝ နို ရ ဆန်း ကြွယ် လုံး ချင်း ဝ တ္ထု သစ် အောင်မြင်စာပေ

# တြိသခင်

## နှင်းပြူတောင်မာယာရှင်



www.burmeseclassic.com

www.burmeseclassic.com



၈၉၅.၈၃

တြိသင်

နှင်းဖြူတောင် မာယာရှင် / တြိသင်။ – ရန်ကုန်၊

အောင်မြင်စာပေ၊ ၂၀၁၀။

၁၅၀ – စာ၊ ၁၃.၅ × ၂၁ စင်တီ။

(၁) တြိသင်

စာမူခွင့်ပြုချက်အမှတ် ၅၀၀၁၀၉၀၃၁၀။ မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၅၀၀၂၁၆၀၅၁၀။

ထုတ်ဝေသူ ။ ။ ဦးအောင်မြင့်၊ အမှတ်(၇)၊ သီတာလမ်း၊ ကျောက်မြောင်း၊ ရန်ကုန်မြို့။

စာအုပ်နှင့်မျက်နှာဖုံးပုံနှိပ်ခြင်း ။ ။ ဦးအောင်မြင့်၊ အောင်မြန်ပုံနှိပ်တိုက်၊ သုဝဏ္ဏ၊ ရန်ကုန်[illegible]

[illegible] ။ ။ [illegible]ောင်မြင်စာပေ၊ အမှတ်(၁)၊ အောင်ဘာလေလမ်း၊ ကျောက်မြောင်း၊ ရန်[illegible]

[illegible] ၂၀၁၃၊ ၀၉ ၈၀ ၃၄၅၁၁၊ ၁၉၅၀ ၂၁၃၅၄။

[illegible] ၂၀၁၀ ခုနှစ် (အောက်တိုဘာလ)။

[illegible] (၁၀၀) ကျပ်

BURMESE CLASSIC .com

# ဒဿနလက်ဆောင်

❖ အချည်အနှောင်းသည်
အရင်းအနှီးကောင်းတစ်ခုပင်ဖြစ်သည်။
ငွေဖြင့် ရင်းနှီးသော် စိတ်မချရ၊
အချည်အနှောင်းနှင့် ရင်းနှီးမှုပြုသော်
စိတ်ချရလေသည်။

❖ အရေးကိစ္စကြုံသောအခါ
စိတ်နှစ်ခွထား၍ ဖြေရှင်းမရပေ။
တစ္ဆေနှစ်ကောင်ပါသောအိပ်မြင့်
အိပ်ချပ်၍မရနိုင်ပေ။

❖ သင်က အကူအညီပေးနိုင်သည့်အခါ
မိတ်ဆွေမပီသသူများက
ချဉ်းကပ်လာကြသည်။
သင်က အကူမပေးနိုင်တဲ့
အကူအညီတောင်းရသည့်အခါ၊
မိတ်ဆွေပီသသူများက
အကူအညီပေးကြသည်။

www.burmeseclassic.com

www.burmeseclassic.com

## ဒဿနလက်ဆောင်

❖ မွေးဖွားစဉ်က
ဖြူစင်ဖြောင့်စင်းကြသော်လည်း
သေဆုံးသွားသောအခါ
အပြည်းစက်နှင့် ကွေ့ကောက်မှုများ
အနည်းနှင့်အများ သယ်ယူသွားကြသည်။

❖ စကားများများပြောသူသည်
အရွက်များသောသစ်ပင်ကဲ့သို့
အသီးမွှဲ့ ဖြိုးမှုကို နှေးကွေးစေသကဲ့သို့
တိုးတက်မှုလည်း နှိမ့်ညှိမဟုတ်ပေ။

❖ ယုံကြည်မှု မပါသောအလုပ်သည်
အဆုံးမရှိသော ကျွင်းနက်အတွင်းသို့
ဆင်းသက်နေခြင်းနှင့် တူ၏။
ပြန်တက်လိုပါက မလွယ်ကူတော့ပေ။

BURMESE CLASSIC .com

## ဒဿနလက်ဆောင်

❖ လူက အချစ်ကို နှပ်ဖို့အောင်
ကြိုးစားနေသောအခါ
အချိန်က လူကို
အိုမင်းအောင် ပြုလုပ်နေလေတော့သည်။

❖ သမုဒ္ဒရာရေသည် လှုပ်ရှားနေသောကြောင့်
အညစ်အကြေးများကို လက်မခံပေ။
ငြိမ်သက်နေသော သဲသောင်ပြင်ကသာ
အပုတ်ကောင်များကို လက်ခံထားရသည်။

❖ လူ့လောကတွင် ဘဝေါ်စိန်ခေါ်မှုများကို
ရင်ဆိုင်ဖြေရှင်းနိုင်သောသူသည်သာ
ရည်မှန်းချက်ပန်းတိုင်သို့
မလွဲမသွေ ရောက်ရှိနိုင်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com

## ဒဿနလက်ဆောင်

❖ မာန်မာနနှင့် မာနသည်
အမည်တူသော်လည်း အဓိပ္ပါယ်မတူပေ။
အောင်မြင်မှုအတွက် ယှဉ်ပြိုင်ရာတွင်
စစ်မှန်သောမာနရှိရန် လိုအပ်သည်။

❖ မေတ္တာပြည့်ဝနေသော အသည်းနှလုံးသည်
အမြဲနုပျိုနေသည်။
မေတ္တာပြည့်ဝသော
အသည်းနှလုံးပိုင်ရှင်သည်လည်း
စိတ်အေးချမ်းမှုကြောင့်
နုပျိုလန်းဆန်းနေသည်။

❖ အသက်အရွယ်ကြီးရင့်ခြင်းနှင့်
ရင့်ကျက်ခြင်းမှာ အချိုးညီမျှရန်
အရေးကြီးသည်။
ငယ်ရွယ်စဉ်က အတတ်ပညာအတွက်
လေ့ကျင့်ပျိုးထောင်ပေးခဲ့သလို
အသက်ကြီးလာသောအခါ
စိတ်လေ့ကျင့်မှုအတွက် ပြုစုပေးရပြန်သည်။

BURMESE CLASSIC .com

## စာရေးသူ၏အမှာ

ဤဝတ္ထုမှာ မဂ္ဂဇင်းဝတ္ထုရှည်အတွက် ရေးပေးခဲ့သောဝတ္ထု ရှည်ပင်ဖြစ်ပါသည်။

အချိန်ကာလ ကြာပြီဖြစ်သဖြင့် အရေးအသားနှင့် တင်ပြပုံ အနည်းငယ် ကွာသည်မှအပ ရသမပျက်သောဝတ္ထုဖြစ်ပါသည်။ မဂ္ဂဇင်း၌ ဖတ်ခဲ့ဖူးသော စာဖတ်ပရိသတ်များရော၊ မဖတ်ခဲ့ရသော ပရိသတ်များအတွက်ပါ စိတ်ဝင်စားနိုင်မည်ဟု ယူဆသဖြင့် ပြန်လည် စုစည်း၍ လုံးချင်းအဖြစ် ထုတ်ဝေခြင်းဖြစ်ပါကြောင်း...

စာဖတ်သူများ မေတ္တာရိပ်မှ...

ကြီသစ်

www.burmeseclassic.com

www.burmeseclassic.com

# ဤဝတ္ထုတွင် ပါဝင်သောအခန်းများ


အခန်း(၁) တခက် ပျော်ရွှင်မှုလေးများ

အခန်း(၂) ပျော်ရွှင်မှုကို ဖျက်ဆီးသူများ

အခန်း(၃) ချုပ်နှောင်ခံလာသောနှောင်ကြိုး

အခန်း(၄) အားကိုးအားထား ရာခြင်း

အခန်း(၅) ကယ်တင်ရှင်နှင့် တွေ့ရပြီ

အခန်း(၆) အန္တရာယ်နိဒါန်းအစ

အခန်း(၇) သံယောဇဉ်ကြိုးတစ်မျှင်

အခန်း(၈) အရစ်နှင့် အားသစ်ပြစ်စေ

အခန်း(၉) တောအုပ်မှ ကယ်တင်ရှင်

အခန်း(၁၀) လျှို့ဝှက်သောတိုက်ပွဲ

အခန်း(၁၁) အဒေါ်ကြီးက သွေးစည်းကြစေ

အခန်း(၁၂) တောင်ပေါ်မှ အသက်လုပွဲ

အခန်း(၁၃) နှင်းတောင်ရှင်မ ပုံရိပ်

အခန်း(၁၄) နှင်းတောင်သခင်မ ကျိန်စာ

အခန်း(၁၅) မကောင်းမှုပြုသူ၏နိဂုံး

အခန်း(၁၆) အချစ်နှင့် ပြန်တွေ့ရခြင်း

အခန်း(၁၇) မေတ္တာဆုံသောအခွင့်


BURMESE CLASSIC .com



# အခန်း (၁)

# တဒက် ပျော်ရွှင်မှုလေးများ

နှင်းမှုန်နှင်းဖွဲ့များအသွင်မှ နှင်းစိုင်နှင်းခဲကြီးများအဖြစ် ပြောင်းသွားသောကြောင့် ခါကာဘိုရာဇီတောင် တခွင်လုံး ဖွေးဖွေးဖြူလျက်ရှိနေတော့သည်။

ရာသီဥတုမှာ ပို၍ပို၍အေးလာသောကြောင့် တဖွဲဖွဲ ကျဆင်းလျက်ရှိသော နှင်းမှုန်များမှာ အစိုင်အခဲများအသွင်သို့ ပြောင်းလဲရာအချို့နေရာများတွင် ရေခဲတုံးကြီးများသဖွယ် ဖြစ်နေတော့သည်။

တစ်ချိတစ်ချို ဝေ့ယမ်းတိုက်ခတ်လာသော လေဒဏ်ကြောင့် နှင်းမှုန်နှင်းစက်များမှာ ဟိုမှသည်မှ ပရမ်းပတာ လွင့်ပျံသွားသော လျက်ရှိနေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



အချို့သစ်ပင်များပေါ်တွင် နှင်းစိုင်နှင်းခဲများ အဆုပ်လိုက် အခဲလိုက် တင်နေရာ ပေါက်ပေါက်ဆုပ်ခဲများ ဖြန့်ကျဲထားသည့်နှယ် တူ၏။

အချို့နေရာများတွင် တစ်ခေါင်းလုံး ဖွေးဖွေးဖြူလျက် ရှိသော အဖိုးအိုများ ငုတ်တုတ်ထိုင်နေသည့်နှယ် တူတော့သည်။

အမှန်တော့ ခါကာဘိုရာဇီ တောင်ရင်ပြင်ပေါ်တွင် သဘာဝ ပန်းအလှများ အလွန်ပေါသည်။

ယခုလို ဆောင်းရာသီတွင် တောင်တန်းများပေါ်တွင် ပန်းရောင်စုံများ အပြိုင်အဆိုင် ဖူးပွင့်လျက်ရှိရာ နေသာ၍ နှင်းပါးသော အခါများတွင် ပန်းတောင်ကြီးသဖွယ် လှပစွာ ရှိနေတတ်သည်။

အနီ၊ အဝါ၊ ပန်းရောင် စသောပန်းများ သူ့အုပ်စုနှင့်သူ သူ့အကွက်နှင့်သူ တစ်ကန့်စီ ရှိနေရာ ရောင်စုံပန်းများကို လှပအောင် ဖန်တီး‚စီခြယ်ထားသည့်နှယ် ရှိတော့သည်။

ခါကာဘိုရာဇီတောင်သည် မြန်မာနိုင်ငံ မြောက်ဖက်ဖျားတွင် တည်ရှိသော အမြင့်ဆုံးတောင်တစ်တောင် ဖြစ်သည်။

အမြင့်ပေပေါင်း (၁၉,၂၉၆)ပေ အမြင့်ရှိသည်။

နှင်းဖုံးတောင် အမျိုးအစားဖြစ်ပြီး တောင်ပေါ်တွင် အဖိုးတန် သစ်ခွပန်းများ၊ ဆေးဖက်ဝင် သစ်ပင်သစ်မြစ်သစ်ဥများ၊ ခန်းတောက်ပင်၊ မချစ်ဥနှင့် အဖိုးတန်သတ္တဝါ ဖြစ်ကြသော ကတိုးနှင့် တောင်ဆိတ်များ ပေါလှသည်။

ထို့ပြင် ခါကာဘိုရာဇီတောင်ပေါ်တွင် တစ်မိုင်နှစ်မိုင်ခန့်အထိ ရှည်သော သဘာဝ လိုဏ်ခေါင်းများလည်း ပေါသဖြင့် ထိုဂူကြီးများထဲတွင် လူဝံကြီးများပင် နေလေ့ရှိသည်။

သို့သော် တောင်ပေါ်တွင် နှင်းခဲများ အမြဲဖုံးနေသောကြောင့်





ဂူပေါက်ဝများ၊ လိုဏ်ခေါင်းကြီးများအား ရုတ်တရက် တွေ့နိုင်ရန် မလွယ်ကူပေ။

တောင်ပေါ်တွင် နှင်းမုန်တိုင်းကျသောအချိန်၊ နှင်းများ သဲသဲလှုပ်မျှ ကျသောရာသီများတွင် ၎င်းဂူများ၊ လိုဏ်ခေါင်းများမှာ သတ္တဝါများ ခိုလှုံရန် နေရာကောင်းများ ဖြစ်ကြသည်။ အချို့နှင်းတောင်ဝက်ဝံများဆိုလျှင် တစ်နှစ်ပတ်လုံး အပြင်မထွက်ဘဲ ဂူအောင်းနေလေ့ရှိကြသည်။ ရာသီဥတု ဆိုးသောအချိန်များတွင် အမဲလိုက်သူများ၊ ဆေးမြစ်ဆေးဥ ရှာသူများ၊ ကျောက်စိမ်းတူးသူများမှာ တောင်ပေါ်သို့ လာလေ့မရှိကြပေ။ သည်မျှ ရာသီဥတု ကြမ်းတမ်းသောအချိန်တွင် တောင်ခြေမှ ထွက်လာသူတစ်ယောက်တော့ ရှိနေသည်။

နှင်းတောထဲမှာ ပလိုင်းတစ်လုံးကို ခေါင်းတွင် ချိတ်လွယ်ရင်း တစိုက်စိုက် လျှောက်နေသူမှာ မိန်းမရွယ်တစ်ဦးဖြစ်သည်။ သူမ၏ အမည်မှာ ကေဂျာဖြစ်ပြီး အသက်(၁၈)နှစ်အရွယ်ခန့်ရှိသော ကချင်မလေးတစ်ဦးဖြစ်သည်။

သူမသည် တောင်ပေါ်မှ ဆေးမြစ်ဆေးဥများအပြင် စားသောက်စရာအချို့ကိုပါ ရှာဖွေ၍ ပြန်ဆင်းလာခြင်းဖြစ်သည်။

ထိုသို့လျှောက်လာနေရင်း ဖခင်ကြီးဖြစ်သူ ဦးလွမ်နော်င် အကြောင်းကို စဉ်းစားလာမိသည်။

ဦးလွမ်နော်င်သည် တောင်ယာလုပ် လယ်သမားကြီးတစ်ဦး ဖြစ်ပြီး မြေပိုင်ရှင်ကြီး ဦးလဘန်ဆိုင်းထံမှ လယ်ယာမြေများကို အခစားယူ၍ လုပ်ကိုင်ရသူဖြစ်သည်။

လယ်ယာမြေ အခွန်အခများ၊ ငွေတိုးများ ကြီးလှသောကြောင့် စပါးအထွက်နည်းသောနှစ်များတွင် ကြွေးတင်လေ့ရှိသည်။

ထိုသို့ကြွေးတင်လျှင် ဖြစ်တဲ့နည်းဖြင့် ရှာဖွေပေးဆပ်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့မဟုတ်ပါက ဦးလဘန်ဆိုင်း၏တပည့် လူဆိုးလူမိုက်များက နည်းအမျိုးမျိုးဖြင့် လာရောက်နှောင့်ယှက်လေ့ရှိကြသည်။

ဆန်ဂေါင်ရွာတစ်ရွာလုံး လယ်ယာစိုက်ပျိုးခြင်းလုပ်ငန်းကို အမှီပြု၍ အသက်မွေးကြသူ အတော်များရာ ၎င်းလယ်သမားတို့မှာ ဦးလဘန်ဆိုင်း၏ကြွေးမြီနှင့် ကင်းသူ အတော်ရှား၏။ လယ်သမားတော်တော်များများတို့မှာ မူလက လယ်ပိုင်ယာပိုင်များ ဖြစ်ကြသော်လည်း တစ်စတစ်စနှင့် မြေပိုင်ရှင်ကြီး ဦးလဘန်ဆိုင်း၏ဝါးမြိုခြင်းခံကြရသဖြင့် လယ်ပိုင်ယာပိုင်ဘဝမှ လက်မဲ့ဖြစ်ကာ အခစားဖြင့်ငှားလုပ်ရသောဘဝသို့ ရောက်ခဲ့ကြသည်။

အချို့ဆိုလျှင် ကြွေးပေါ် အတိုးဆင့် တစ်ပူပေါ် နှစ်ပူဆင့်ဖြစ်ကာ အိမ်၊ ခြံ၊ မြေ၊ ကျွဲနွားများအပြင် သမီးပျိုများပါ သိမ်းယူခြင်းခံကြရသည်။

နယ်စွန်နယ်ဖျားဒေသ၊ အုပ်ချုပ်ရေး အလှမ်းဝေးသောဒေသများ ဖြစ်သောကြောင့် ဦးလဘန်ဆိုင်းတို့မှာ ငွေအင်အား၊ လက်နက်အင်အား၊ လူအင်အား သုံးကာ အသိဉာဏ် မဖွံ့ဖြိုးသေးသောအရပ်မှ ဆင်းရဲသားများကို ထင်တိုင်းပြုနေသောကာလ,လည်း ဖြစ်သည်။

အမှန်အားဖြင့် ဦးလဘန်ဆိုင်းမှာ နယ်ချဲ့မျက်နှာဖြူ အလိုတော်ရိတစ်ဦးဖြစ်သဖြင့် ၎င်း၏အရှင်သခင်များဖြစ်သော နယ်ချဲ့မျက်နှာဖြူများ အားကိုးဖြင့် နွမ်းပါးရိုးသားသူများအပေါ် ထင်တိုင်းခြယ်လှယ်နေခြင်းဖြစ်တော့သည်။

ယခု ကချင်မိန်းကလေး ကေဂျာ၏ဖခင် ဦးလွမ်နောင်မှာလည်း ယခင်က မိမိတောင်ယာပိုင် လယ်ပိုင်နှင့် လုပ်ကိုင်စားသောက်နေနိုင်သူ ဖြစ်သော်လည်း တစ်စတစ်စဖြင့် ဦးလဘန်ဆိုင်းတို့၏နည်းအမျိုးမျိုးဖြင့် ဝါးမြိုသိမ်းပိုက်ခြင်း ခံရသောကြောင့် လယ်ယာမြေပိုင်





ဘဝမှ လက်မဲ့ဘဝ၊ လယ်ငှားဘဝသို့ ရောက်သွားခဲ့ရရှာသည်။ သို့ဖြင့် နှစ်အနည်းငယ်အတွင်းမှာ ကြွေးပေါ်ကြွေးဆင့်၊ အတိုးပေါ် အတိုးဆင့်ကာ မကြေနိုင်တော့ဘဲ နစ်သထက် နစ်သွားရှာတော့သည်။

နောက်ပိုင်း ဦးလဘန်ဆိုင်းကြွေးများ ပြေလည်အောင် မပေးဆပ်နိုင်သောအခါ ၎င်း၏တပည့်လူမိုက်များ လာရောက်သည့်အခါတိုင်း ထွက်ပြေးတိမ်းရှောင်နေရလေသည်။

နှစ်တိုင်း ထိုသို့ ထွက်ပြေးတိမ်းရှောင်နေရသော်လည်း အင်လုံအင်နန်ရှား ပွဲတော်ရက် ရောက်လာလျှင် ဦးလွမ်နောင်သည် မဖြစ်မနေ ပြန်လာလေ့ရှိသည်။

အင်လုံအင်နန်ရှားပွဲတော်ဆိုသည်မှာ တစ်နှစ်တစ်ကြိမ်ကျင်းပပြုလုပ်လေ့ရှိသော ကချင်ရိုးရာ ကောက်သစ်စားပွဲတော်ဖြစ်သည်။

အင်လုံအင်နန်ရှားပွဲတော်ကို ကချင်ပြည်နယ်အတွင်း လမ်းပန်းဆက်သွယ်ရေး ကောင်းသော၊ အချက်အချာကျသောမြို့များ၊ နေရာများတွင် စုပေါင်းပြုလုပ်လေ့ရှိသည်။

ရှေးအခါက ကောက်သစ်စားပွဲတော်အား ကိုယ့်အရပ်နှင့်ကိုယ်၊ ကိုယ့်ဒေသနှင့်ကိုယ်၊ ကိုယ့်နေရာနှင့်ကိုယ် ပျော်ပွဲရွှင်ပွဲများဖြင့် ကျင်းပပြုလုပ်လေ့ရှိကြသော်လည်း ယခုအခါ မြန်မာနိုင်ငံအား နယ်ချဲ့မျက်နှာဖြူများ သိမ်းပိုက်ပြီးနောက်တွင် ကြီးကြီးကျယ်ကျယ် မလုပ်ဝံ့ကြတော့ဘဲ ကိုယ့်နေရာနှင့်ကိုယ် တနိုင်ကျင်းပကြသည်။

ကေဂျာသည် ရှာဖွေရလာသော စားသောက်ဖွယ်ရာများကို ပလိုင်းဖြင့် လွယ်၍လျှောက်လာရင်း အဖေ့အကြောင်းကို တွေးလာသည်။

အသက်ကြီးခါမှ ဆင်းရဲတွင်းနက်လှသော အဖေ့ကို သူမ ကယ်တင်ချင်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူမအနေဖြင့် တစ်ခုခု လုပ်ပေးချင်သည်။

အဖေ့ကျေးဇူးများကို ပြန်ဆပ်ရမည်ဆိုလျှင် ဘာပဲလုပ်ရ လုပ်ရ . . လုပ်၍ ကျေးဇူးဆပ်ချင်သည်။

သို့သော် စိတ်သွားတိုင်း ကိုယ်မပါနိုင်သော မိန်းကလေးတစ်ယောက်အနေဖြင့် စိတ်သွားတိုင်း ကိုယ်မပါနိုင်ရှာပေ။ အတွေးကောင်းစွာဖြင့် တစ်ယောက်ထဲ လျှောက်လာသော ကေဂျာသည် မကြာမီ ရွာစွန်တစ်နေရာမှ တဲတစ်လုံးရှေ့သို့ ရောက်လာတော့မှ အတွေးစ ပြတ်သွားတော့သည်။

စေ့ထားသောတံခါးကို တွန်းဖွင့်၍ ဝင်လိုက်ပြီး တံခါးကို ပြန်ပိတ်လိုက်ပြီး ခေါင်းပေါ်နှင့် တစ်ကိုယ်လုံး တွယ်ကပ်လိုက်လာသော နှင်းမှုန်နှင်းစက်များကို သပ်ခါချနေစဉ် အိပ်ခန်းထဲမှ 'ကြီးမေ' ထွက်လာသည်။

"သမီး ပြန်လာပြီလား"

"ဟုတ်ကဲ့ . . ပြန်လာပါပြီ ကြီးမေ၊ ဒါထက် ကြီးမေရဲ့ရောဂါရော သက်သာရဲ့လား" '

"သက်တော့ သက်သာပါတယ် သမီးရယ်၊ ဒါပေမယ့် နည်းနည်းအေးတော့ ရင်ထဲက ကျပ်တာကတော့ မပျောက်ချင်ဘူးကွယ်"

"စိတ်မပူနဲ့ ကြီးမေ၊ အခု တောင်ပေါ်က ခန်းတောက်မြစ်တွေ ရလာတယ်၊ ခဏနေရင် သမီးကျိုပေးမယ်၊ ခန်းတောက်မြစ်တစ်ခွက်လောက် သောက်လိုက်ရင် ကြီးမေ ချက်ချင်းသက်သာသွားမှာပါ"

"အေးကွယ် . . သမီးလဲ တစ်ယောက်ထဲ တောင်ပေါ် သွားသွားနေရတာ ကြီးမေ စိတ်မချပါဘူး၊ ဒါပေမယ့် ကြီးမေကလဲ လူမမာသယ်၊ ဖအေလုပ်တဲ့ လွှမ်းနောင်ကလဲမရှိ၊ အဖော်အလှော် လိုက်မယ့်





လူကလဲ မရှိလေတော့ ငါ့တူမလေး ပင်ပန်းရှာတယ်"

"ဒါတွေ တွေးမနေပါနဲ့ ကြီးမေရယ်၊ သမီး ပင်ပန်းမှာကိုလဲ မကြောက်ပါဘူး၊ အဖေ့အတွက် စိုးရိမ်တာ တစ်ခုပါပဲ၊ အဖေ ဘယ်ဆီများ ရောက်နေပါလိမ့်"

"မစိုးရိမ်ပါနဲ့ကွယ် . . အခုလို နှစ်သစ်ကူးပွဲတော် ရောက်ရင် သူပြန်လာနေကျပဲ၊ သူပြန်လာမှာပါ . . မပူပါနဲ့"

ကေဂျာ ပြတင်းတံခါးမှတစ်ဆင့် မြင်နေရသော တဖွဲဖွဲ ကျနေသော နှင်းမှုန်နှင်းဖွဲများကို ကြည့်ရင်း သက်ပြင်းတစ်ချက် ချလိုက်သည်။

"ကဲ . . ကြီးမေလဲ အခန်းထဲ ဝင်ပြီး နွေးနွေးထွေးထွေး နေဦး၊ အပြင်မှာ အေးတယ်၊ ကျွန်မ ခန်းတောက်မြစ် ကျိုပေးမယ်၊ အဖေပြန်လာရင် အဆင်သင့်ဖြစ်အောင် စားဖို့သောက်ဖို့ ရှိတာလေးနဲ့ ပြင်ဆင်ထားလိုက်ဦးမယ်"

"အေးကွယ်"

ကြီးမေအခန်းထဲ ပြန်ဝင်သွားတော့ ကေဂျာ မီးမွှေးရန် ပြင်ဆင်လေသည်။ သူမ၏မီးဖိုကလေးထဲမှာလည်း အခြားဘာပစ္စည်းမှ မယ်မယ်ရရ မရှိဘဲ ရိုးရာကိုးကွယ်သော နတ်ရုပ်တစ်ရုပ်နှင့် အိုးခွက်ပန်းကန်အချို့သာ ရှိသည်။

နတ်ရုပ်က မီးဖိုထောင့်တိုင်တွင် ချိတ်ဆွဲထားပြီး သန့်စင်မှု မပြုလုပ်နိုင်တာ ကြာပြီဖြစ်သောကြောင့် ဖုန်အလိမ်းလိမ်း တက်နေပြီ။

ကေဂျာက မီးမွှေးနေရင်း နတ်ရုပ်ကို တစ်ချက်မော့ကြည့်လိုက်သည်။

"ရိုးရာအရှင် . . သင့်ရဲ့တန်ခိုးနဲ့ အဖေ့ကို ဘေးမသီ ရန်မခဘဲ ဒီကို ပြန်လာနိုင်အောင် ဆောင်ကြဉ်းပေးပါလား၊ အင်လုံအင်နန်



www.burmeseclassic.com

www.burmeseclassic.com



ရှား ပွဲတော်ရက်မှာ အဖေ့ကို ကေဂျာနဲ့အတူ ရှိနေဖို့ လမ်းပြ ဆောင်ပေးပါ ရှီးရှာအရှင်”

ဤသို့ စိတ်ထဲမှ တိုင်တည်ရင်း နတ်ရုပ်ဆီသို့ ထသွား ခေါင်းပေါ်မှ ပတ်ထားသော ပုဝါစဖြင့် ဖုန်များကို သုတ်ခါပေးလို သည်။

ထို့နောက် မီးမွှေးပြီး အိုးတစ်လုံးဖြင့် ခန်းတောက်မြစ်များ ထည့်ကျိုသည်။

မကြာမီ သူ့တဲကလေးမှ မီးခိုးငွေ့များ တလူလူ တက်လ သည်။ ထို့အတူ အခြားတဲများဆီမှလည်း မီးခိုးငွေ့ကလေးများ တ လူ တက်နေကြသည်။

ကောက်သစ်စား ပွဲတော်အတွက် အိမ်တိုင်း တဲတိုင်းလို အလုပ်မှ နားကာ အကောင်းဆုံး အစားအသောက်များကို စီစဉ်ချ ပြုတ်နေကြပေပြီ။

ကေဂျာကလေးမှာမူသာ ငွေကြေးမပြည့်စုံသဖြင့် အိမ် အနည်းငယ် ရှိသော ဆန်ကြမ်းကလေးအချို့ကို တောင်ပေါ်မှ ရှာ သော မုန်လာဥ၊ ကန်စွန်းဥ၊ ဂေါ်ဖီ စသော အသီးအရွက်၊ ဥများဖြ ရောနှောချက်ပြုတ်ရန် စီစဉ်နေရှာသည်။

“အခုနေ အဖေများ ပြန်လာရင် ဘယ်လောက်ပျော်စ ကောင်းမလဲနော်”

ထိုသို့တွေးနေစဉ် အိမ်ရှေ့တံခါးရွက်သည် ကျွိကနဲ မြည်က ပွင့်သွားသည်။

ကေဂျာ အလန့်တကြား လှည့်ကြည့်လိုက်တော့ အရှိန်ပြ ပြင်း တိုက်ခတ်နေသော လေနှင့်အတူ နှင်းမှုန်နှင်းစက်များ အိမ်ထဲ ဝင်လာသည်။





ကေဂျာ သက်ပြင်းချလိုက်ပြီး. . .

“အဖေတော့ မလာဘူး၊ နှင်းတွေပဲ လာနေတာပဲ”

ထိုသို့တွေးကာ တံခါးထပိတ်လိုက်သည်။

ထို့နောက် မုန်လာဥနီများအား အခွံသင်နေစဉ် အပြင်ဘက်မှ လေတိုးသံနှင့်အတူ ခေါ်သံတစ်သံကို မသဲမကွဲ ကြားလိုက်ရသည်။

“ကေဂျာ. . . ကေဂျာ”

ကေဂျာ နားစွင့်လိုက်သည်။

တံခါးကို တစ်စုံတစ်ယောက်က လာခေါက်နေသံကို သဲ့သဲ့လေး ကြားရသည်။ ရင်ထဲမှာ ထိတ်ကနဲ ဝမ်းသာစိတ် ဝင်သွားမိသည်။

အဖေများ ပြန်လာရော့သလား ဟူသောအတွေးက ရင်ထဲမှာ ဝမ်းသာစိတ်နှင့်အတူ ‘အား’ တစ်ခု ဖြစ်လာသည်။ ကပျာကယာ တံခါးနား ထသွားသည်။

“ကေဂျာ. . . ကေဂျာ”

အပြင်ဘက်မှ သူ့အမည်ကို တိုးတိုးလေး ခေါ်နေသံအပြင် တံခါးကို ပုတ်နေသံကိုလည်း ကြားရသည်။

ကေဂျာ ရင်ခုန်စွာဖြင့် တံခါးကို ဖွင့်လိုက်သည်။

နှင်းတောထဲမှာ ရပ်နေသော အဖေကို တွေ့လိုက်ရသဖြင့် ကေဂျာ ဝမ်းသာသွားသည်။

“အဖေ. . . အဖေပြန်လာပြီနော်”

ဝမ်းသာစိတ်ကြောင့် ကေဂျာ့အသံ အတန်ငယ် ကျယ်သွားသဖြင့် ဦးလွမ်နောင်က အသံတိုးတိုးပြောရန် အချက်ပြပြီး တဲအတွင်း ဝင်လာကာ တံခါးပြန်ပိတ်လိုက်သည်။

“ကြည့်ပါအုံး. . . အဖေ့တစ်ကိုယ်လုံး နှင်းတွေချည်းပဲ



www.burmeseclassic.com

www.burmeseclassic.com



အဝေးကြီးက ပြန်လာတာလား အဖေ"

ဦးလွှမ်းနောင်က ခေါင်းညိတ်ပြပြီး ကျောမှ လွယ်ထားသေ
အထုပ်ကို ဖြုတ်၍ ကြမ်းပေါ် ချထားလိုက်သည်။

"ငါမရှိတုန်း ဦးလဘန်ဆိုင်း လူတွေ လာသေးလား ကေ

"လာတယ် အဖေ၊ ဦးလဘန်ဆိုင်းရဲ့လူယုံတော် ဇန်ထွ
ဆိုတာ လာတယ်"

"ဟင်"

ဦးလွှမ်းနောင်က ကတုန်ကယင်ဖြစ်သွားသည်။

တံခါးဂျက်ကို စိတ်မချသလို တစ်ချက်ချလိုက်ပြီး. . .

"သူတစ်ယောက်ထဲ လာတာလား၊ အဖေ့ကို ဘာတွေ ပြေ
သွားသေးလဲ သမီး"

"နောက်က တပည့်တွေလဲ ပါလာတယ်၊ ဘာမှတော့ ထေ
ထွေထူးထူး မပြောပါဘူး၊ အဖေမရှိဘူးဆိုတာနဲ့ ပြန်သွားကြတာပါ

"အဲဒီတစ်ခေါက်ပဲ လာသလား၊ နောက်ထပ် လာသေးလ
ဟင်"

"ဟင့်အင်း. . . မလာတော့ပါဘူး"

ထိုအခါမှ ဦးလွှမ်းနောင် သက်ပြင်းတစ်ချက် ချလိုက်ပြီး ကေ
ဂျာအား တစ်ချက်ကြည့်လိုက်သည်။

"အပြင်ဘက်မှာ ရာသီဥတုက အတော်ဆိုးတယ်၊ လေက
တိုက်တယ်၊ နှင်းတွေကလည်း ကျလိုက်တာ အရမ်းပဲ၊ လမ်းတော
မမြင်ရဘူး၊ ဒါမှကောင်းတယ်"

"ရာသီဥတု ဆိုးတာ ကောင်းတယ် ဟုတ်လား. . . ဘာဖြစ်
လဲဟင်"

"ဒါမှ ဦးလဘန်ဆိုင်းရဲ့လူမိုက်တွေ မလာနိုင်ကြမှာ၊ မကြာ





မှောင်တော့မှာဆိုတော့ ဒီညအဖို့တော့ စိတ်ချလက်ချ နေလို့ရသွားပြီ"

"ဒါထက် သူတို့အကြွေးတွေက ပေးစရာ အတော်များလို့လား
ဟင်"

"များတာပေါ့ကွယ်. . . တစ်နှစ်ထက်တစ်နှစ် ကြေအောင်မှ
ပြန်မဆပ်နိုင်တော့ အရင်းပေါ် အတိုးဆင့်၊ အတိုးပေါ် အတိုးထပ်ဆင့်
တော့ များလာတာပေါ့၊ ဒါပေမယ့် အဖေ တချို့တဝက်တော့ ပြန်ဆပ်
နိုင်အောင် ရှာဖွေလာခဲ့ပါတယ်"

"ဟင်. . . ဟုတ်လား အဖေ၊ ဝမ်းသာလိုက်တာ အဖေရယ်"

ကေဂျာ ကလေးငယ်တစ်ယောက်ကဲ့သို့ ဦးလွှမ်းနောင် လက်
မောင်းတစ်ဖက်ကို ဖက်ကာ ဝမ်းသာအားရ ပြောလိုက်သည်။

"အေး. . . ဟုတ်တယ် သမီးရဲ့၊ ကဲ. . . ဒါတွေ ထားလိုက်ပါ
တော့၊ အဖေတို့ ကောက်သစ်စားဖို့အတွက် လုပ်ကြရအောင်၊
အမယ်. . . ဒီမှာ သစ်ဥတွေတောင် အဆင်သင့် ဖြစ်နေပါရော့လား၊
ဟင်. . . ဒီမှာ ထင်းတွေလည်း ရောက်နေပါလား၊ ဘယ်သူသွား
ကောက်တာလဲ သမီး"

"သမီး သွားကောက်ခဲ့တာပါ"

"တောင်ခြေကို သမီးတစ်ယောက်ထဲ သွားတယ် ဟုတ်လား"

"တစ်ယောက်ထဲ မသွားပါဘူး၊ နီမောင်ကို အဖော်ခေါ်သွား
တာပါ"

"နီမောင်"

နီမောင်ဆိုတာ ဆန်ဂေါင်ရွာထဲတွင် မိခင်မုဆိုးမကြီးကို လုပ်
ကျွေးနေသော လူရွယ်လေးဖြစ်ပြီး ကေဂျာနှင့် ငယ်သူငယ်ချင်းလည်း
ဖြစ်သည်။

ဦးလွှမ်းနောင် သက်ပြင်းတစ်ချက် ချလိုက်ပြီး. . .



www.burmeseclassic.com

www.burmeseclassic.com



"ဒါထက် သမီးကြီးမေရော နေကောင်းရဲ့လား"

"သားအဖနှစ်ယောက် အလွမ်းသယ်နေလိုက်တာ၊ ငါ့ကို သတိရဖော်ရလို့ တော်သေးတာပေါ့"

ထိုသို့ပြောရင်း အခန်းထဲမှ ကြီးမေ ထွက်လာသဖြင့် အခိုက်အတန့် ပြန်ဆုံကြသော မိသားစုလေး တက်ကြွပျော်ရွှင်စွာ ကောက်သစ် စားပွဲအတွက် စီစဉ်ကြလေတော့သည်။





# အခန်း (၂)

# ပျော်ရွှင်မှုကို မျက်ဆီးသူများ

"ကေဂျာ"

"ဟင်. . . ဘာလဲ အဖေ"

"ဒီမှာကြည့်စမ်း. . . ဘာတွေလဲလို့"

ကေဂျာ လှည့်ကြည့်လိုက်တော့ လွယ်အိတ်ဟောင်းကြီး အတွင်းမှ အထုပ်တစ်ထုပ်ကို ဆွဲထုတ်၍ပြသည်။

"ဘာတွေလဲ အဖေ"

"အဖေ လုပ်အားခ ရတဲ့ငွေလေးတွေနဲ့ စုဝယ်လာခဲ့တဲ့ ဆန်နဲ့ စားစရာတွေလေ"



www.burmeseclassic.com

www.burmeseclassic.com



ကေဂျာသည် မုန့်ဖိုးရသော ကလေးငယ်တစ်ယောက်လို ဝမ်းသာ ရွှင်မြူးစွာဖြင့်. . .

"ဝမ်းသာလိုက်တာ အဖေရယ်၊ ဒီလိုဆိုရင် သမီးတို့ ကောက်သစ်စားပွဲတော်ကို ပျော်ပျော်ပါးပါး စီစဉ်လို့ရပြီပေါ့နော်"

"ဟုတ်တာပေါ့ သမီးရဲ့၊ ဒီမှာလဲ ကြည့်လိုက်ပါဦး"

ဦးလွှမ်းနောင် လွယ်အိတ်ကြီးအတွင်းမှ နောက်ထပ် ထုတ်ပြသောပစ္စည်းများမှာ ကေဂျာအတွက် ဝယ်လာသောပုဝါနှင့် ကချင်ရိုးရာအဝတ်အစားများ ဖြစ်တော့သည်။

"ဟယ်. . . လှလိုက်တာ၊ ဒါ. . . ဒါ သမီးအတွက် ဝယ်လာတာလားဟင် အဖေ"

"ဟုတ်တာပေါ့. . . ငါ့သမီးလေးအတွက် နှစ်သစ်ကူး လက်ဆောင်ပေးဖို့ အဖေဝယ်လာတာ၊ ကဲ. . . ဝတ်ကြည့်ပါအုံး"

ကေဂျာက တုန်ယင်နေသော လက်ကလေးများဖြင့် လှမ်းယူပြီး ကပျာကယာ ဝတ်လိုက်ရာ အင်္ကျီပြောင်းပြန်ဝတ်မိသဖြင့် ပြန်ချွတ်ရသေးသည်။

အင်္ကျီလုံချည်များ ဝတ်ဆင်ပြီး ပုဝါလေးကို ခေါင်းတွင် ပတ်လိုက်သောအခါ သူမ၏အလှအပများမှာ ပေါ်လွင်လာတော့သည်။

"ငါ့သမီးလေးက ရွက်ပုံးသီးလေးပဲ၊ ဆင်းရဲနေလို့သာ အလှမပေါ်တာ၊ အခုလို ဆင်လိုက်တော့လဲ အလှသား၊ ဟဲ့. . . မကြီး၊ နင့်တူမလေး အခုလို ဆင်လိုက်တော့ လှမလာဘူးလားဟဲ့. . . ကြည့်ပါဦး"

"လှပါ့တော်. . . လှပါ၊ တကတဲ. . . သမီးကို အမွှန်းတင်နေလိုက်တာ"

ဦးလွှမ်းနောင်သည် သမီးဖြစ်သူကို တစိမ့်စိမ့်ကြည့်ရင်း တပြုံး





ပြုံးနှင့် သဘောကျမဆုံးနိုင်အောင် ရှိနေတော့သည်။

အခိုက်အတန့်လေးမှာတော့ စိတ်ညစ်ညူးဖွယ်ရာများ၊ စိုးရိမ်ထိတ်လန့်ဖွယ်ရာများ မေ့ပျောက်လျက် ပျော်ရွှင်ကြည်နူးလျက်ရှိနေကြသည်။

ထိုအခိုက်. . .

"ဒေါက်. . . ဒေါက်. . . ဒေါက်"

ရုတ်တရက် ပေါ်ထွက်လာသော တံခါးခေါက်သံကြောင့် သူတို့အားလုံး မျက်နှာပေါ်မှ ကြည်နူးပျော်ရွှင်မှုအရိပ်များနှင့် အပြုံးများ ရုတ်ခြည်းပျောက်ကွယ်သွားသည်။

ဦးလွှမ်းနောင် ရင်ထဲမှာ စိုးရိမ်စိတ်ကြောင့် အလုံးကြီး ဆို့တက်လာသည်။

"ဘယ်. . . ဘယ်သူလဲ"

"လွှမ်းနောင်. . . လွှမ်းနောင်. . . ငါတို့ပါဟဲ့၊ တံခါးဖွင့်ပေးပါဦး၊ အပြင်မှာ အေးလှပြီ"

မိမိတို့နှင့် ဆွေမျိုးရင်းချာလို ခင်မင်ရင်းနှီးနေသော ဒေါ်မေဇာ၏အသံကြားလိုက်မှ ရင်ထဲမှ အလုံးကြီး ပြန်ကျသွားပြီး သက်ပြင်းချနိုင်တော့သည်။

"မမေဇာတို့ လာကြတယ်"

ပြောပြောဆိုဆိုဖြင့် ဦးလွှမ်းနောင်က တံခါးသွားဖွင့်ပေးလိုက်သည်။

"နှင်းပြန်ရောက်နေမှန်းသိလို့ ငါတို့လာကြတာ"

"လာ. . . လာ. . . အထဲဝင်ကြ၊ နီမောင်ပါ ပါလာတာကိုး"

နီမောင်က ဦးလွှမ်းနောင်ကို အပြုံးဖြင့် နှုတ်ဆက်ပြီး ကေဂျာရှိရာကို တစ်ချက်လှမ်းကြည့်လိုက်သည်။ ကေဂျာ့မျက်နှာလေးမှာ



www.burmeseclassic.com

www.burmeseclassic.com



ယခင်ကနှင့် မတူဘဲ နှင်းဆန်းပန်းကဲ့သို့ လန်းဆန်းတက်ကြွနေသည်။

"တို့ဆီမှာ မုန့်တွေ ပါလာတယ်၊ ပျော်ပျော်ပါးပါး စားရအောင် ယူလာတာ"

"ကောင်းတာပေါ့ပါဟယ်"

ဒေါ်မေဇာတို့သားအမိ အိမ်ထဲ ရောက်သောအခါ တံခါးပြန် ပိတ်လိုက်သည်။

ထို့နောက် မီးဖိုနားတွင် ဝိုင်းဖွဲ့ပြီး ပျော်ပျော်ပါးပါး စား သောက်ကြသည်။

အသားခြောက် မီးကင်တစ်ကိုက်၊ ခေါင်ရည်တစ်ကျိုက်နှင့် ဆုံတောင့်ဆုံခဲ မိသားစုလေးများမှာ ချမ်းမြေ့ပျော်ရွှင်နေကြသည်။

"မေဇာ. . ."

"ဘာလဲဟဲ့"

"ငါက မကြာခဏ ခရီးထွက်နေရတော့ နင့်တူမ ကေဂျာကို ကိုယ့်သားသမီးလို စောင့်ရှောက်ပေးပါနော်"

"စိတ်ချစမ်းပါဟယ်. . . ငါတို့က အစကတည်းက ကေဂျာကို ကိုယ့်သမီးအရင်းလို စာရင်းသွင်းထားပြီးသားပါ"

"အို. . . ဒေါ်လေးဇာကလဲ"

ကေဂျာခမျာ ဒေါ်မေဇာ၏အနှောင့်မလွတ် အသွားမလွတ် စကားကြောင့် ရှက်ကိုးရှက်ကန်း ဖြစ်သွားသည်။

မလှမ်းမကမ်းတွင် ထိုင်နေသော နီမောင်မှာလည်း အရက် ပြေ ခေါင်ရည်ခွက်ကို ယူပြီး တစ်ကျိုက်တည်း မော့သောက်လိုက်ရာ သီးလုမတတ်ဖြစ်သွားသည်။

"အေးပါဟာ. . . သူတို့ အရွယ်ရောက်လာလို့ သူတို့ချင်း သဘောကျရင် ငါက ဘာပြောစရာရှိမှာလဲ၊ ကိုင်း. . . မျက်နှာစုံညီ





မေးရဦးမယ်၊ သမီးသဘောက ဘယ်လိုလဲ"

"အို. . . အဖေကလည်း"

ကြည်နူးသဘောကျစွာ ရယ်မောလိုက်သံများ တဲအတွင်း၌ ပျံ့လွင့်သွားစဉ်မှာ အပြင်ဘက်မှ တံခါးခေါက်သံ တစ်ချက်ထွက်ပေါ် လာသည်။

"ဒေါက်. . . ဒေါက်. . . ဒေါက်"

ထိုတံခါးခေါက်သံ ကြားလိုက်ရသည်နှင့် ရယ်မော ပျော်ရွှင် နေသော သူတို့အားလုံး၏မျက်နှာပေါ်မှ အပြုံးများ ရုတ်ချည်းရပ်တန့် သွားလေတော့သည်။

"ဒေါက်. . . ဒေါက်"

"ဘယ်သူလဲ"

"ကျုပ်တို့ပါဗျ. . . တံခါးဖွင့်စမ်းပါအုံး"

"ဟင်"

ဦးလွမ်းနောင်ရင်ထဲမှာ မိုးကြိုးပစ်သံလို ဆူညံသွားတော့သည်။ ကတုန်ကယင် ခြေလှမ်းများဖြင့် သွား၍တံခါးဖွင့်ပေးလိုက်သည်။ တံခါးဝတွင် မြေပိုင်ရှင်ကြီး ဦးလဘန်ဆိုင်း၏လူယုံတော် ဇန်ထွန်းနှင့် နောက်လိုက်သုံးယောက်တို့ကို တွေ့ရသည်။

၎င်းတို့တွင် သေနတ်များ ပါလာကြသည်။

"ဘယ့်နှယ့်လဲ ဦးလွမ်းနောင်၊ ခင်ဗျားကို တွေ့ရဖို့ကလဲ မလွယ်ပါလား၊ အခုအချိန်မျိုး လာမှပဲ တွေ့ရတော့တယ်"

"ကျုပ်. . . ကျုပ် ခရီးလွန်နေလို့ပါ"

"အေးဗျာ. . . ခင်ဗျားခရီးထွက်တာကလည်း တစ်နှစ်လုံး ခရီး သလို ဖြစ်နေတော့တာပဲ၊ အခု ဝိုင်းဖွဲ့ပြီး ကောက်သစ်စားပွဲ လုပ်ကြ မလို့လား"



www.burmeseclassic.com

www.burmeseclassic.com



ဇန်ထွန်းက အခန်းတွင်း မျက်စိတစ်ချက် ဝေ့ကြည့်ရင်း မေးလိုက်သည်။

“ဒီနှစ်တော့ မတတ်နိုင်လို့ ဘာမှမလုပ်နိုင်ပါဘူးကွယ်၊ ကျုပ်လဲ ခရီးသွားရာက အခုမှ ပြန်ရောက်တာပါ”

“ဒီလိုဆိုလဲ အဆင်သင့်တာပေါ့ဗျ၊ ခင်ဗျားကို ကျုပ်တို့သူဌေးမင်းက ခဏလေး တွေ့ချင်လို့ လိုက်ခဲ့ပါဦး”

ထိုစကားကြောင့် ဦးလွှမ်းနောင်မှ တုန်လှုပ်မှု ဖြစ်သွားပြီး နောက်သို့ တွန့်သွားလေသည်။

“ကျုပ်. . . ကျုပ်မှာ အခုလောလောဆယ် လယ်ခတွေ ပေးစရာ မရှိသေးလို့ မလိုက်ပါရစေနဲ့ဦး ကိုယ်စားလှယ်ကြီးရယ်”

ဟု သနားစဖွယ် တောင်းပန်ရှာသည်။

ဇန်ထွန်းက ခေါင်းကို တွင်တွင်ယမ်းလိုက်ပြီး. . .

“မရဘူးလေ. . . ကြွေးပေးနိုင်တာ မပေးနိုင်တာက ခင်ဗျားအပိုင်း၊ ရအောင် ခေါ်သွားရမှာက ကျုပ်အပိုင်းပဲ၊ သူဌေးက ခင်ဗျားကို အရေးတကြီး တွေ့စရာကိစ္စလေးလဲ ရှိနေတယ် ဦးလွှမ်းနောင်”

ဇန်ထွန်းက နှင်းကာအင်္ကျီကြီးကို ဘေးဖယ်၍ ခါးထောက်ရင်း စကားပြောရာ ၎င်းခါးတွင် ထိုးထားသော သေနတ်တစ်လက်ကို မြင်ရသည်။ သေနတ်ဒင်မှာ မီးရောင်ကြောင့် အရောင်တလက်လက် ထွက်နေသည်။

ထိုသေနတ်သည် ဇန်ထွန်း ကြွေးတောင်းသည့်အခါတိုင်း ကိုင်ဆောင်လေ့ရှိပြီး မိမိအား ကလန်ကဆန် ပြုလုပ်သော လယ်သမားများအား ထိုသေနတ်ကို ပြပြီး ခြိမ်းခြောက်အနိုင်ကျင့်လေ့ရှိသည်။

“ကျုပ်. . . ကျုပ် နောက်မှ လိုက်လာခဲ့လို့ မရဘူးလား ကိုယ်





စားလှယ်တော်ကြီး”

“မရဘူးလေ. . . ခင်ဗျားကို တွေ့ရင် တစ်ခါထဲ ခေါ်လာရမယ်လို့ သူဌေးက မှာလိုက်တယ်၊ ကျုပ်သိသမျှတော့ ဒီနှစ်သစ်ကူးကာလမှာ ခင်ဗျားကို ကြွေးတောင်းလိမ့်မယ် မထင်ဘူး၊ မင်္ဂလာရှိတဲ့စကားမျိုး ပြောလိမ့်မယ် ထင်တာပဲ၊ စိတ်မပူပါနဲ့. . . လိုက်မှာသာ လိုက်ခဲ့စမ်းပါဗျာ”

ထိုစကားပြောနေချိန်မှာ မီးဖိုနံဘေးဝယ် မျက်နှာငယ်လေးဖြင့် ထိုင်နေသော ကေဇာရှိရာသို့ ကွက်ကနဲ တစ်ချက်လှမ်းကြည့်လိုက်သည်။ ကေဇာ့ခမျာ မီးရောင်ဖြင့် လက်ကနဲဖြစ်သွားသော ဇန်ထွန်းမျက်လုံးနှင့် အကြည့်ချင်း ဆုံမိုက်တွင် ရင်ထဲမှာ တုန်လှုပ်သွားလေသည်။

“ကျုပ် ဒီညကြီးတော့ မလိုက်ပါရစေနဲ့”

“တော်စမ်းဗျာ. . . ကျုပ်စိတ်မရှည်တော့ဘူး၊ လိုက်မလား မလိုက်ဘူးလား. . . တစ်ခွန်းပဲပြော”

တဲအတွင်းမှာ ဇန်ထွန်း၏အသံမှာ ကျားဟိန်းသံကဲ့သို့ ဟိန်းထွက်သွားသည်။

“အဖေ”

အခန်းထောင့်မှာ ထိုင်နေသော ကေဇာ နေရာမှ ထလာသည်။ ဇန်ထွန်းက ကေဇာ၏လှပသောမျက်နှာလေးကို မြင်သောအခါ စောစောက တင်းမာခက်ထန်နေသော မျက်နှာမှာ ချက်ချင်း ချိုမြသွားတော့သည်။

“စိတ်မပူပါနဲ့ကွယ်. . . တို့ရဲ့သူဌေးက သဘောကောင်းပါတယ်၊ မင်းရဲ့အဖေကို ဘာမှ ဒုက္ခမရောက်စေရပါဘူး၊ ဒါပေမယ့် အပေးအယူတစ်ခုတော့ ရှိရလိမ့်မယ်၊ ဒါကလဲ မင်းနဲ့ မင်းအဖေရဲ့



www.burmeseclassic.com

www.burmeseclassic.com



သဘောထားပေါ်မှာ မူတည်နေတယ်လေ၊ မင်းကို ကြည့်ရတာ သ
ပြီး စိုးရိမ်နေတဲ့ပုံမျိုးပဲ၊ တို့က လူတွေကို အကြောင်းမဲ့ မနှိပ်စက်ကြ
ဘူး၊ သိပ်မစိုးရိမ်ပါနဲ့ . . . အလုတွေ ပျက်ကုန်ပါ့မယ်"

ဇန်ထွန်း၏ရိသဲ့သဲ့ စကားများကြောင့် နီမောင် နေရာမှ
ရန် ဟန်ပြင်လိုက်ရာ ဒေါ်မေဇာက လက်ကို ဆွဲထားလိုက်မှ ငြိမ်သွ
သည်။

"ကဲ . . . အချိန်မရှိဘူး၊ သွားကြရအောင်"

ဇန်ထွန်းက ဦးလွှမ်းနောင်လက်ကို ဆွဲ၍ အပြင်ထွက်ရ
ဟန်ပြင်လိုက်သည်။

"နေအုံး . . . နေအုံး"

နီမောင် နေရာမှ ထလာသည်။

ဇန်ထွန်းတို့အဖွဲ့က နီမောင်ကို သတိဖြင့် ကြည့်လိုက်ဝ
သည်။

နီမောင်က မည်သူ့ကိုမှ ဂရုမစိုက်ဘဲ နေရာမှ ထလာပြ
မိမိဝတ်ထားသော နှင်းကာအင်္ကျီနှင့်ခေါင်းစွပ်ကို ချွတ်ပြီး ဦးလွှမ်းနော
ကို ပေးလိုက်သည်။

"အပြင်မှာ သိပ်အေးတယ်၊ ကျွန်တော့်အင်္ကျီနဲ့ခေါင်းစွပ်ကို
ယူသွားပါ ဆလိုင်း"

"နေ . . နေပါစေကွယ်"

ဦးလွှမ်းနောင်က အားနာစွာဖြင့် ငြင်းနေသဖြင့် နီမောင်က
ဘာမှဆက်မပြောတော့ဘဲ အင်္ကျီနှင့်ခေါင်းစွပ်ကို ဦးလွှမ်းနောင် လက်
ထဲသို့ ထိုးထည့်ပေးလိုက်သည်။

"ကျေး . . . ကျေးဇူးပါပဲကွယ်"

ထို့နောက် ဇန်ထွန်းတို့အဖွဲ့သည် ဦးလွှမ်းနောင်ကို အပြင်သို့





မွဲထုတ်သွားကြသည်။

"အ . . အဖေ"

ကေဂျာက တစ်ခွန်းလှမ်းခေါ်ပြီး မျက်နှာကို လက်ဝါးဖြင့်
အုပ်ကာ ရှိုက်ကြီးတငင် ငိုချလိုက်သည်။

ကြီးမေက ထလာပြီး ကေဂျာအား ထွေးပွေ့၍ နှစ်သိမ့်မှု
ပေးသည်။

"တိတ်ပါတော့ သမီးရယ်၊ သူတို့ လွှမ်းနောင်ကို အပြီးခေါ်
သွားကြတာမှ မဟုတ်တာ၊ သူတို့ ကြွေးမည်ကိစ္စလေးတွေ ပြောပြီး
ဆိုပြီးရင် ပြန်လွှတ်လိုက်မှာပါကွယ်"

"ရက်စက်လိုက်ကြတာ ကြီးမေရယ်၊ နှစ်ကူးချိန်လေးတောင်
ပြီးအောင် မစောင့်ဘူး၊ တိရစ္ဆာန် ဖမ်းသလို ဖမ်းခေါ်သွားကြတယ်၊
သူတို့တွေမှာ လူစိတ်မှ ရှိကြသေးရဲ့လားမသိဘူး"

ထိုအခါ ဒေါ်မေဇာကလည်း အနီးကပ်လာပြီး နှစ်သိမ့်မှု
ပေးသည်။

"သူတို့ကတော့ ဒီလိုပဲ၊ တို့လိုဆင်းရဲသားတွေအပေါ်မှာ လူလို့
တောင် မှတ်ထားတာ မဟုတ်ဘူး၊ ဘာမှအားမငယ်နဲ့ ကေဂျာ၊ နင့်
အဖေ ပြန်မလာမချင်း ဒီမှာ အစားအသောက်တွေ လုပ်ရင်း တို့
ဒီမှာစောင့်နေပေးမယ်"

"ဟုတ်တယ် ကေဂျာ၊ ဆလိုင်းမရှိလဲ ဘာမှအားမငယ်နဲ့၊
နင့်ကို မဲ့တစ်ပေါက် မစွန်းရအောင် ငါတို့ စောင့်ရှောက်ပေးမယ်"

နီမောင်ကပါ ဝင်ပြောသောအခါ ကေဂျာရင်ထဲမှာ စိုးရိမ်
ပူပန်စိတ်ကလေးများ အတန်ငယ် လျော့ပါးသွားပြီး ပါးပြင်ပေါ်မှ
မျက်ရည်စများ သိမ်းလိုက်သည်။

အပြင်ဘက်မှာ နှင်းမှုန်နှင်းစက်များက ပိုမိုသိပ်သည်းစွာ ကျ



www.burmeseclassic.com

www.burmeseclassic.com



နေပြီး အအေးဓာတ်က ပိုကဲလာသော်လည်း ကေဂျာတို့ တဲအတွင်း လူများ၏ရင်ထဲမှာတော့ မီးဖိုမှ မီးတောက်များသဖွယ် ပူလောင်မြဲ လျက်ရှိနေတော့သည်။





# အခန်း (၃)

# ချုပ်နှောင်လာသောနှောင်ကြိုး

ဦးလဘန်ဆိုင်း. . .။

မြေပိုင်ရှင် သူဌေးကြီးဟူသော ဂုဏ်ပုဒ်ဖြင့် ဦးတပ်ခေါ်ကြသော်လည်း အသက်လေးဆယ်ကျော် လူလတ်ပိုင်းအရွယ်မျှသာ ရှိသေး၏။

မျက်နှာပြင်ပေါ်တွင် နှုတ်ခမ်းမွေးစစနှင့် ခန့်ထည်သော ဥပမိရုပ် ရှိရုံသာမက ခက်ထန်ကြမ်းတမ်းသောအသွင်ရှိသည်။ လယ်သမားယာသမားများထံမှ ကြွေးဖြင့် မတရား သိမ်းပိုက်ထားသော လယ်ယာမြေ အမြောက်အမြားတို့ကို ပိုင်ဆိုင်ရုံသာမက ပြိတ္တာအရာရှိများအား သင့်တင့်အောင် ပေါင်းပြီး ဘိန်းကုန်ကူးခြင်း၊ သစ်ခိုးခုတ်ခြင်း



www.burmeseclassic.com

www.burmeseclassic.com



များ လုပ်ကိုင်လျက်ရှိသည်။

ဧင်းနေသော ခြံကျယ်ကြီးမှာ ဆန်ဂေါင်ရွာအလွန် တောင်ကုန်းတစ်ခုပေါ်တွင် တည်ရှိပြီး ဟော်နန်းကြီးတစ်ဆောင်ကဲ့သို့ခမ်းနားကျယ်ဝန်းလှသည်။

တစ်ကေခန့် ကျယ်ဝန်းသောမြေပေါ်တွင် ထင်းရှူးပင်၊လိမ္မော်ပင်၊ သစ်တော်ပင်များ စနစ်တကျ စိုက်ပျိုးထားလျက် အလယ်တွင် မဟော်ဂနီရောင် တောက်လျက်ရှိသော အိမ်ကြီးတစ်လုံးရှိသည်။

ဧင်းအိမ်ကြီးမှာ ဦးလဘန်ဆိုင်း၏စံအိမ်တော်ကြီးဖြစ်ပြီး အတွင်း၌ အခန်းပေါင်းများစွာ အဆောင်ပေါင်းများစွာဖြင့် ဖွဲ့စည်းတည်ဆောက်ထားသည်။

နှင်းများ တဖွဲဖွဲ ကျဆင်းလျက်ရှိသော ယခုလိုညတွင် ဦးလဘန်ဆိုင်း၏ခြံကျယ်ကြီးထဲ၌ မီးရောင်စုံများ ထွန်းညှိထားပြီး အင်လျင်အင်နန်ရှားပွဲတော်ကို ကြီးကျယ်ခမ်းနားစွာ ကျင်းပလျက်ရှိသည်။

ဧင်းပွဲတွင် ဖိတ်ကြားထားသော မြေပိုင်ရှင်၊ ယာပိုင်ရှင်များ၊ ဘိန်းကုန်သည်များ၊ သစ်ကုန်သည်များအပြင် ဗြိတိသျှ မျက်နှာဖြူတို့လည်း ရောက်နေကြသည်။

ဧင်းတို့သည် ခေါင်ရည်ဝိုင်း၊ အရက်ဝိုင်းများ ဖွဲ့ကာ ပျော်ပျော်ပါးပါး သောက်စားမူးယစ်နေကြသည်။ အချို့က ဓာတ်စက်မှ ဖွင့်ထားသော တေးသွားများအတိုင်း ယောကျ်ားနှင့်မိန်းမ တွဲကာ စည်းချက်ဝါးချက်ညီညီ ကနေကြသည်။

သူဌေးကြီးအိမ်တွင် အလုပ်လုပ်နေကြသော အစေခံ မိန်းကလေးများမှာ ဟိုဝိုင်းမှသည်ဝိုင်း ကူးကာ လက်မလည်အောင် လုပ်ကိုင်ပေးနေရသည့်ကြားမှ အရက်မူးစပြုနေသော လူအချို့၏ထိကပါးရိကပါး ပြုလုပ်ခြင်းကို ခံနေရသည်။





မိန်းကလေးများမှာ အကြောင်းအမျိုးမျိုးတို့ဖြင့် သူဌေးကြီးအိမ်သို့ ရောက်နေကြရပြီး အတော်များများမှာ ဘဝပျက်ခဲ့ရသူကလေးများဖြစ်ကြသည်။

ဧင်းတို့မှာ ဧည့်သည်များ၏ထိကပါးရိကပါး ပြုလုပ်ကြသည်ကို မနှစ်မြို့ကြသော်လည်း သူဌေးကြီး ငြိုငြင်မည်စိုးသောကြောင့် ကြိတ်မှိတ်နေကြရရှာသည်။

အချို့မိန်းကလေးများဆိုလျှင် မီးရောင်အောက်တွင် အပြုံးကလေးများဖြင့် ဟန်လုပ်နေရသော်လည်း အမှောင်ရိပ်တွင် မျက်ရည်သုတ်နေရရှာ၏။

ထိုအချိန်တွင် ခြံဝန်းအတွင်းသို့ ဇန်ထွန်းတို့အဖွဲ့ ပြန်ရောက်လာသည်။

သူတို့သည် ခြံဝန်းအတွင်း ရောက်သည်နှင့် အအေးဒဏ်ပြေပျောက်စေရန် အရက်တစ်ခွက်စီ မော့သောက်လိုက်ကြပြီး ဇန်ထွန်းက ဦးလွမ်နောင်အား ခေါ်ဆောင်လာသည်။ ထို့နောက် သူဌေးကြီး ဦးလဘန်ဆိုင်း ရှိရာသို့ ပို့ပေးသည်။

"ဦးလွမ်နောင်ကို ခေါ်လာခဲ့ပါပြီ သူဌေးမင်း"

"အော်. . . မင်းပြန်လာပြီလား ဇန်ထွန်း၊ မင်းတော်တယ်ဟေ့၊ ဦးလွမ်နောင်ကို ငါ့အခန်းထဲ ခေါ်လာခဲ့ပါကွာ"

ဇန်ထွန်းက ဦးလွမ်နောင်ကို သူဌေးကြီးရှိရာ အခန်းတွင်းသို့ ခေါ်လာခဲ့သည်။

"ထိုင်ပါ ဦးလွမ်နောင်၊ မတွေ့ရတာတောင် အတော်လေးကြာပြီ၊ ခင်ဗျားဆီ သွားတိုင်းလဲ တစ်ခါမှ မတွေ့ရဘူး၊ အလုပ်တွေ သိပ်များနေတယ် ထင်တယ်"

"ဒီ. . ဒီလိုပါ သူဌေးမင်း၊ ကျွန်တော်ပေးစရာ ကြွေးမြီလေး



www.burmeseclassic.com

www.burmeseclassic.com



တွေ အမြန်ဆုံး ဆပ်နိုင်အောင် ကြိုးစားရှာဖွေနေရလို့ပါ၊ ဘယ်လို
မထင်ပါနဲ့"

ဦးလဘန်ဆိုင်း မျက်နှာပြင်ပေါ်တွင် သရော်ပြုံး တစ်ချက်ပြု
လိုက်လေသည်။

"ထားပါတော့ဗျာ. . . တဲ. . . ထိုင်ပါဦး၊ ဟေ့. . . ဇန်ထွန်း
ဦးလွမ်းနောင်ကို အရက်တစ်ခွက် ငှဲ့ထည့်ပေးလိုက်ပါကွာ၊ သိပ်ချမ်း
ပုံရတယ်"

ဇန်ထွန်းက အရက်တစ်ခွက် ငှဲ့ယူလာပြီး ဦးလွမ်းနောင်က
လာပေးသည်။ ဦးလွမ်းနောင်က ဇန်ထွန်း ပေးသော အရက်ခွက်က
တုန်တုန်ယင်ယင်ဖြင့် လှမ်းယူလိုက်ကာ တစ်ကျိုက်တည်းနှင့် မော
သောက်ပစ်လိုက်သည်။

ထိုအခါမှ ရင်ထဲမှာ နွေးသွားပြီး အတန်ငယ် နေသာထိုင်သာ
ရှိသွားတော့သည်။

"ဒီလိုဗျ ဦးလွမ်းနောင်ရဲ့၊ ကျုပ် ခင်ဗျားအပေါ်မှာ ဘယ်အထိ
ကောင်းခဲ့တယ်၊ လိုက်လျောခဲ့တယ်ဆိုတာ ခင်ဗျားအသိဆုံးပဲ၊ ခင်ဗျား
ဘက်ကျတော့ ကျုပ်အပေါ်မှာ ဘာမှတုံ့ပြန်မှု မရခဲ့ဘူး"

"ကျ. . ကျွန်တော်လဲ သူဋ္ဌေးကြွေးတွေကို အမြန်ပေးနိုင်
အောင် ကြိုးစားနေပါတယ်"

"ဒါကိုပြောတာ မဟုတ်ဘူးဗျ၊ တခြားသူတွေဆို သားငါးဆို
သားငါး၊ သစ်သီးဆိုသစ်သီး၊ ပျားရည်၊ အရက်ကောင်းပေ့ညွှန့်မေ
ဆိုရင် ဦးဦးဖျားဖျား ကျုပ်ဆီကို ပို့ပေးကြတယ်၊ ခင်ဗျားကျတော့. . ."

"ကျွန်တော့်မှာ ဘာမှပို့ပေးစရာ မရှိလို့ပါ သူဋ္ဌေးမင်း"

ဦးလဘန်ဆိုင်းက ရယ်နေသည်။

"ခင်ဗျား ကျုပ်ဆီက ယူထားတဲ့ကြွေးတွေ အတိုးရော အရင်





ပေါင်းရင် အတော်များနေပြီ၊ အဲဒါတွေရော ဘယ်လိုပြန်ဆပ်မှာ
တုန်း"

"ကျွန်တော် ဒီနှစ်မကြေလဲ နောင်နှစ်တော့ ပြီးအောင် ဆပ်
ပေးပါ့မယ်. . . သည်းခံပါ"

"ဒီလိုပြောပေါင်းလဲ များပြီ၊ ဒီနှစ်တော့ သည်းမခံနိုင်တော့ဘူး
ဗျ၊ ကြေအောင် ဆပ်နိုင်ရင်ဆပ်၊ မဆပ်နိုင်ရင်တော့ တရားဥပဒေ
အရ အရေးယူရလိမ့်မယ်"

ထိုစကားကြားသောအခါ ဦးလွမ်းနောင် အထိတ်တလန့် ဖြစ်
သွားလေသည်။

"ဒီလိုတော့ မလုပ်ပါနဲ့ သူဋ္ဌေးမင်းရယ်၊ ကျွန်တော်မရှိရင်
ကျွန်တော့်သမီးလေး ဒုက္ခရောက်မှာစိုးလို့ပါ"

"ခင်ဗျားသမီး ဒုက္ခမရောက်စေချင်ရင် လွယ်ပါတယ်ဗျာ၊ ချမ်း
သာတဲ့ဆီ ပို့ထားလိုက်ရင် ပြီးတာပဲ မဟုတ်လား"

"ဗျာ. . ."

ရိုးသားသော ဦးလွမ်းနောင်အဖို့ စကား၏အဓိပ္ပာယ်ကို နား
လည်နိုင်အောင် ဖြစ်သွားသည်။

ထိုအခါ ဇန်ထွန်းက ဝင်ပြောသည်။

"ခင်ဗျားကလဲဗျာ. . . အ,ရန်ကော၊ ခင်ဗျားတို့ကို သနားလို့
ကျုပ်တို့သူဋ္ဌေးက ဒီစကားမျိုး ပြောတာ၊ သူပြောတဲ့အတိုင်း လုပ်ရင်
ခင်ဗျားသိပ်ကြောက်နေတဲ့ကြွေးတွေလဲ ပေးစရာ မလိုတော့ဘူး၊
ခင်ဗျားသမီးလေးလဲ ချမ်းချမ်းသာသာနဲ့ တစ်သက်လုံး နေသွားရမယ်"

"ဘယ်လို. . . ဘယ်လို"

"ဟုတ်တယ်လေ. . . အခု ကျုပ်တို့သူဋ္ဌေးမှာ လူလိုနေတယ်၊
ဒါ ခင်ဗျားသမီး ကေဂျာကို ပေးလိုက်ရင် ဒီကိစ္စတွေအားလုံး ပြီး



www.burmeseclassic.com

www.burmeseclassic.com



သွားမယ်”

“မဖြစ်နိုင်ဘူး. . . မဖြစ်နိုင်ဘူး၊ အဲဒီလိုတော့ ဘယ်နည်း မဖြစ်နိုင်ဘူး”

ဦးလွမ်နောင်က အထိတ်တလန့် ငြင်းလေသည်။

“ဒီလိုဆိုလဲ အလွယ်လေးပါဗျာ၊ ခင်ဗျားအပေါ်မှာ ရစရာ ကြွေးတွေ သတ်မှတ်ရက်မှာ ပေးပေါ့၊ မဟုတ်ရင်တော့ အခု ဗြိတိသျှအရာရှိတွေလဲ ရောက်နေတယ်၊ တစ်ခါထဲ အကြောင်းကြ ဖမ်းခိုင်းလိုက်ရုံ ရှိတာပေါ့”

“ဒီလိုတော့ မလုပ်ကြပါနဲ့ဗျာ”

“ဒါဖြင့် ကျုပ်ပြောတာကို လက်ခံမှ ဖြစ်မှာပေါ့”

“ကျုပ်သဘောတစ်ခုနဲ့တော့ မလုပ်ပါရစေနဲ့၊ သမီးလေး တိုင်ပင်ပါရစေဦးဗျာ”

“ရပါတယ်. . . ဒါပေမယ့် ဒီစာချုပ်ပေါ်မှာတော့ ခင် သဘောတူကြောင်း လက်မှတ်ရေးထိုးခဲ့ရလိမ့်မယ်”

“ဗျာ”

“ဟုတ်တယ်လေ. . . ဒါမှ ခင်ဗျား ထွက်မပြေးနိုင်မှာ တကယ်လို့ ခင်ဗျားဘက်က ပျက်ကွက်ရင် စာချုပ်ထဲကအတ ဥပဒေအရ ဆောင်ရွက်ရုံ ရှိတာပေါ့၊ ဟေ့. . ဇန်ထွန်း၊ သူ့ကို စာ ပေးလိုက်”

ဇန်ထွန်းက စားပွဲပေါ်၌ အသင့်ချထားဟန်ရှိသောစာချုပ် လက်မှတ်ထိုးရန် ‘ပတ်ကား’ ဖောင်တိန်ကို ယူလာပေးသည်။

ဦးလွမ်နောင် စာချုပ်ကို ယူကြည့်လိုက်သော်လည်း မ ဝါးဝါးဖြင့် ဘာတစ်ခုမှ သဲကွဲစွာ မမြင်ရပေ။

အကယ်၍ မြင်ရသည့်တိုင်အောင် စာမတတ်သောကြော





မှဖတ်တတ်ရှာပေ။

ဇန်ထွန်းက လက်မှတ်ထိုးရမည့်နေရာကို ပြပေးသည်။ ဦးလွမ်နောင် တုန်တုန်ယင်ယင်ဖြင့် စာချုပ်ပေါ်တွင် ကြက်ခြေခတ်၍ လက်မှတ်ထိုးပေးလိုက်သည်။

ဦးလဘန်ဆိုင်းမျက်နှာပေါ်တွင် သဘောကျ ကျေနပ်မှုအရိပ်များ ယှက်သန်းသွားလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com





## အခန်း (၄)

# အားကိုးအားထား မှားကြခြင်း

နှင်းများက အဆုပ်လိုက်အခဲလိုက် ကျဆင်းနေသည်။ အချို့နေရာများတွင် လမ်းဟူ၍ မမြင်နိုင်လောက်အောင် ပိတ်ဆီးနေသည်။

အေးလိုက်တာကလည်း အရိုးကွဲလုမတတ်အောင်ပင်။

ဦးလွှမ်းနောင် ကိုယ်ပေါ်တွင် နီမောင်ပေးလိုက်သော နှင်းကာအကျီနှင့်ခေါင်းစွပ် ပါလာသော်လည်း ထိုမျှ အအေးဒဏ်ကို လုံခြုံနွေးထွေးအောင် မစွမ်းသာပေ။

အပြင်မှာ အသည်းခိုက်အောင် အေးနေသော်လည်း ဦးလွှမ်းနောင် ရင်ထဲမှာတော့ ငရဲမီးတမျှ ပူလောင်လျက်ရှိနေသည်။

"ငါ့သမီးလေးကို ပေးရတော့မယ်၊ ငါ့သမီးလေးကို အပ်ရ



www.burmeseclassic.com

www.burmeseclassic.com



တော့မယ်”

ဟူသောစိတ်က ရင်ထဲမှာ ပဲ့တင်ထပ်လျက်ရှိသည်။

ထို့နှင့် တစ်ဆက်တည်း. . .

“ကျုပ်တို့ဆီကို လာပို့ရင်ပို့၊ မပို့ရင်.(၇)ရက်ပြည့်ရင် ကျုပ်တို့ လာခေါ်မယ်”

ဟူသော ဦးလဘန်ဆိုင်း၏အသံကြီးကို ပြန်လည်ကြားယောင်နေမိလေသည်။

“မဖြစ်ဘူး. . . ဒါ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး၊ ငါ့သမီးလေးကိုတော့ ဒီလိုလူမျိုးတွေ လက်ထဲကို ဘယ်နည်းနဲ့မှ ဝကွက်မပေးလိုက်နိုင်ဘူး၊ ငါဘယ်လိုကြံမလဲ၊ ဘယ်လိုကြံရင် ကောင်းမလဲ”

ထိုသို့ တစ်ယောက်တည်း တွေးရင်း လျှောက်လာရာ နှင်းများထူထပ်စွာ ကျရောက်နေသဖြင့် လျှောက်နေရင်း လမ်းစ,ပျောက်သွားလေတော့သည်။

စမ်းတဝါးဝါးနှင့် လျှောက်ရင်း ရွာဆီသို့ ပြန်မရောက်တော့ဘဲ တောင်ခြေတဝိုက်တွင် မျက်စိလည်နေတော့သည်။ အရုဏ်တက်ချိန်နီးလာပြီဖြစ်သောကြောင့် နှင်းများကလည်း ပိုမိုကျဆင်းလာသည်။

ရှေ့တစ်လံကွာ နှစ်လံကွာလောက်ပင် သဲသဲကွဲကွဲ မမြင်နိုင်တော့ပေ။

ညဦးပိုင်းကတည်းက ဘာမှမစားရသေးသော ဦးလွမ်နောင်အဖို့ ဝမ်းထဲကလည်းဟာ စိတ်ကလည်း ထိခိုက်လွန်းလှသဖြင့် ခြေလှမ်း,မမှန်တော့။ ကယိမ်းကယိုင် ဖြစ်လာသည်။ ထိုအချိန်တွင် နားလို့ကလည်း မဖြစ်တော့။

သည်မျှအေးသော နှင်းတောထဲမှာ ရပ်လိုက်တာနဲ့ ချက်ချင်းသေွးခဲပြီး သေသွားနိုင်သည်။





ထို့ကြောင့် အားတင်းပြီး လျှောက်လာသည်။

ထိုသို့လျှောက်နေရင်း တစ်နေရာအရောက်တွင် တောင်စွန်းတစ်ခုတွင် တင်နေသောနှင်းခဲကို တက်နင်းမိပြီး ခြေချော်၍ အောက်သို့ ပြုတ်ကျသွားလေတော့သည်။

အချိန်မည်မျှကြာအောင် သတိမေ့သွားသည် မသိပေ။ နွေးထွေးမှုကြောင့် သူသတိပြန်ရလာသောအချိန်တွင် တဲတစ်လုံးအတွင်းသို့ ရောက်နေကြောင်း သိရသည်။

နံဘေးနားတွင် ဖိုထားသောမီးဖိုမှ မီးအပူရှိန်ကြောင့် သတိပြန်ရလာခြင်းဖြစ်သည်။

ဦးလွမ်နောင် နေရာမှ ကျိုးထနေစဉ် နှင်းကာအကျီများအသီးသီး ဝတ်ဆင်ထားသော လူအချို့ သူ့အနီးသို့ ရောက်လာကြသည်။

“ဒီလောက် ရာသီဥတုဆိုးဝါးချိန်မှာ ကိစ္စဘယ်လောက်များအရေးကြီးလို့ အပြင်ထွက်တာလဲ ဆလိုင်း”

“ခင်ဗျားတို့ ဘယ်သူတွေလဲ”

“ကျုပ်တို့ ဘယ်သူတွေလဲဆိုတာက အရေးမကြီးပါဘူး. . . ဆလိုင်း ဘယ်က ပြန်လာတာလဲ”

“ကျုပ်. . ကျုပ် ဦးလဘန်ဆိုင်းအိမ်က ပြန်လာတာ”

“တန်တော့ ခင်ဗျားကို ခေါ်ပြီး တစ်ခုခု ဒုက္ခပေးလိုက်ပြန်ပြီမဟုတ်လား”

“ဟုတ်တယ်. . ဟုတ်တယ်၊ ခင်ဗျားတို့ ပြောတဲ့အတိုင်းပဲကျုပ်ကို ဒုက္ခပေးလိုက်ကြပြန်ပြီ၊ တစ်ပတ်အတွင်း ကျုပ်သမီးလေးကိုသူ့ဆီ ပို့ပေးရမယ်တဲ့၊ ဘယ်လောက်များ ရိုင်းလိုက်သလဲလို့. . . စဉ်းစားကြည့်ကြစမ်းပါ”



www.burmeseclassic.com

www.burmeseclassic.com



"ဒီလူကြီးကတော့ သူ့ပထွေးတွေအားကိုးနဲ့ လူတွေကို အမျိုးမျိုး ဒုက္ခပေးနေတော့တာပဲ၊ တစ်နေ့နေ့တော့ အဲဒီဝဋ်ကြွေးတွေကို သူ ကောင်းကောင်းပြန်ပေးရမှာ မကြာတော့ပါဘူး၊ ကဲ. . .ဘာမှ တွေးပြီး စိတ်မကောင်းဖြစ်မနေနဲ့၊ ခင်ဗျားကရော ဘယ်လိုဆုံးဖြတ်ထားသလဲ"

ဦးလွမ်နောင် အံကို တင်းတင်းကြိတ်လိုက်သည်။

"ဘယ်တော့မှ သူပြောတဲ့အတိုင်း မလုပ်ဘူး၊ ကျုပ်ရဲ့မိတဆိုး သမီးလေးကို ဒီလို ငရဲတွင်းထဲကို ဘယ်လိုအဖေကမှ ရက်ရက်စက်စက် ထည့်မှာမဟုတ်ဘူး၊ ဒီရက်အတွင်းမှာ သူ့ကြွေးဆပ်နိုင်အောင် ရှာမယ်"

"ဒီအတိုင်းပဲ ဖြစ်သင့်ပါတယ်၊ ကိုင်း. . . မိုးလင်းလာပြီ၊ နှင်းလဲ အတော်ပါးသွားပြီ၊ ဆလိုင်း ရွာကို ပြန်နိုင်အောင် ကျုပ်တို့လမ်းပြပေးမယ်၊ လာ. . . လာ"

ထိုသူများ လမ်းပြပေးလိုက်သောကြောင့် ဦးလွမ်နောင် ရွာဆီသို့ တန်းတန်းမတ်မတ် ပြန်ရောက်ခဲ့သည်။

စိတ်ထဲမှာ မိမိအား ကယ်တင်လိုက်သူများမှာ ဘယ်သူတွေဖြစ်မလဲဟု စဉ်းစားသော်လည်း အဖြေမပေါ်ပေ။

သူ့တဲဝသို့ ပြန်ရောက်လာတော့ ပတ်ဝန်းကျင်တဝိုက်အလင်းရောင် ကောင်းစွာရနေပြီဖြစ်၏။

တံခါးခေါက်လိုက်တော့ ကေဂျာ တံခါးလာဖွင့်ပေးသည်။

"ဟင်. . . အဖေပြန်လာပြီ"

ကေဂျာ ဝမ်းသာအားရ အော်လိုက်သံကြောင့် တဲအတွင်းမှ လူများ ထွက်လာကြသည်။

နီမောင်၊ ဒေါ်မေဇာနှင့် ကြီးမေတို့ ဖြစ်ကြသည်။





ဦးလွမ်နောင် တဲအတွင်း ဝင်လိုက်တော့ လူစုံတက်စုံ တွေ့ရသဖြင့် အံ့သြသွားသည်။

"ဘယ့်နှယ် လူစုံတက်စုံပါလား"

"ဟုတ်တယ်လေ. . . ညကတည်းက တို့က ပြန်မှမပြန်တာ၊ သမီးအဖော်မရှိတာနဲ့ မုန့်လုပ်ရင်း စောင့်ပေးနေကြတာ၊ ဘယ့်နှယ့်. . နင်သွားတာ အဆင်ပြေခဲ့ရဲ့လား"

ဒေါ်မေဇာက ဦးလွမ်နောင်မျက်နှာကို အကဲခတ်ကြည့်ကာ မေးလိုက်ရာ ဦးလွမ်နောင်က သက်ပြင်းတစ်ချက် ချလိုက်သည်။

"ပြေခဲ့ပါတယ်"

"ဘယ်လိုပြေခဲ့တာလဲဟဲ့၊ တို့သိအောင် ကျကျနန ပြောပြစမ်းပါဦး"

"ငါက သူဌေးကို ခြေသလုံးဖက်ပြီး တောင်းပန်ရတာပေါ့၊ ဒီလိုတောင်းပန်တော့လဲ သူကျေနပ်ပါတယ်၊ ငါ့ကို ကြွေးတွေ နောက်ပြေလည်မှပေးလို့ ပြောလိုက်တယ်"

"ဟင်. . . တကယ်လား အဖေ၊ ဝမ်းသာလိုက်တာ အဖေရယ်. . ဝမ်းသာလိုက်တာ၊ မောင်မင်းကြီးသား သူဌေးမင်းက သတင်းကြားတော့သာ ကြောက်စရာကောင်းတာ၊ ဒီလိုဆိုတော့လဲ သဘောကောင်းသားပဲ၊ ကျန်းမာပါစေ. . ချမ်းသာပါစေ"

ဝမ်းသာလွန်းသဖြင့် ဆွေ့ဆွေ့ခုန်နေသော ကေဂျာ့အား ကြည့်ကာ ဦးလွမ်နောင် စိတ်မကောင်းဖြစ်သွားမိသည်။

စိတ်ထဲမှလည်း. . .

"နင်ဘာမှမသိဘူးနော် ကေဂျာ၊ ဘာမှမသိဘူးနော်၊ တစ်ပတ်အတွင်း တို့သားအဖနှစ်ယောက် ခွဲရတော့မှာကို နင်မသိဘူးနော်၊ အဖြစ်မှန်ကိုသာ သိရင် နင်အခုလို ပျော်နေနိုင်မှာ မဟုတ်ပါဘူး



www.burmeseclassic.com

www.burmeseclassic.com



သမီးရယ်”

ထိုသို့ တိုးတိုးရေရွတ်နေမိသည်။

“နင် တကယ်ပြောတာလား လွမ်းနောင်”

ကြီးမေက ဝမ်းသာသံဖြင့် ဝင်မေးသည်။

“တကယ်ပါ ကြီးမေရာ၊ ငါတကယ်ပြောတာပါ၊ အဆင်မပြေရင် သူဌေးက ငါ့ကို ဒီလို အေးအေးဆေးဆေး ပြန်လွှတ်ပါမတဲ့လား။ နင်စဉ်းစားကြည့်ပေါ့”

“အေး. . . ဒါလဲ ဟုတ်တာပဲ”

ထိုအခါ နီမောင်က ဦးလွမ်းနောင် အနီးကပ်လာသည်။

“အခုလို နှင်းတွေ ဒီလောက်ကျနေတဲ့တောင်ပေါ်မှာ ဆလိုင်း ဘယ်လိုပြန်လာတာလဲဟင်၊ လမ်းဘယ်လိုရှာတွေ့သလဲ”

“ငါ. . . ငါ လမ်းပျောက်ပြီး ချောက်ထဲ ကျသွားတုန်း စခန်း တစ်ခုကို ရောက်သွားတယ်ကွ”

“ဗျာ. . . စခန်းတစ်ခု ဟုတ်လား”

“ဟုတ်တယ်ကွ. . . အဲဒီစခန်းမှာ လူတွေအများကြီး တွေ့ခဲ့ရတယ်၊ သူတို့ ငါ့ကို ကယ်လိုက်လို့ အခုလို ပြန်ရောက်လာနိုင်တာကွ”

“ဒါ. . . ဒါ. . .”

“ဘာလဲကွ. . . မင်းက အဲဒီလူတွေကို သိလို့လား”

“လူတွေတော့ ကျွန်တော်မသိပါဘူး၊ ဒါပေမယ့် သူတို့ ရှိနေတာကိုတော့ ကျွန်တော်သိတယ်”

“သူတို့က ဘယ်သူတွေလဲကွ”

နီမောင်က ဦးလွမ်းနောင် အနားကပ်ပြီး တိုးတိုးလေး ပြောလိုက်သည်။

“အဲဒါ တော်လှန်ရေးသမားတွေ ဖြစ်မယ်ထင်တယ်၊ ဗြိတိသျှ





နယ်ချဲ့တွေကို တော်လှန်ဖို့ တောင်ပေါ်မှာ တော်လှန်ရေးသမားတွေ စုစည်းနေကြတယ်ဆိုတာ ကျွန်တော်သိတယ်”

“ဟင်. . . ဟုတ်လား”

“ဟုတ်တယ်. . . ကျွန်တော်လဲ အဲဒီအဖွဲ့ကို သိပ်ဝင်ချင်တာ၊ အမေက မလွှတ်သေးလို့ နေရတာ၊ ဆလိုင်း စဉ်းစားကြည့်လေ၊ တိုင်းတပါးက ကျွန်တော်တို့ တိုင်းပြည်ကိုလဲ လုယူသေးတယ်၊ ကျွန်တော်တို့တွေကိုလဲ နှိပ်စက်သေးတယ်”

“အင်း. . .”

“နောက်ပြီး တိုင်းတစ်ပါးသားတွေအားကိုးနဲ့ ဒီက အရင်းရှင်တွေက ပိုပြီးယုတ်မာရက်စက်ကြတယ်”

“ဟုတ်တယ်ကွာ”

ဦးလွမ်းနောင်၏မျက်နှာပြင်ပေါ်တွင် မချိတင်ကဲ ခံစားမှုများ ယှက်သန်းလာ၏။

အခြားသူများက မီးမွှေးသူကမွှေး၊ မုန့်ဖုတ်သူဖုတ်နှင့် စကားတပြောပြောနှင့် အလုပ်ရှုပ်နေကြသောကြောင့် ဦးလွမ်းနောင်၏ အမူအယာကို မရိပ်မိလိုက်ကြသော်လည်း အနီးကပ် ထိုင်နေသော နီမောင်ကတော့ ဦးလွမ်းနောင် မျက်နှာပြင်ပေါ်မှ ကြေကွဲရိပ်များကို သတိပြုလိုက်မိသည်။

“ကျွန်တော့်ကို အမှန်အတိုင်း ပြောစမ်းပါ ဆလိုင်း၊ ဆလိုင်း ဟိုမှာ အဆင်မပြေခဲ့ဘူး မဟုတ်လား”

နီမောင် တိုးတိုးကပ်မေးလိုက်ရာ ဦးလွမ်းနောင်မျက်နှာပေါ်မှာ ကျီးကန်းတောင်းမှောက်သလို မလုံမလဲ ဖြစ်သွားသည်။ စကားသံများကိုလည်း တောဂျာတို့ ကြားသွားမည် စိုးရိမ်ဟန်ဖြင့် နီမောင်အား အမူအယာဖြင့် တိုးတိုးပြောရန် သတိပေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ရှူး. . . တိုးတိုး၊ တော်ကြာ သမီးတို့ ကြားသွားပါဦးမယ် ကွယ်၊ ဟုတ်တယ် နီမောင်၊ ငါ ဟိုမှာ အဆင်မပြေခဲ့ဘူး၊ အဆင်မပြေတဲ့အပြင် အခက်အခဲတစ်ခုပါ ဖြစ်လာခဲ့တယ်"

"ဘယ်လိုအခက်အခဲ ဖြစ်လာတာလဲ ဆလိုင်း၊ ကျွန်တော့်ကို ပြောပြစမ်းပါ"

ဦးလွမ်နောင်က ပတ်ဝန်းကျင်ကို စိတ်မချသလို တစ်ချက်ကြည့်လိုက်ပြီးမှ အကြောင်းစုံကို ပြောပြလိုက်သည်။

"တောက်. . . ဒါ သက်သက်မဲ့ ယုတ်မာတာပဲ၊ ဒီလိုဆိုရင် ခုနစ်ရက်ပြည့်တဲ့အခါ ကေဂျာကို သူတို့ လာခေါ်ကြမှာ သေချာတယ်"

"ဒီလိုတော့ ဘယ်နည်းနဲ့မှ အဖြစ်မခံနိုင်ဘူး၊ ဘယ်လိုလုပ်ရင် ကောင်းမလဲ ဆလိုင်း"

"ငါလဲ ဒါကိုပဲ စဉ်းစားနေတာပဲ"

နှစ်ယောက်သား မီးဖိုနံဘေး၌ အတန်ကြာအောင် ငြိမ်၍ စဉ်းစားနေပြီးမှ နီရမောင်က. . .

"ကျွန်တော်တို့တတွေမှာ ဒုက္ခရောက်လာရင် လည်စင်းခံကြရတယ်၊ ကယ်မယ့်သူ မရှိဘူး၊ တရားဥပဒေဆိုတာလဲ အခုအခါမှာ သူတို့ပါးစပ်ထဲမှာပဲ ရှိတာဆိုတော့ ဘယ်လိုမှ အားကိုးလို့မရဘူး၊ တစ်ခုတော့ ရှိတယ် ဆလိုင်း"

"ဘယ်လိုလဲ"

ဦးလွမ်နောင်က အားကိုးတကြီး မော့ကြည့်သည်။

"တော်လှန်ရေးရဲဘော်တွေနဲ့ ဆက်သွယ်နိုင်ရင်တော့ ကျွန်တော်တို့အတွက် အားကိုးတစ်ခု ရနိုင်တယ်"

"သူတို့တတွေက ဘယ်နေရာမှာ နေမှန်းမသိတော့ ဘယ်လိုဆက်သွယ်မလဲ"





"ရတယ်. . . ဒီတာဝန် ကျွန်တော်ယူပါ့မယ်၊ ကျွန်တော်ကလဲ သူတို့နဲ့ တွေ့ချင်လို့ အဆက်အသွယ် ရှာနေတာ၊ အခုတော့ ဘယ်လိုဆက်သွယ်ရမယ်ဆိုတာ သိသွားပြီ"

"ဆက်သွယ်တာကတော့ ဟုတ်ပါပြီ၊ အချိန်က သိပ်ရတော့တာ မဟုတ်ဘူး၊ တစ်ပတ်ပဲ ရမှာ"

"သူတို့နဲ့ အဆက်အသွယ် မရတော့လဲ တစ်မျိုးစီစဉ်ကြတာပေါ့ ဆလိုင်းရာ၊ ဒီလောက်လဲ စိတ်မပူနေပါနဲ့"

ထိုသို့ စကားကောင်းနေကြစဉ် သူတို့အနီးသို့ ဒေါ်မေဇာရောက်လာသည်။

"တူဝရီးနှစ်ယောက် ဘာတွေများ စကားလက်ဆုံကျနေတာလဲ၊ ဒီမှာ မုန့်တွေ ပေါင်းလို့ပြီးပြီ၊ လာကြ. . . ဝိုင်းဖွဲ့ပြီး စားလိုက်ကြရအောင်"

ထိုသို့လာခေါ်သဖြင့် နှစ်ယောက်သား စကားရပ်ကာ မုန့်ပွဲရာသို့ ထသွားကြလေတော့သည်။

အပြင်ဘက်မှာတော့ နှင်းများကို ထိုးဖောက်၍ နေရောင်ခြည်အလင်းတန်းများ ဖြာဆင်းကျလျက်ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၅)

# ကယ်တင်ရှင်နှင့် တွေ့ရပြီ

"နီမောင်"

"ဟင်. . . ဘာလဲ ကေဂျာ"

"နင် တနိုင်းကို ဆင်းမလို့ဆို"

"ဟုတ်တယ်ဟ"

"ဘာသွားလုပ်မှာလဲဟင်"

"တခြားတော့ ကိစ္စမရှိပါဘူး၊ အမေဝယ်ခိုင်းတဲ့ပစ္စည်းလေးတွေ ဆင်းဝယ်ပေးမလို့ပါ"

မနက်ပိုင်း နေရောင်ခြည်အောက်တွင် သိုင်းလေ့ကျင့်နေသော နီမောင်သည် စောစောစီးစီး ရောက်လာသော ကေဂျာကြောင့်



www.burmeseclassic.com

www.burmeseclassic.com



လေ့ကျင့်မှုများကို နားလိုက်သည်။

"နင် ဘာမှာချင်လို့လဲ ကေဂျာ"

"မမှာပါဘူး. . . နင်သွားရင် ငါလိုက်ချင်လို့ လာမေး
ကေဂျာစကားကြောင့် နီမောင်အံ့သြသွားသည်။

"နင်က ဘာလိုက်လုပ်မှာလဲ"

"ခုရက်တွေမှာ တနိုင်းမှာ အင်လုံအင်နန်ရှားပွဲတော် ရှိ
အရမ်းစည်တာပဲတဲ့၊ ဆင်အပြေးပြိုင်ပွဲတွေတောင် ပါတယ်၊ ငါ
ကြည့်ချင်တာပဲ နီမောင်ရယ်၊ နင့်အတွက် မရှုပ်ဘူးဆိုရင် ငါလိုက်
စေနော်"

"နင့်ကို ဦးလေးနောင်က ထည့်ပါ့မလား"

"အောင်မယ်. . . အဖေ့ကို ငါပြောပြီးပါပြီ၊ အဖေက နင်
ရင် လိုက်သွားတဲ့၊ ဘာလဲ. . . နင်က ငါ့ကို မခေါ်ချင်လို့လား

"မဟုတ်ပါဘူးဟာ. . . နင်ပင်ပန်းမှာစိုးလို့ မေးတာပါ"

ကေဂျာမျက်နှာပြင်မှာ ကျေနပ်မှုအပြုံးရိပ်ကလေးများ ယ
သန်းသွားလေသည်။

"နင် ဘယ်အချိန် သွားမှာလဲ"

"နေထွက်လာရင် သွားမှာ၊ နင်သွားမယ်ဆိုရင် အိမ်
အဆင်သင့် စောင့်နေလေ. . . ငါဝင်ခေါ်မယ်"

"နင် တကယ်ဝင်ခေါ်နော်၊ မခေါ်ရင်တော့ ငါ နင့်ကို
သက်လုံး မခေါ်တော့ဘူး"

ကေဂျာက ကလေးငယ်တစ်ဦးပမာ ပေါ့ပါးသွက်လက်
ပြေးထွက်သွားလေတော့သည်။

ထို့နောက် နီမောင်သည် သိုင်းလေ့ကျင့်မှုများကို လက်စသ
လိုက်ပြီးနောက် အဝတ်အစားလဲကာ ကေဂျာတို့ တဲရှိရာဘက်





ထွက်လာသည်။

နီမောင် ရှမ်းဘောင်းဘီအရှည် ပင်နီရင်စေ့အကျႌကို ဝတ်စား
ပြီး ကျောပြင်တွင် ကချင်ဓားတစ်လက် လွယ်ထားသည်။ သန်မာကျစ်
လျစ်၍ အချိုးအစားကျသော သူ့ခန္ဓာကိုယ်မှာ ပင်နီရင်စေ့အကျႌ
အောက်တွင် ပေါ်လွင်လျက်ရှိသည်။

အနီရောင်သမ်းနေသော ဆံပင်ရှည်များကို နဖူးမှ သိမ်းတင်
ပြီး နောက်ဘက်တွင် သိမ်း၍စည်းထားသောကြောင့် ယောကျ်ားပီသ
သောမျက်နှာက ခန့်ငြားစွာ ပေါ်နေ၏။ နီမောင် မျက်နှာပြင်ပေါ်တွင်
တက်ကြွမှုနှင့်အတူ ပျော်ရွှင်မှုများ ဖြစ်ပေါ်နေ၏။

သူ. . .

တနိုင်းမှ အင်လုံအင်နန်ရှားနား(ကောက်သစ်စားပွဲတော်)
ပွဲတော်သို့ ကေဂျာနှင့်အတူ သွားရမည်မို့ သူပျော်နေသည်။

ပေါ့ပါးသွက်လက်သော ခြေလှမ်းများဖြင့် ကေဂျာတို့ တဲရှေ့
ရောက်သွားတော့ ကေဂျာက အဝတ်အစားလဲပြီး အသင့်စောင့်နေ
သည်။

"ဦးလေးနောင် ဘယ်သွားလဲ ကေဂျာ"

"ယာထဲ သွားတယ်"

"ကြီးမေရော"

"ကြီးမေရှိပါတယ်. . . ဘာလုပ်မလို့လဲ"

"နင် ငါနဲ့သွားမှာ သူတို့ကို ပြောပြီးပြီလား"

"ပြောပြီးပါပြီဟာ. . . နင်ကလဲ စိတ်ပူတတ်လိုက်တာ၊ အဖေ
က လိုက်သွားဆိုလို့ လိုက်တာပါ။ ဘာလဲ. . . နင်က ငါလိုက်ခဲ့တာ
မကြိုက်လို့ စစ်ဆေးနေတာလား"

"မဟုတ်ပါဘူးဟာ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် သွားကြရအောင်လေ"

နီမောင်က ကေဂျာအား တစ်ချက်ကြည့်လိုက်သည်။ နံ့သာလိမ်းမထားသော်လည်း ပါးအို့နီကလေးဖြင့် ရှင်းသန့်နေသော ကေဂျာ မျက်နှာလေးမှာ နှင်းဆွတ်ထားသောပန်းကလေးသဖွယ် လှပလျက်ရှိသည်။ အသက်ဆယ့်ရှစ်နှစ် ရှိပြီမို့ အချိုးအစားကျသော ကိုယ်ခန္ဓာလေးမှာ တိုင်းရင်းသားဝတ်စုံအောက်တွင် ပေါ်လွင်နေ၏။ အချိန်အတန်ကြာအောင် စိုက်ကြည့်လိုက်သော နီမောင့်အကြည့်ဒဏ်ကြောင့် ကေဂျာ ရှက်ကိုးရှက်ကန်း ဖြစ်သွားသည်။

"နင်ကလည်း. . . ငါ့ကို မမြင်ဖူးတာကျနေတာပဲ၊ ဒီလောက်တောင် စိုက်ကြည့်ရသလား"

သည်တော့မှ နီမောင်ခမျာ ခိုးထုတ်ခိုးထည်နှင့် အမိခံရသူပမာ အိုးတိုးအမ်းတမ်းဖြစ်သွားလေ၏။

"အော်. . . အေး၊ နင်က အခုလို ဝတ်စားလိုက်တော့ ပိုလှလာသလားလို့ ငေးကြည့်နေမိတာပါ"

"အမယ်. . . မြှောက်နေပြန်ပြီ၊ ဘာလဲ. . . တနိုင်းရောက်ရင် ငါ့ကို မုန့်ဝယ်ကျွေးခိုင်းမလို့လား"

"မကျွေးခိုင်းပါဘူး. . . နင်စားရင်တောင် ငါက ဝယ်ကျွေးရမှာပါ"

"ဒါဖြင့်လည်း သွားကြမယ်လေ"

နှစ်ယောက်သား နေရောင်ခြည် မစို့မပို့ ဆမ်းထားသော နှင်းရိုင်းလမ်းများကို ဖြတ်၍ တနိုင်းမြို့သို့ ဦးတည်ထွက်လာကြသည်။

တနိုင်းနှင့် ဆန်ဂေါက်မှာ ဝေးလွန်းသည်ဟု မဆိုသာသော်လည်း သိပ်တော့ မနီးလှပေ။ လှေငယ်ခြေဖြင့် မနားမနေ လျှောက်ကြလျှင်မှ နေ့လည်ပိုင်းအချိန်တွင် တနိုင်းသို့ ရောက်ကြမည်။





သည်နှစ် တနိုင်းမြို့မှာ ထူးထူးခြားခြား စည်ကားလျက် ရှိသည်။

အင်လုံအင်နန်ရှားပွဲတော်ကို အကြောင်းပြုလျက် ကချင်ပြည်နယ်အတွင်းရှိ မြို့နယ်တော်တော်များများမှ လူများ လာရောက်စုဝေးနေဟန်ရှိသည်။

မြို့ပေါ်တွင် ပျားပန်းခတ်မျှ သွားလာလှုပ်ရှားလျက် ရှိနေကြသည်။

ဗြိတိသျှ နယ်ချဲ့စစ်သားများ၊

အလိုတော်ရိများ၊

ကိုယ်ယောင်ဖျောက် လှုပ်ရှားနေကြသော တပ်တော်လှန်ရေးတပ်သားများစွာတို့ ရောက်နေကြပြီး ကိုယ့်လူနှင့်ကိုယ်၊ ကိုယ့်အဆက်အသွယ်နှင့်ကိုယ် လျှို့ဝှက်စွာ လှုပ်ရှားလျက်ရှိနေကြသည်။

အမှန်တော့. . .

ကောက်သစ်စားပွဲတော်ကို အကြောင်းပြုလျက် နယ်ချဲ့များက ၎င်းတို့အင်ပါယာ မပြိုကွဲရေးအတွက် ကျားကုတ်ကျားခဲ စည်းရုံးဆောင်ရွက်ကြသလို. . .

တော်လှန်ရေးသမားများကလည်း နယ်ချဲ့တို့အား တိုက်ထုတ်ရန်အတွက် လူထုဆက်သွယ်လှုပ်ရှားမှုများ လာရောက်လုပ်ကြသောပွဲဆိုက မမှားပေ။ သည်နှစ် ကောက်သစ်စားပွဲမှာ တော်လှန်ရေးအတွက် လှုပ်ရှားသောပွဲတစ်ပွဲဖြစ်တော့သည်။

"ကေဂျာ"

"ဟင်"

"ပျော်လားဟင်"

"ပျော်တာပေါ့. . . ငါ ဒီလိုပွဲမျိုး တစ်ခါမှ မရောက်ဖူးတဲ့ဥစ္စာ၊



www.burmeseclassic.com

www.burmeseclassic.com



လူတွေ အရမ်းများတာပဲနော် နီမောင်"

"အေး. . . ဟုတ်တယ်၊ ဒီပွဲတော်မျိုးက ကချင်ပြည်နယ်အတွင်းမှာ မြို့နယ်ပေါင်း(၁၈)မြို့နယ်လောက် ရှိတယ်၊ အဲဒီက လူတွေက ဒီမှာ လာစုကြတာ၊ ဒါကြောင့် လူတွေ များနေတာ"

"ပျော်စရာကောင်းလိုက်တာ"

ကေဂျာသည် နီမောင့်လက်မောင်းကို ဆုပ်ကိုင်ထားရင်း ကလေးငယ်တစ်ယောက်လို ပျော်ရွှင်မြူးထူးလျက်ရှိသည်။

"ဟိုးကွင်းဘက်မှာ ဆင်အပြေးပြိုင်ပွဲ ရှိတယ်၊ ကြည့်မလား ကေဂျာ"

"ကြည့်ချင်တာပေါ့. . . တစ်ခါမှ မကြည့်ဖူးဘူး"

"လာ. . . သွားကြရအောင်"

နီမောင်က ဆင်အပြေးပြိုင်ပွဲကွင်း ရှိရာဘက်သို့ ထွက်လာသည်။ ထိုသို့လျှောက်ရင်း လူအုပ်အတွင်းသို့ ကြည့်ကာ တစ်စုံတစ်ဦးကို ရှာဖွေလျက်ရှိသည်။

"နင်ဘာရှာနေတာလဲ နီမောင်"

"ဟင့်အင်း. . . ဘာမှမရှာပါဘူး"

"မဟုတ်မှလွဲရော. . . နင်နဲ့ ချိန်းထားတဲ့ ကောင်မလေးတစ်ယောက်ကို ရှာနေတာ မဟုတ်လား"

"မဟုတ်ပါဘူး. . . ငါက ရှာစရာမှ မလိုတဲ့ဥစ္စာ"

"ဘာဖြစ်လို့လဲ"

"ကောင်မလေးက ငါ့နံဘေးမှာ ရှိနေသားပဲ"

"နင်နော်"

ကေဂျာက နီမောင့်လက်မောင်းကို လိမ်ဆွဲသည်။ နှစ်ယောက်သား ရယ်ရယ်မောမောဖြင့် လျှောက်လာရာ မကြာမီ မြို့ပြင်ဘက်မှ





ဆင်အပြေးပြိုင်ပွဲ ကျင်းပရာ ကွင်းရှိရာသို့ ရောက်လာကြသည်။

ဆင်အပြေးပြိုင်ရန် ပြင်ဆင်ထားသောကွင်းမှာ ကိုက်(၁၀၀၀) တစ်ထောင်ခန့် အကျယ်အဝန်းရှိသည်။ ပြိုင်ပွဲဝင်မည့် ဆင်များမှာ အကြီးအငယ် အရွယ်အလတ်မရွေး ပြိုင်ပွဲဝင်နိုင်သည်။

ဆင်ပြိုင်ပွဲ ပန်းဝင်ရမည့်အကွာအဝေးမှာ ကိုက်ငါးရာခန့် အကွာအဝေးရှိသည်။

မကြာမီ တာလွှတ်ဒိုင်က အချက်ပေးလိုက်သည်နှင့် ပြိုင်ပွဲဝင် ဆင်များ တာထွက်လာကြသည်။ မြေပြင်မှာ သိမ့်သိမ့်တုန်လျက်ရှိသည်။

ပရိသတ်များကသော်လည်းကောင်း၊ ဆင်ဦးစီးများကသော်လည်းကောင်း၊

မိမိတို့ သက်ဆိုင်ရာ ဆင်များကို 'အဂစ်ဂျားဂျား. . . အဂစ်ဂျားဂျား' ဟု အော်ဟစ်အားပေးကြသည်။ 'အဂစ်ဂျားဂျား' ဟူသော အဓိပ္ပာယ်မှာ 'မြန်မြန်ပြေး' ၊ 'မြန်မြန်ပြေး' ဟူ၍ဖြစ်သည်။

ဆင်များ ပြေးပုံမှာ အကောင်ကြီးသလောက် အပြေးမြန်လှသည်။ တစ်ခါတစ်ရံ အမြီးများကို နောက်သို့ ဖြောင့်တန်းလျက် ရှေ့သို့ လွှားကနဲ လွှားကနဲ ပြေးသည်ကို ကြည့်ရသည်။

အချို့ဆင်ကြီးများကတော့ နှာမောင်းများကို ဆန့်တန်း၍ ပြေးကြသည်။

မကြာမီ သတ်မှတ်ထားသောနေရာသို့ အသီးသီး ပန်းဝင်သွားကြသည်။

"ချွေးခုံး. . . ချွေးခုံး"

'အာစတေး၊ အာစတေး၊ အာစတေး၊ အာစတေး' စသော အော်သံများ ပေါ်ထွက်လာပြီး မကြာမီ ဆင်ကြီးများ ဖြည်းဖြည်း



www.burmeseclassic.com

www.burmeseclassic.com



ရပ်တန့်သွားတော့သည်။

ချွေးခုံး၊ ချွေးခုံး ဆိုသည်မှာ 'လှည့်တော့' ဟု အဓိပ္ပာယ် ရှိသည်။ ဆင်ဦးစီးများအော်သံကို ဆင်များက နားလည်ကြသည်။

ပြေးနေရင်းမှ အရှိန်လျှော့၍ ရပ်လိုက်ကြသည်။ နီမောင်နှင့် ကေဂျာတို့မှာ ဆင်အပြေးပြိုင်ပွဲ ပြီးသွားသောအခါ မြို့လယ်မှ ဆွတ်မနောကပွဲသို့ သွားကြည့်ကြပြန်သည်။

ဆွတ်မနောအကကို လုပ်ငန်းအောင်မြင်၍ ဥစ္စာပစ္စည်း ဖြစ်ထွန်းချိန်၊ အင်လုံးအင်နန်ရှား(ကောက်သစ်စားပွဲတော်)ပွဲ ကျင်းပချိန်တွင် ကပြလေ့ရှိကြသည်။ ရိုးရာကပွဲတစ်ခု ဆိုကလည်း မမှားပေ။

မနောအက၏ကပဟန်ကကွက်၊ အလှအပနှင့် ဆေးရောင်စုံဖြင့် ရေးဆွဲထားသော သင်္ကေတများ ပါသည့် မနောတိုင်၏အနက်အဓိပ္ပာယ်တို့သည်လည်း လျှို့ဝှက်နက်နဲသိမ်မွေ့လှသည်။

မနောတိုင်တွင် ရေးခြယ်ထားသည့် ပန်းနွယ်ပန်းခက် ပန်းချီကားမှာ မနောအက၏ကနည်းကဟန်ကကွက်များကို တစ်ခုပြီးတစ်ခု၊ တစ်ဆင့်ပြီးတစ်ဆင့် ဖော်ညွှန်းထားပြီး သိမ်မွေ့နက်နဲလှသည့် ကချင်ရိုးရာသင်္ကေတတစ်မျိုးပင်ဖြစ်၏။

ထို့ကြောင့် မနောအကကို ကပြရာတွင် မနောတိုင်အညွှန်းကို လိုက်ပြီး ကနည်းကဟန်များကို တစ်ခုပြီးတစ်ခု၊ တစ်ဆင့်ချင်းတစ်ဆင့် ပေါ်အောင်ကရသည်။

မနောဦးဆောင်သူများသည် မနောအကကို ကပြရာတွင် ကနည်း၊ ကဟန်၊ ကကွက် အဆင့်ကျော်လွန်ခြင်း၊ မှားယွင်းခြင်း မရှိရအောင် ကြိုတင်လေ့လာ ဇာတ်တိုက်ခဲ့ကြရသည်။ သတိကြီးစွာဖြင့် အကကို ဦးဆောင်ကြရသည်။

အဆင့်ကျော်လွန် မှားယွင်းမှု ရှိပါက ရှေးရိုးရာအရ အပြစ်ရှိ





သည်ဟု ယုံကြည်ထားကြသည်။

"ကချင်မလေးတွေ မလှဘူးလား ကေဂျာ"

"ငါက သူတို့ ကတာကိုပဲ ကြည့်တာ"

ကေဂျာ မျက်စောင်းတစ်ချက်ခဲရင်း ပြန်ပြောသည်။

"တို့ မနက်ကတည်းက ဘာမှမစားရသေးဘူး၊ ဆိုင်မှာတစ်ခုခု သွားစားရအောင်"

"အေး. . . ကောင်းသားပဲ"

နှစ်ယောက်သား ကွင်းပြင်ဘက်မှ ထွက်လာပြီး တောအုပ်အစပ်နားတွင် ဖွင့်လှစ်ထားသော စားသောက်ဆိုင်တစ်ဆိုင်သို့ လာခဲ့ကြသည်။

လမ်းတစ်လျှောက်လုံး လိုက်ဖက်ညီလှသောသူတို့နှစ်ယောက်ကို ဝိုင်းကြည့်ကြသည်။ ထိုသို့အကြည့်ခံရသဖြင့် ကေဂျာ မျက်နှာပြင်ပေါ်တွင် ပန်းနုရောင်သမ်းနေတော့သည်။

ကြာတော့ စိတ်မရှည်စွာဖြင့်. . .

"လူတွေကလည်းဟာ. . . ဘယ်လိုထင်လို့များ ဒီလောက် ဝိုင်းကြည့်နေကြတာလဲ မသိပါဘူး"

"ငါကတော့ ဘယ်လိုထင်လို့မှ စိတ်မဆိုးပါဘူး"

"ကြည့်. . . ပြောပြန်ပြီ"

ကေဂျာက နီမောင့်လက်မောင်းကို ဆွဲလိမ်လိုက်ပြန်သည်။ နှစ်ယောက်သား လျှောက်လာရာ မကြာမီ စားသောက်ဆိုင်သို့ ရောက်လာကြသည်။

စားသောက်ဆိုင်မှာ အရက်နှင့် စားသောက်ဖွယ်ရာများ တွဲ၍ရောင်းတာဖြစ်ပြီး အတော်အတန် ကျယ်ဝန်းပေသည်။ အချို့ဝိုင်းများမှာ အရက်ဝိုင်းဖွဲ့သောက်နေပြီး အချို့ကတော့ ဝိုင်းဖွဲ့စားသောက်နေ



www.burmeseclassic.com

www.burmeseclassic.com



ကြသည်။

ဆိုင်ထောင့်တစ်နေရာတွင် တစ်ယောက်ထဲ ထိုင်ကာ အရက်သောက်နေသူကို နီမောင် သတိပြုမိလိုက်သည်။

ထိုသူကတော့ ခမောက်ကြီးကို ဆောင်းကာ အရက်ကိုသာ ငုံ့သောက်နေပြီး မည်သူ့ကိုမှ ဂရုစိုက်ပုံ မပေါ်ပေ။

နီမောင်နှင့် ကေဂျာတို့နှစ်ယောက် လူရှင်းသောစားပွဲတစ်လုံးတွင် ဝင်ထိုင်ပြီး စားသောက်ဖွယ်ရာများ မှာကြားလိုက်သည်။

ထိုအခိုက်တွင် အခန်းထောင့် စားပွဲတစ်လုံးတွင် အရက်သောက်နေကြသော လူလေးယောက်က နီမောင်နှင့်ကေဂျာတို့ကို သတိပြုမိသွားပြီး ခဏကြာသောအခါ စားပွဲဝိုင်းမှ ထလာကြသည်။

လေးယောက်စလုံးမှာ လူမိုက်ပုံစံများ ပေါက်နေပြီး ကျောဘက်၌ ဆောင်ဓားများ အသီးသီး လွယ်ထားသည်။

အနီးရောက်လာသောအခါ. . .

"ဟေ့. . . မင်းတို့ ဆန်ခေါင်ရွာက မဟုတ်လား"

လေသံခပ်မာမာဖြင့် မေးလိုက်သည်။

"ဟုတ်ပါတယ်"

"ဟေ့. . . မင်းက ဆန်ဂေါင်ရွာက ဦးလွမ်းနောင်ရဲ့သမီး ကေဂျာမဟုတ်လား"

"ဟုတ်တယ်"

"မင်းက သူနဲ့ ဘာတော်လဲ"

နီမောင်ကို လက်ညှိုးထိုးပြီးမေးသည်။

"ဒါ. . . ငါ့အစ်ကို"

"မဖြစ်နိုင်ဘူး. . . ဦးလွမ်းနောင်မှာ သမီးတစ်ယောက်ပဲ ရှိတယ်လို့ ကြားတာ၊ နင်က တို့သူဌေး သိမ်းတော့မယ့်ဆဲဆဲမှာ အခုလို





ယောကျ်ားလေးတစ်ယောက်နဲ့ လျှောက်သွားနေလို့ ဘယ်ဖြစ်မလဲ"

"နင် ဘာစကားပြောတာလဲ"

ကေဂျာက နေရာမှ ဆတ်ကနဲ ထပြီး မီးဝင်းဝင်းတောက်လု မတတ် မျက်လုံးများဖြင့် ပြန်ကြည့်ကာ ခါးထောက်၍ ပြန်မေးလိုက်သည်။

"တို့ ဘာစကားပြောတာ အရေးမကြီးပါဘူး၊ အရေးကြီးတာက နင်ဟာ တို့သူဌေးရဲ့ပိုင်ဆိုင်သူ ဖြစ်နေပြီ"

"ဟင်. . ."

"ဟုတ်တယ်လေ. . . နင့်အဖေကိုယ်တိုင် ကြွေးတွေ မဆပ်နိုင်လို့ နင့်ကို စာချုပ်နဲ့ အပ်သွားပြီလေ၊ အဲဒါတွေ နင့်ကို မပြောပြဘူးလား"

"နင်တို့ ခွေးစကားတွေ လာမပြောကြနဲ့၊ ငါ့အဖေက ငါ့အပေါ်မှာ ဒီလို မရက်စက်ဘူး"

"အေးလေ. . . နင်မယုံတာတော့ မတတ်နိုင်ဘူး၊ ဒါပေမယ့် စာချုပ်ထဲမှာ ပါတဲ့အတိုင်း (၇)ရက်ပြည့်တဲ့အခါမှာ နင့်အဖေကိုယ်တိုင် နင့်ကို လာအပ်ရင်အပ်၊ မအပ်ရင် ငါတို့ လာခေါ်ရမှာပဲ၊ အေး. . . ဒီရက်အတောအတွင်းမှာတော့ အခုလို ယောကျ်ားလေးတစ်ယောက်နဲ့ တွဲသွားနေတာကို တို့ မကြိုက်ဘူး"

"နင်တို့ မကြိုက်တာကြိုက်တာ ငါဂရုမစိုက်ဘူး၊ ငါ့ရဲ့လွတ်လပ်ခွင့်ကို ဘယ်သူမှ ချုပ်ချယ်လို့ မရဘူး၊ သွား. . . နင်တို့ ထွက်သွားကြ"

ကေဂျာ၏ ကျယ်လောင်စွာ အော်လိုက်သောအသံကြောင့် ဆိုင်အတွင်းမှ စားသောက်နေသူများက စိတ်ဝင်စားစွာ လှည့်ကြည့်ကြသည်။

ဦးလဘန်ဆိုင်း၏အလိုတော်ရိများက ကေဂျာအမူအယာကို



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ပြီး မခိုးမခန့် ရယ်လိုက်ကြသည်။

"နင်က တယ်လဲ လေသံမာပါလား၊ တို့ဆရာသမား ရည်ရွ ထားတဲ့သူမို့ ဒီလောက် သည်းခံနေတာ၊ မဟုတ်ရင် တို့အကြောင်း ဒီနေရာမှာတင် သိသွားစေ့မယ်၊ ဒီမယ်. . . ဟေ့ကောင်၊ မင်း နောက် ကို ကောဂျာနဲ့ အခုလို တွဲသွားတွဲလာတာမျိုး မလုပ်ပါနဲ့"

နီမောင့်စိတ်ထဲမှာ ဖျဉ်းကနဲ ဖြစ်သွားသည်။

"ကောဂျာနဲ့ကျုပ်က ငယ်သူငယ်ချင်းတွေပဲ၊ အတူတူ တွဲသွား တွဲလာတာ ဘာဖြစ်လဲ"

"အောင်မယ်. . . လူပါးဝလို့၊ ဒီလောက်ရှိတာ မှတ်လောက် အောင် ဆုံးမလိုက်ကြရအောင်ဟေ့"

တစ်ယောက်က နီမောင်ရှိရာ ခုန်ဝင်လာသည်။

တစ်ချိန်ထဲမှာ နီမောင် နေရာမှ ဖျတ်ကနဲ ထကာ ကိုယ်တစ် ပတ် လှည့်ထွက်ရင်း ဝင်လာသူ၏ရင်ဝသို့ ခြေထောက်ဖြင့် ဖျတ်ကနဲ ကန်လိုက်သည်။

ဝင်လာသည့်အရှိန် ကန်လိုက်သည့်အရှိန်နှစ်ခု ပေါင်းမိပြီး ကြမ်းပြင်ပေါ်သို့ ဝုန်းခနဲ လန်ကျသွားသည်။

ထိုအခါ ကျန်နှစ်ယောက်က တစ်ဖက်တစ်ချက်မှ ညှပ်ဝင်လာ သည်။ တစ်ယောက်ရဲ့လက်ထဲမှာ ဓားမြှောင်တစ်လက် ပါသဖြင့် ဘေးမှ ပြေးထိုးသည်။

ဓါးဝင်လာရာ လမ်းကြောင်းကို လွတ်ရုံလေး လှည့်ရှောင်ရင်း ဓားကိုင်လက်ကို မိမိရရ ဆုပ်ကိုင်ကာ တစ်ဖက်မှ ဝင်လာသူထံ အရှိန် ဖြင့် တွန်းပေးလိုက်ရာ နံကြားသို့ စိုက်ဝင်သွားတော့သည်။

"အား. . ."

ရန်သူလေးယောက်မှာ နှစ်ယောက်လဲကျသွားသောအခါ





ကျန်နှစ်ယောက်က ပိုမိုဒေါသထွက်လာကြပြီး လက်နက်များကို အသုံး ပြု၍ တရကြမ်း ဝင်ရောက်တိုက်ခိုက်ကြရာ နီမောင်မှာ သတိကြီးစွာ ဖြင့် တိမ်းရှောင်ရင်း ခုခံတိုက်ခိုက်ရတော့သည်။ ပွဲမှာ နှစ်ယောက် တစ်ယောက် ဖြစ်နေစေကာမူ တိုက်ရည်ခိုက်ရည် ကြွယ်ဝသော နီမောင့်အတွက် အရေးမနိမ့်လှပေ။

ထိုသို့ တိုက်ခိုက်နေချိန်တွင် စားသောက်ဆိုင်အတွင်းမှ ဧည့် သည်များမှာ အလန့်တကြား အပြင်သို့ ထွက်ပြေးကြသည့်တိုင် ဆိုင် ထောင့်တစ်နေရာမှ ခမောက်နှင့်လူမှာ အရက်သောက်မြဲသောက်နေ လျက် နီမောင်တို့ပွဲအား မမိုတ်မသုန် လှမ်းကြည့်နေသည်။

အတန်ကြာသောအခါ တိုက်ရည်ခိုက်ရည် မကျွမ်းကျင်သူ နှစ်ယောက်မှာ နီမောင့်တိုက်ခိုက်မှုများကို အလူးအလဲ ခံနေရစဉ် နောက်ထပ်နှစ်ယောက် ထပ်ဝင်လာပြီး နီမောင်အား ဝင်တိုက်ကြပြန် ရာ ပွဲမှာ မမျှတတော့ပေ။ ထိုအချိန် ဆိုင်ထောင့်တွင် တစ်ယောက် တည်း အရက်သောက်နေသော ခမောက်နှင့်လူ ထလာပြီး နီမောင့် ဘက်မှ ဝင်ရောက်တိုက်ခိုက်ရာ ခဏချင်းပင် ဦးလဘန်ဆိုင်း၏ အလို တော်ရိများ ကြမ်းပြင်ပေါ် အသီးသီး မှောက်ကုန်တော့သည်။

"လာဟေ့ ညီလေး၊ ဒီလောက် ကျက်သရေမရှိတဲ့ သတ္တဝါ တွေကို ဆိုင်အပြင် ဆွဲထုတ်လိုက်ရအောင်"

လူခြောက်ယောက်အား ဆိုင်ပြင်ဘက်သို့ ဆွဲထုတ်စဉ် ဆိုင် ရှင်ကပါ ဝမ်းသာအားရ လာရောက်ကူညီသည်။

"ဆရာလေးတို့ကို ကျေးဇူးတင်လိုက်တာ၊ ဒီကောင်တွေ လက် နက်အားကိုးနဲ့ ကျွန်တော်တို့ဆီမှာ လာလာပြီး အနိုင်ကျင့်နေတာ အတော်ကြာပြီ၊ အခုလို ဆုံးမပေးတဲ့လူ ရောက်လာတော့မှ အစွယ် ကျိုးကုန်တာ"



www.burmeseclassic.com

www.burmeseclassic.com



ခမောက်နှင့်လူက လူခြောက်ယောက်အိတ်ထဲမှ တွေ့သမျှ ငွေကြေးများကို နှိုက်ယူပြီး ဆိုင်ရှင်အား ပေးလိုက်သည်။

"ဒါ. . . ဒါတွေက"

"ခင်ဗျားရဲ့ဆိုင် ပျက်စီးသွားတာတွေအတွက် လျော်ကြေးပေးတာ၊ ဒီငွေတွေ ယူထားလိုက်တော့"

"တော်တော်ကြာ သူတို့ သတိရလာရင် ကျွန်တော့်ကို ရန်ရှာနေပါအုံးမယ် ဆရာတို့ရယ်၊ ဒီငွေကို မယူပါရစေနဲ့"

"ယူသာ ယူထားလိုက်ပါ၊ မေးရင် ကျုပ်တို့ ယူသွားပြီလို့သာ ပြောလိုက်၊ ခင်ဗျား ဘာမှမဖြစ်စေရဘူး၊ လာဟေ့ ညီလေး. . . သွားကြရအောင်"

ခမောက်နှင့်လူက ခေါ်သဖြင့် နီမောင်နှင့်ကေဂျာ သူ့နောက်မှ လိုက်လာခဲ့ကြသည်။

မြို့စွန်တစ်နေရာရောက်တော့ ရပ်လိုက်ကြသည်။

"ကျွန်တော့်ကို အခုလို ဝင်ပြီးအကူအညီပေးတာ ကျေးဇူးတင်ပါတယ် အစ်ကို၊ အဲဒါထက် အစ်ကို့နာမည် ဘယ်လိုခေါ်သလဲဟင်"

ထိုသူက ခမောက်ကို ဆွဲချွတ်လိုက်သည်။

"ငါ့နာမည် စောထီးလို့ ခေါ်တယ်၊ မင်းတို့ ဝင်လာစကတည်းက ငါသတိထားကြည့်နေတာ၊ ဒီကောင်တွေက သူတို့သခင်တွေ အားကိုးနဲ့ အချင်းချင်းတွေကို နည်းအမျိုးမျိုးနဲ့ နှိပ်စက်ချင်နေကြတာ"

"ဟုတ်တယ်. . . တော်တော်ဆိုးကြတယ်"

"ဒါထက် မင်းတို့က အလည်လာကြတာလား"

"အင်း. . . ဆိုပါတော့၊ အလည်လဲ ရောက်ရင်း လူတစ်ယောက်နဲ့လဲ ချိန်းထားလို့ တွေ့မလားလို့ လာရှာတာ"





"အဲဒီလူကို မင်းက သိလို့လား"

"ဟင့်အင်း. . . တစ်ခါမှ မတွေ့ဖူးဘူး"

စောထီးက သဘောကျစွာ ရယ်နေသည်။

"မင်းက သူ့ကို မသိပေမယ့် သူက မင်းကို သိပါတယ်ကွာ"

"ဟင်. . . အဲဒီလူက ဘယ်သူလဲဟင်"

"မင်းအနားမှာ ရပ်နေတဲ့ ငါပဲလေ"

နီမောင် အံ့သြသွားသည်။

စောထီးက အိတ်ကပ်ထဲမှ လျှို့ဝှက်အမှတ်အသားတစ်ခုကို ထုတ်ပြလိုက်မှ နီမောင် ယုံကြည်သွားသည်။

"ဒီတော့ မင်းက တို့နဲ့ လက်တွဲချင်တယ်ဆိုတော့ တို့ကလဲ မင်းတို့လို အစွမ်းအစရှိတဲ့ လူငယ်လေးတွေကို ကြိုဆိုပါတယ်"

"ဟုတ်ကဲ့"

"ကဲ. . . အချိန်မရှိဘူး၊ မင်းတို့လဲ သွားကြတော့၊ ငါလဲ သွားတော့မယ်"

ထိုသို့ဆိုကာ စောထီးက ခမောက်ကြီးကို ပြန်ဆောင်းကာ နှင်းမှုန်များကြားသို့ ခပ်သုတ်သုတ် ထွက်သွားလေတော့သည်။

☺ အောင်မြင်မောပေ ☺

www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၆)

# အန္တရာယ်နိဒါန်းအစ

နီမောင်နှင့်ကေဂျာတို့ ဆန်ဂေါင်ရွာကို ပြန်ရောက်ကြတော့ မှောင်စပျိုးနေပြီ။

နှင်းများက ကျဲကျဲပါးပါး ကျဆင်းစပြုနေပြီ။

ကေဂျာတို့အိမ်နှင့် မလှမ်းမကမ်းရောက်တော့ မီးတုတ်များ ကိုင်လျက် သွားလာလှုပ်ရှားနေကြသော ရွာသူရွာသားအချို့ကို လှမ်းမြင်ရသည်။

"အိမ်မှာ ဘာတွေဖြစ်နေကြတာပါလိမ့်"

"ဦးလေးတို့ ကောက်သစ်စားပွဲတော် ကျင်းပနေတာ ဖြစ်မှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



နီမောင်က ပေါ့ပေါ့တန်တန် ပြောလိုက်သော်လည်း တဲအမိ ရောက်မှ တကယ်တက်စင်အောင် လွဲမှန်း သိရတော့သည်။

"ဟော. . . ဟိုမှာ ကေဂျာတို့ ပြန်လာကြပြီ"

လူအုပ်ထဲမှ တစ်ယောက်က လှမ်းအော်သည်။

အနားရောက်သွားတော့ တဲရှေ့တွင် သွေးအိုင်ထဲ၌ လဲနေ သော ဦးလွှမ်းနောင်အား တွေ့လိုက်ရသည်။

"အဖေ. . . အဖေ၊ ဘယ်လိုဖြစ်တာလဲ အဖေရယ်"

ကေဂျာက ပြေးဝင်သွားပြီး ဦးလွှမ်းနောင်အား ပြေးပွေ့လိုက် သည်။

ဦးလွှမ်းနောင် တစ်ကိုယ်လုံးမှာ ဒဏ်ရာဒဏ်ချက်များ ပြည့် နေပြီး သွေးများက မြင်မကောင်းအောင် စီးကျနေတော့သည်။

"အဖေ ဘယ်လိုဖြစ်တာလဲဟင်"

"မနက်က တောင်ပေါ်တက်မယ်ဆိုပြီး ထွက်သွားတာ ညနေ ရောက်တော့ တောင်စောင်းတစ်နေရာမှာ အဲဒီလိုဒဏ်ရာတွေနဲ့ လဲနေ တာ တွေ့လို့ ရွာက မုဆိုးတွေ တွေ့လို့ ရွာကို ပြန်ခေါ်လာတာ၊ ဘာဖြစ်တာလဲတော့ မသိဘူး"

တစ်ယောက်က ပြောပြစဉ် ကေဂျာက လူအုပ်ထဲ တိုးဝင်သွား ပြီး ဦးလွှမ်းနောင်အား ပွေ့ထူလိုက်သည်။

"အဖေ. . . အဖေ သမီးပြန်လာပြီ၊ အဖေ ဘာဖြစ်တာလဲ ဟင်"

ဦးလွှမ်းနောင်က သွေးစွန်းနေသော လက်တစ်ဖက်ဖြင့် ကေ ဂျာကို ဆုပ်ကိုင်ရင်း မျက်လုံးဖွင့်ကြည့်သည်။

"အဖေတော့ မနေရတော့ဘူး သမီး၊ သမီးကို ပြောစရာရှိလို့ စောင့်နေတာ"





"ဟင်. . . အဖေ. . . ဘာ. . ဘာပြောတာလဲဟင်"

"အဖေ မရှိတော့ရင် သမီးတို့ ဒီရွာမှာ မနေကြနဲ့တော့၊ လဘန်ဆိုင်းရဲ့စက်ကွင်းက လွတ်အောင်ပြေးပေတော့. . . ကြားလား"

"ဘာဖြစ်လို့လဲ အဖေ. . . ဘာဖြစ်လို့လဲဟင်"

"အဖေ လဘန်ဆိုင်းကို ပေးစရာရှိတဲ့ကြွေးတွေ မကျေသေး ဘူး၊ အဖေမရှိတော့ရင် သူတို့ သမီးကို အတင်းလာခေါ်ပြီး နှိပ်စက်ကြ လိမ့်မယ်"

"ဟင်. . ."

"ဟုတ်တယ် သမီး၊ ဘယ်နည်းနဲ့မှ သူတို့လက်ထဲတော့ အရောက်မခံနဲ့၊ နီမောင်နဲ့ တိုင်ပင်ပြီးတော့ ဒီရွာက လွတ်အောင်သာ ပြေးပေတော့"

"အဖေ. . . အဖေ၊ တကယ်ပြောနေတာလားဟင်"

"သမီးကို အဖေ တကယ်ပြောတာပါ၊ သူတို့လက်က လွတ် အောင်သာ ပြေးပေတော့ သမီး"

"အခု အဖေ ဘယ်လိုဖြစ်တာလဲဟင်"

မျက်ဖြူလန်စ ပြုနေသော ဦးလွှမ်းနောင်အား ကေဂျာက အလောတကြီး မေးလိုက်သည်။

"အဖေ့ကို. . . အဖေ့ကို. . . တောင်ပေါ်မှာ. . ."

ဒါပဲ ပြောနိုင်ပြီး ဦးလွှမ်းနောင် ဇက်ကျိုးကျသွားလေတော့ သည်။

"အဖေ. . . အဖေ. . . အဖေ အသက်မရှိတော့ဘူး၊ လုပ်ကြ ပါဦး. . . ကျွန်မအဖေကို ကယ်ကြပါဦးရှင်"

ကေဂျာ၏စူးစူးဝါးဝါး အော်ဟစ်ငိုကြွေးလိုက်သံက နှင်းမှုန်ထု ကို ဖောက်ထွက်လာတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



အားလုံးက ကေဂျာ့အဖြစ်ကို ကြည့်ပြီး စိတ်မကောင်းခဲ့မေ

"လွမ်းနောင် အခုလို သေရတာ လဘန်ဆိုင်းတို့ နှိပ်စက်လို့ သေရတာ၊ ကြွေးဆပ်ချင်လွန်းလို့ တောင်ပေါ်ကို တစ်ယောက်တ တက်သွားလို့ အခုလို မသေသင့်ဘဲ သေရတာ၊ မသေသင့်ဘဲ သေ တာ"

ကြီးမေက ဆွေးဆွေးမြေ့မြေ့ ပြော၍ ငိုနေသည်။

နီမောင်က လူအုပ်ထဲ တိုးဝင်လာပြီး ကေဂျာအား ဖျောင်း ပြောဆိုရသည်။

"တိတ်ပါတော့ ကေဂျာရယ်၊ တို့တတွေလဲ ဦးလွမ်းနောင်လို ဒီအရင်းရှင် အလိုတော်ရိတွေနဲ့ နှိပ်စက်မှုကို တစ်နည်းမဟုတ် တစ် နည်းတော့ ခံနေကြရတာပါပဲ၊ ဦးလွမ်းနောင်အတွက် တို့တတွေ အားလုံး နင့်လိုပဲ ဝမ်းနည်းကြေကွဲကြရပါတယ်"

"ငါ့အဖေအတွက် ဘာမှလုပ်မပေးလိုက်နိုင်ဘူး နီမောင်ရယ်"

"ဒါကတော့ ကံတရားရဲ့စီမံရာအတိုင်းပေ့ါ၊ ဘယ်တတ်နိုင်ပါ့ မလဲ၊ နင် ဘာမှအားမငယ်နဲ့၊ ငါတို့ ရှိနေသရွေ့ နင်ဘာမှမဖြစ်စေရ ဘူး၊ နင်အကူအညီ လိုတာရှိ ငါတို့ကိုပြော"

"ကျေးဇူးတင်ပါတယ် နီမောင်ရယ်၊ အဖေမရှိတော့တဲ့ဘဝမှာ ငါတို့မှာ အားကိုးရာ မရှိတော့ပါဘူး"

"ဘာမှမပူနဲ့ ကေဂျာ၊ နင်တို့အတွက် ငါတို့ရွာသားတွေအားလုံး ဝိုင်းဝန်းစောင့်ရှောက်ပေးကြမယ်"

ထို့နောက် ကေဂျာအား ချော့မော့ဖျောင်းဖျ၍ ခေါ်သွားပြီး နောက် နီမောင်နှင့် ရွာသူရွာသား လူငယ်များက ဦးလွမ်းနောင် ရျာပနအတွက် သင်္ဂြိုဟ်ရန် ဆောင်ရွက်ကြသည်။

"ဦးလွမ်းနောင် သေရတာ ငါတော့ သိပ်ပြီးမသင်္ကာဘူး၊ ရိုးရိုး





သေတာမှ ဟုတ်ရဲ့လား မသိဘူး"

"မင်းက ဘယ်လိုထင်လို့လဲ"

"သူ့ကိုယ်ပေါ်က ဒဏ်ရာတွေ ကြည့်ရတာ သတ္တဝါတစ် ကောင် တိုက်ခိုက်ခံရတာထက် တစ်ယောက်ယောက်ကများ လုပ်ကြံ လိုက်ရော့သလား"

"သူ့မှာ ရန်ငြိုးရန်စ ရှိလို့လား"

"ဒါတော့ မသိဘူး၊ ဒဏ်ရာတွေ ကြည့်ပြီး ငါ့အထင်ပြောရ တာ"

BURMESE CLASSIC .com

ကျော်လှစကားကြောင့် အားလုံးငြိမ်ပြီး စဉ်းစားနေကြသည်။

"သတ္တဝါမဟုတ်လို့ လူလက်ချက်နဲ့ သေရတာဆိုရင်တော့ ဘရန်ဆိုင်းရဲ့လက်ပါးစေတွေရဲ့လက်ချက်ကလွဲပြီး တခြားမဖြစ်နိုင်ဘူး"

"သိန်းဖံ ပြောတာ ဖြစ်နိုင်တယ်၊ ဒီကောင်ရဲ့အုပ်စုတွေ သူ့ ပထွေးတွေအားကိုးနဲ့ တို့တတွေအပေါ် အတော့်ကို ရက်စက်ယုတ်မာ နေကြတယ်၊ ဟိုတလောကပဲ ငါ့နွားလေးနှစ်ကောင်ကို ကြွေးနဲ့ လာ သိမ်းယူသွားကြတယ်"

"ကျွဲနွားသိမ်းတာကတော့ ဘာဆန်းသလဲ မောင်ရာ၊ တို့ရွာက မိန်းမပျိုလေးတွေကို မတရား လာလာသိမ်းခေါ်သွားတာ ဘယ် လောက် များနေပြီလဲ"

"အတော်ရက်စက်တယ်. . . ဒီကောင်တွေကို ငြိမ်ခံနေလို့က တော့ တစ်နေ့ထက်တစ်နေ့ ပိုပိုပြီး ဆိုးလာနေတော့တယ်၊ ဒီတော့ တစ်သက်လုံးပဲ ငြိမ်ခံနေမလား၊ မတရားမှုတွေကို ပြန်တွန်းလှန်မလား၊ နှစ်လမ်းပဲ ရှိတယ်၊ မင်းတို့ ကြိုက်တဲ့လမ်းကို ရွေးကြပေတော့"

နီမောင့်စကားကြောင့် လူငယ်များ၏မျက်နှာပေါ်ဝယ် ထက်ကြွမှုများ၊ စိတ်လှုပ်ရှားမှုများ ဖြစ်ပေါ်လာ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်. . . နီမောင်ပြောတာမှန်တယ်၊ ငုံ့ခံနေရင် ဒုက္ခဆင်းရဲခံရတာထက်စာရင် ဒီလက်ပါးစေတွေကို ပြန်တိုက်ရင်း သေတာက မြတ်မယ်၊ ဒါပေမယ့် ဘယ်လိုလုပ်မယ်ဆိုတာ တို့မှ မသိတာ"

"ဒီအတွက် မပူကြနဲ့၊ မင်းတို့ စိတ်အားထက်သန်ရင် အဆက်အသွယ်ရအောင် ငါလုပ်ပေးမယ်"

"ကောင်းပြီ. . . မင်းဘက်က အဆင်သင့်ဖြစ်ရင် ငါတို့ကိုလည်း ပြောပေတော့၊ တို့ကလဲ ဒီကောင်တွေကို ပြန်ချချင်တာ လက်ကို ယားနေတာပဲဟေ့"

ထိုသို့ အစီအစဉ်များ ပြုလုပ်ကြပြီး အသီးသီး လူစုခွဲလိုက်ကြလေသည်။

အပြင်ဘက်မှာ နှင်းထုကို ဖောက်ပြီး နေရောင်ခြည် စူးစူးရဲရဲဖြာဆင်းကျလာသည်။





# အခန်း (၅)

# သံယောဇဉ်ကြိုးတစ်မျှင်

ခါကာဘိုရာဇီတောင်ပေါ်တွင် နှင်းတွေ ဝေနေသည်။ လေက ငြိမ်သက်နေသည်။

ပတ်ဝန်းကျင်တစ်ခွင်လုံး မှုန်မှိုင်းလျက်ရှိသည်။

တောင်ပေါ်၏အခြေအနေမှာ မုန်တိုင်းမကျမီ ငြိမ်သက်ခြင်းမျိုး။

ထိုအချိန်တွင် တောင်ပေါ်၌ လူတစ်ယောက် ရှိနေသည်။

ယခုကဲ့သို့ နှင်းမုန်တိုင်းကျမည့် အရိပ်အယောင် ပြနေသောတောင်ပေါ်သို့ မည်သူမှ မလာရဲသော အချိန်ရာသီမျိုးတွင် ကောင်လေးတစ်ယောက်တည်း တောင်ရင်ပြင်ပေါ် ရောက်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



အမှန်တော့ သူမအဖို့ တောင်ပေါ် တက်လာစဉ်က မည်သည့်ရည်ရွယ်ချက်မှ မရှိဘဲ စိတ်ညစ်ညူးသဖြင့် စိတ်ပြေလက်ပျောက် ရှိစေရန်သဘောမျိုးဖြင့် ဦးတည်ရာမဲ့ တက်လာခဲ့ခြင်းဖြစ်သည်။

ထိုသို့ တက်လာခဲ့ရင်းမှ ရုတ်တရက်ကြီး ရာသီဥတုက ပြောင်းလဲသွားပြီး နှင်းမှုန်တိုင်းကျမည့် အရိပ်နိမိတ်များ ပေါ်ပေါက်လာသဖြင့် တောင်အောက်သို့ ပြန်ဆင်းရန် ပြင်လိုက်သောအခါ နှင်းမှုန်နှင်းဖွဲ့များ ကျဆင်းလာသောကြောင့် လမ်းစပျောက်သွားခဲ့ပြီ။

နှင်းမုန်တိုင်းကျတော့မည်မို့ ကောင်းကင်မှ ငှက်များ မြေပြင်သို့ အလုအယက် ပြန်ဆင်းလာကြပြီး မြေပြင်မှ သတ္တဝါကလေးများ၊ ဟိုမှသည်မှ ဆောက်တည်ရာမရ ပြေးလွှားလျက် ပုန်းအောင်းစရာ နေရာ ရှာနေကြသည်။

ထိုအချိန်တွင် ကျား၊ ကျားသစ်၊ ဝံ၊ သမင်၊ ဒရယ်၊ တောင်ဆိတ်၊ ကတိုး စသည့် တောနေတိရစ္ဆာန်များမှာ သားကောင်မဆို၊ မခွဲခြားတော့ဘဲ ဒုက္ခသည်အချင်းချင်း အတူတကွ ပြေးလွှားပုန်းအောင်းကြရသည်။

ကျားကလည်း သမင်တွေ့သော်လည်း မကိုက်။

ကျားသစ်ကလည်း ဒရယ်ကို မကိုက်။

ဝံကလည်း လူကို မကိုက်။

လူကလည်း တိရစ္ဆာန်ကို တွေ့သော်လည်း မဖမ်းတော့ပေ။

ဂူတစ်ဂူထဲမှ အတူတကွ ရှိနေလျှင်သော်မှ တစ်ဦးနှင့်တစ်ဦး ရန်မမူကြတော့ပေ။

အကယ်၍ မုဆိုးတစ်ဦးဦးက ထိုအချိန်မျိုးတွင် သားကောင်တစ်ကောင်ကို ဖမ်းဆီးမိပါက အချိန်မဆိုင်းဘဲ တန်ပြန် ဝဋ်လည်တတ်သည်ဟု ယုံကြည်ထားကြသည်။ ထိုအချိန်တွင် တောင်ပေါ်မှာ





လေပြင်းများ စတင်တိုက်ခတ်လာသည်။

နှင်းမှုန်နှင်းဖွဲ့များမှ အဆုတ်အခဲများအသွင် ပြောင်းလာပြီး လဲပွင့်များကဲ့သို့ ကြွေကျလာသည်။

မြေပြင်ပေါ်သို့ နှင်းခဲများ အထပ်လိုက် အထပ်လိုက် ကျလာသည်။ အချို့တိရစ္ဆာန် အကောင်ငယ်ကလေးများမှာ နှင်းထု၏ဖုံးအုပ်ခြင်း ခံရသဖြင့် အရှင်လတ်လတ် နှင်းအောက် ရောက်သွားတော့သည်။

လေမှာ ဝေါကနဲ ဝေါကနဲ မြည်ဟီးတိုက်ခတ်လာသောကြောင့် သစ်ပင်ကြီးငယ်တို့မှာ အမူးလွန်သူများပမာ ဟိုမှသည်မှ ယိမ်းထိုးလှုပ်ရှားနေကြသည်။

ကေဂျာမှာ လမ်းစပျောက်သွားပြီ ဖြစ်သောကြောင့် ယခုအချိန်မှ ရွာပြန်ရန် ဘယ်နည်းနှင့်မှ မဖြစ်နိုင်တော့သဖြင့် ပုန်းခိုစရာ နေရာကိုသာ အရေးတကြီး ရှာဖွေရတော့သည်။

ယခုအခြေအနေမှာ ပုန်းခိုစရာတစ်နေရာ အမြန်ဆုံး တွေ့မှ အသက်ချမ်းသာရာ ရတော့မည်။ နှင်းများမှာ အကျများလာသဖြင့် ကြည့်ရင်းနှင့်ပင် ဒူးဆစ်နားအထိ တက်လာသည်။ ခြေသိုင်းကြိုး ညှပ်ဖိနပ်သာ စီးထားသော သူမခြေထောက်နုနုကလေးများမှာ နှင်းထုအောက် မြုပ်ဝင်သွားတိုင်း အသည်းခိုက်လုမတတ် အေးလှသည်။

ခြေဖျားကလေးများမှာ ထုံကျဉ်လာသဖြင့် ထိခိုက်မှန်းပင် မသိတော့ပေ။

သည်အတိုင်း ဆက်သွားလျှင် ခြေဖျားကလေးများ နှင်းကိုက်ခံရသဖြင့် ချက်ချင်းပုတ်သွားနိုင်သည်။

ကေဂျာ ဂူတစ်ဂူရှိရာသို့ မှန်း၍ ခပ်သုတ်သုတ် လျှောက်လာစဉ် နှင်းတောထဲတွင် နှစ်နေသော သတ္တဝါတစ်ကောင်ကို လှမ်းမြင်ရ



www.burmeseclassic.com

www.burmeseclassic.com



သဖြင့် ခြေလှမ်းတုန့်သွားသည်။

ကျော်သွားရန် ပြင်ပြီးမှ. . .

"သူလဲ ငါ့လို ဒုက္ခသည်ပဲ၊ ကယ်လိုက်ရင်ကောင်းမယ်၊ သူ့ကံ ကိုယ့်ကံပဲပေါ့"

ထိုသို့စိတ်ကူးပြီး နှင်းတောထဲမှ သတ္တဝါကို ဆွဲတင်လိုက်ရာ ဝက်ဝံပေါက်ကလေးတစ်ကောင်ဖြစ်နေသည်ကို တွေ့ရသည်။

ကေဂျာ ဘာမှ စဉ်းစားမနေတော့ဘဲ နှင်းတောထဲမှ ဝက်ဝံပေါက်ကလေးအား သယ်ပြီးပြေးလာရာ ကံအားလျော်စွာ တောင်စောင်းတစ်နေရာ၌ ဂူပေါက်တစ်ပေါက်ကို တွေ့ရသည်။

ဂူပေါက်မှာ နှင်းများ ဖုံးနေသောကြောင့် အပေါက်ဝ ပိတ်လုပိတ်ခင် ဖြစ်နေပြီ။

ဘာမှ မစဉ်းစားတော့ဘဲ ဂူအတွင်းသို့ တိုးဝင်လိုက်သည်။ အတွင်းသို့ ရောက်သောအခါ ဂူမှာ အတော်ကျယ်ဝန်းလှသည်။ အတွင်းဘက်တွင် အခြားသတ္တဝါများ ရှိသေးလားဟု အတွင်းသို့ အကဲခတ်ကြည့်ရာ လှုပ်ရှားမှု တစ်စုံတစ်ရာ မတွေ့ရပေ။

သို့ကြောင့် စိတ်ချလက်ချ ဖြစ်သွားပြီး သယ်လာသော ဝက်ဝံပေါက်ကလေးကို ချ၍နားလိုက်သည်။ ဝက်ဝံပေါက်ကလေးမှာ ချမ်းလွန်းသဖြင့် တဆတ်ဆတ် တုန်နေသည်။ ပါးစပ်မှလည်း တအီအီ ညည်းနေသည်။

"ဒီကောင်လည်း ချမ်းနေပြီ၊ ငါလည်း သိပ်ချမ်းနေပြီ၊ မီးရအောင်မွှေးမှဖြစ်မယ်၊ မဟုတ်ရင် ငါ့ခြေဖျားတွေ နှင်းကိုက်ပြီး လှုပ်မရ ဖြစ်သွားလိမ့်မယ်"

ထိုသို့စဉ်းစားပြီး ဂူအတွင်းမှာ တွေ့ရသော သစ်ရွက်သစ်ကိုင်းခြောက်များကို စုပြီး ကျောက်တုံးချင်း ခတ်ကာ မီးရအောင်မွှေးသည်။





အတန်ကြာအောင် ကြိုးစားမှ ကျောက်တုံးများ မီးပွင့်ပြီး သစ်ရွက်ခြောက်များကို မီးစွဲသည်။ မီးတောက်ရအောင် လေမှုတ်ပေး၍ မီးတောက် ရလာတော့မှ ထင်းရှူးကိုင်းများ ထည့်ပေးရာ မကြာခင် မီးတောက်များ ရလာပြီး ဂူထဲမှာ အနွေးဓါတ် ရလာတော့သည်။

ဝက်ဝံပေါက်ကလေးမှာ တအီအီ ညည်းရင်း မီးဖိုနှင့် နီးနိုင်သမျှနီးအောင် တိုးလာသည်။

ကေဂျာလည်း သူ၏ခြေဖျားလက်ဖျားများကို မီးကင်ပေးလိုက်မှ တဖြည်းဖြည်း ပြန်နွေးလာသည်။ အတန်ကြာမှ နေသာထိုင်သာရှိလာတော့သည်။

"အင်း. . . ဒီကောင်လေးလည်း နှင်းမုန်တိုင်းကြောင့် အမေနဲ့ကွဲလာတယ်ထင်တယ်၊ မင်းနဲ့ငါ ဘဝက သိပ်မထူးလှပါဘူး၊ မင်းကမှ တစ်ချိန်ချိန်မှာ မင်းအဖေအမေတွေနဲ့ ပြန်တွေ့နိုင်ပါသေးတယ်"

"ငါ့ဘဝကမှ အဖေရောအမေပါ မရှိကြတော့ဘူး၊ ဘယ်တော့မှ ပြန်မတွေ့နိုင်တော့တဲ့ဘဝကို ရောက်သွားကြပြီ ဝက်ဝံလေးရယ်"

ဝက်ဝံလေးက သူ့စကားကို နားလည်ဟန်ဖြင့် 'တအီအီ' ညည်းညူရင်း ကေဂျာအား မော့ကြည့်နေသည်။

အတန်ကြာသောအခါ နွေးထွေးမှုရလာသဖြင့် ကေဂျာ ဂူနံရံကို မှီ၍ ခေတ္တမှေးလိုက်ရာ ပင်ပန်းမှုကြောင့် မကြာမီ အိပ်ပျော်သွားလေတော့သည်။

သူအိပ်ပျော်သွားစဉ် အပြင်ဘက်မှ ဂူပေါက်ဝကို တစ်စုံတစ်ယောက်က လာ၍ ကုတ်ဖွဲ့ ဖွင့်နေသံကြောင့် ကေဂျာ လန့်နိုးလာသည်။ ထိုကုတ်သံကြောင့် ထင်သည်။ ဝက်ဝံကလေးအော်သံကလည်း ပိုမိုကျယ်လောင်လာတော့သည်။

"ဝက်ဝံမကြီးများ လိုက်လာရော့သလား၊ ဝက်ဝံမကြီးဆိုရင်



www.burmeseclassic.com

www.burmeseclassic.com



တော့ ငါ့အတွက် ဒီဂူထဲမှာ ထွက်ပေါက်မရှိနိုင်ဘူး၊ ဟယ်. . . မှာ တော့ ကံတရားပဲ၊ ငါ့ဘဝက သေတာနဲ့ရှင်တာ ဘာများခြားနားလို့လဲ

ထိုသို့တွေးနေစဉ် ဂူပေါက်ဝ ပွင့်ထွက်သွားပြီး ဂူအတွင်းသို့ မည်းမည်းသတ္တဝါကြီးတစ်ကောင် ဝင်လာသည်။

ဝက်ဝံမည်းကြီး။

ဝက်ဝံကြီးက သူ့သားကို မြင်သောအခါ ဝူးဝူးဝါးဝါးအသံများ ပေးပြီး ဝင်လာသည်။ ဝက်ဝံကလေး၏အော်သံကလည်း စောစောက ထက် ပိုမိုကျယ်လောင်လာပြီး အဆက်မပြတ် အော်နေတော့သည်။

ဝက်ဝံမကြီးက သူ့သားအနီးတွင် ကေဂျာကို မြင်သောအခါ ရန်လိုသောအမူအယာဖြင့် အနားကပ်လာသည်။

ကေဂျာ မျက်လုံးမှိတ်ထားလိုက်သည်။

မိမိအား ပြုလိုရာပြုစေတော့ သဘောထားကာ ငြိမ်နေလိုက် သည်။

ဝက်ဝံမကြီးက ကေဂျာရှိရာသို့ ဝင်လာသောအခါ ဝက်ဝံ ပေါက်ကလေးက ကွိကွိကွကွ အော်ရင်း ရှေ့မှ ဝင်ရပ်သည်။

ကေဂျာကတော့ မျက်လုံးမှိတ်ထားဆဲ။

အနီးသို့ ရောက်သောအခါ ဝက်ဝံမကြီးက ကေဂျာအား မည် သို့မှ ရန်မမူဘဲ တစ်ကိုယ်လုံးကို လိုက်လံနမ်းရှုပ်နေသည်။

အတန်ကြာအောင် လိုက်လံနမ်းရှုပ်ပြီး အနံ့ကို ကောင်းစွာ မှတ်မိသွားတော့မှ ကေဂျာအနီးမှ ခွာကာ ဝက်ဝံပေါက်ကလေးကို လျှာဖြင့် လျက်ပေးနေလေသည်။

သည်တော့မှ ကေဂျာလည်း သက်ပြင်းချနိုင်ပြီး မျက်လုံးဖွင့် ကြည့်နိုင်တော့သည်။

ဝက်ဝံမကြီးမျက်နှာပေါ်မှာ စောစောကကဲ့သို့ ရန်လိုသော





အမူအယာများ မတွေ့ရတော့ဘဲ သားသမီးနှင့် ပြန်ဆုံရသဖြင့် မိခင် တစ်ဦး၏နူးညံ့သိမ်မွေ့သောသွင်ပြင်ကိုသာ တွေ့ရသည်။

ဝက်ဝံသားအမိတို့၏နူးညံ့သိမ်မွေ့သော ချစ်ခြင်းမေတ္တာ တရားကို မြင်ရသောအခါ ကေဂျာရင်ထဲမှာ ကွယ်လွန်သွားကြသော မိဘတို့ကို လွမ်းဆွတ်သတိရစွာဖြင့် ဆို့နင့်ကြေကွဲမှု ဖြစ်ရသည်။

ဝက်ဝံသားအမိတို့မှာ အတန်ကြာသောအခါ ကေဂျာ ဖိုထား သော မီးဖိုနံဘေးမှာ တစ်ကောင်နှင့်တစ်ကောင် ထွေးပွေ့ကာ အိပ် သွားကြတော့သည်။

ထိုအခါမှ ကေဂျာလည်း ဂူပေါက်ဝ ထွက်၍ အခြေအနေကို ကြည့်တော့ နှင်းမုန်တိုင်း စဲသွားပြီး ရာသီဥတု ပြန်လည်ကြည်လင်လာ သောကြောင့် နေရောင်ခြည် မပျောက်ခင် အပြင်ဘက် ထွက်၍ တောင်ခြေသို့ ပြန်ဆင်းလာသည်။ သူမ၏ရှေ့ဘဝခရီးကတော့ နှင်းဖုံး ထားသောလမ်းပမာ ဝေဝေဝါးဝါးနှင့်ပင်။



www.burmeseclassic.com

www.burmeseclassic.com





## အခန်း (၈)

# အချစ်နှင့်အားသစ်ဖြစ်စေ

“ကေဂျာ”

“ဟင်. . .”

“နင် မနေ့က တောင်ပေါ်ကို တစ်ယောက်ထဲ သွားတယ်ဆို”

“အင်း. . .”

“နောက်ပြီး နှင်းမုန်တိုင်းကျတဲ့အချိန်မှာ နင် တောင်ပေါ်မှာ ရောက်နေတယ်ဆို”

“ဟုတ်တယ်”

“မသေကောင်း မပျောက်ကောင်း ကေဂျာရယ်၊ နင် ဘာဖြစ်လို့ အခုလို အရဲစွန့်ပြီး ဇွတ်လုပ်ရတာလဲဟင်”



www.burmeseclassic.com

www.burmeseclassic.com



ကေဂျာက သက်ပြင်းတစ်ချက်ချပြီး အဝေးသို့ မျှော်ကြည့်နေသည်။ သူမ မျက်ဝန်း၌ ဝမ်းနည်းကြေကွဲမှုများကြောင့် မျက်ရည်ကြည်များ သန်းနေသည်။

"ငါ့ဘဝမှာ တစ်ခါမှ ပျော်ရွှင်ဝမ်းသာဆိုလို့ ဘာတစ်ခုမှ မရှိခဲ့သေးဘူး၊ ငယ်ငယ်ကတည်းက အမေဆိုပြီး ငါမခေါ်ခဲ့ရဘူး၊ အဖေ့ကို အားကိုးအားထား ပြုနေရပြန်တော့လည်း အခု အဖေကလဲ ငါ့ကို ထားခဲ့ပြန်ပြီ"

"ဒါကတော့ ကေဂျာရယ်၊ ကံတရားရဲ့စီမံရာအတိုင်းဆိုတော့ ဘယ်တတ်နိုင်ပါ့မလဲ"

"ဟုတ်တော့ ဟုတ်ပါတယ်၊ ဒါပေမယ့် ဒီလောက်နဲ့ချာတဲ့ ငါ့ဘဝရဲ့ကံကြမ္မာဆိုးပုံကို တွေးပြီး ဝမ်းနည်းမိတာပါ"

"ဒီလောက်လဲ စိတ်ဓါတ်မကျပါနဲ့ဟာ၊ လူ့ဘဝမှာ အဆိုးအကောင်းဆိုတာ အလှည့်နဲ့ ရောက်လာတာပါ၊ အကောင်းရောက်လာတဲ့အခါမှာ ရအောင်ယူပြီး အဆိုးရောက်လာတဲ့အခါမှာ ကြံ့ကြံ့ခံနိုင်အောင် ကြိုးစားရမှာပေါ့"

ကေဂျာက သက်ပြင်းတစ်ချက် ချလိုက်သည်။

"ကေဂျာ"

"ဘာလဲ. . . နီမောင်"

"ဦးလေးရဲ့နာရေးကိစ္စလဲ ပြီးပြီဆိုတော့ နင်ဘယ်လိုစဉ်းစားထားသလဲဟင်"

"ဘာကိုလဲဟင်"

"သူများတွေ ပြောကြသလို ဦးလေးက လဘန်ဆိုင်းဝဲ့ကို ကြွေးမပေးနိုင်လို့ စာချုပ်နဲ့ နင့်ကို အပ်ခဲ့တယ်ဆိုတာ တကယ်များဖြစ်နေမလားဟင်"





"အဲဒီအကြောင်းတွေကို ခေါင်းထဲမှာကို ထည့်မထားဘူး၊ ဒီလို လူယုတ်မာတွေရဲ့လက်ထဲကို ငါ့ဘဝ ဘယ်တော့မှ အရောက်မခံဘူး"

"ဒါပေမယ့် သူတို့ကတော့ နင့်ကို အတင်းလာခေါ်ကြလိမ့်မယ် ထင်တယ်၊ ငါတို့ ဘယ်လိုလုပ်ရင် ကောင်းမလဲဟင်"

ကေဂျာက နီမောင့်မျက်နှာကို အကဲခတ်သလို တစ်ချက်ကြည့်သည်။

"နင်ရော ဘယ်လိုစဉ်းစားထားလို့လဲ"

နီမောင်က ပတ်ဝန်းကျင်ကို တစ်ချက်ကြည့်လိုက်ပြီး စိတ်ချလက်ချ ဖြစ်တော့မှ. . .

"ငါ တော်လှန်ရေးရဲဘော်တွေနဲ့ ဆက်သွယ်မိပြီ ကေဂျာ၊ ငါ တော်လှန်ရေးတပ်ထဲ ဝင်ဖို့ ဆုံးဖြတ်ပြီးပြီ"

"ဟင်. . ."

"ဟုတ်တယ်. . . တပါးသူလက်အောက်မှာ ခေါင်းငုံ့ပြီး အနှိပ်စက်ခံနေရတာထက်စာရင် တော်လှန်တိုက်ခိုက်ရင်း အသက်သေရတာက မြတ်အုံးမယ်"

"နင် ဘယ်တော့ သွားမှာလဲ နီမောင်"

"အမေ့ကိုလဲ ခွင့်ပန်ပြီးပြီ၊ ကိုစောထီးကို လာခေါ်တဲ့အချိန် လိုက်သွားမှာ"

"နင် တကယ်သွားတော့မှာလား နီမောင်"

ကေဂျာက ဆွေးဆွေးမြေ့မြေ့လေသံဖြင့် မေးသည်။

"ဟုတ်တယ်. . . ငါဆုံးဖြတ်ပြီးပြီ ကေဂျာ၊ ငါမသွားခင် နင့်ကို ပြောစရာတွေ ရှိတယ်"

"ဘာပြောမှာလဲဟင်"

"ဒီရက်တွေထဲမှာ ဒီစကားမျိုး ပြောဖို့ မသင့်ပေမယ့် တို့နှစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက် တွေ့ဖို့အချိန်ကလဲ မရှိတော့ ငါပြောစရာရှိတာ ပြောခဲ့ပါရစေ"

ကေဂျာက နီမောင့်မျက်နှာကို အငေးသား မော့ကြည့်နေသည်။

"ငါ နင့်ကို တစ်ယောက်ထဲ ထားခဲ့ရမှာ စိတ်မချဘူး ကေဂျာ၊ ဒီတော့ တစ်ခါတည်း လိုက်ခဲ့ပါလားဟင်"

"အို"

ကေဂျာ မျက်နှာပြင်ပေါ်မှာ ရှက်သွေးရောင် လွှမ်းသွားသည်၊ နီမောင်နှင့် မျက်နှာလွှဲ၍ အဝေးသို့ ကြည့်ရင်း. . .

"မဖြစ်သေးပါဘူး နီမောင်ရယ်၊ ငါ့အပြင် လူမမာ ကြီးမေကလည်း ရှိသေးတယ်၊ တစ်ယောက်တည်း ထားခဲ့လို့ မဖြစ်သေးပါဘူး"

"ငါမရှိတုန်း ဒီရက်ထဲမှာ လဘန်ဆိုင်းရဲ့လူတွေ အတင်းလာခေါ်ရင် နင်ဘယ့်နှယ့်လုပ်မလဲ"

"ဟင်း. . . ငါ့ကို လွယ်လွယ်နဲ့ ခေါ်သွားလို့ရမယ်ထင်လို့လား၊ ဒီလိုလူစားမျိုးတွေလက်ထဲတော့ အရောက်မခံဘူး၊ အသက်ချင်းလဲပစ်လိုက်မယ်. . . သိရဲ့လား"

"နင့်ရဲ့စိတ်ဓါတ်ကို ငါသိပါတယ်၊ ဒါပေမယ့် အားမတန်လို့ မာန်လျှော့လိုက်ရမှာကို စိုးလို့ပါ"

"တစ်သက်လုံး မာန်မလျှော့ဘူး၊ ဒင်းတို့တွေကို ငါ့အမေအတွက် ကလဲ့စားချေရဦးမယ်၊ နင်သွားရမယ့်လမ်းကို ဖြောင့်ဖြောင့်သွား၊ လုပ်ရမယ့်အလုပ်ကို ဖြောင့်ဖြောင့်လုပ်၊ ငါ့အတွက် ဘာမှ နောက်ဆံတင်းမနေနဲ့၊ နင် ဟိုမှာ နေသားထိုင်သားကျရင် ငါ့ကို လာခေါ်လှည့်၊ အဲဒီကျရင် ငါလိုက်ခဲ့မယ်"

"နင် တကယ်ပြောနေတာနော် ကေဂျာ"





ကေဂျာက နီမောင့်မျက်နှာကို လေးလေးနက်နက် ကြည့်ရင်း ခေါင်းညိတ်ပြလိုက်သည်။

"ငါ့အတွက် ဘဝနဲ့ရင်းပြီး ဆုံးဖြတ်ရတဲ့ကိစ္စမျိုးမှာ ပေါ့ပေါ့တန်တန် မပြောပါဘူး နီမောင်ရယ်"

"ဝမ်းသာလိုက်တာ. . . ဒါဖြင့် နင် ငါ့ကို လက်ခံတယ်ပေါ့နော်၊ ဟုတ်လား ကေဂျာ"

"နင်တို့ရဲ့ရည်မှန်းချက်တွေ အောင်မြင်အောင်သာ ကြိုးစားပေတော့၊ အဲဒီအချိန်ရောက်ရင် ငါဟာ နင့်ရဲ့နောက်မှာ အမြဲရှိနေမယ်"

"ဝမ်းသာလိုက်တာ ကေဂျာရယ်၊ ငါဝမ်းသာလိုက်တာ၊ ဒါဖြင့် ငါ စိတ်ချလက်ချ သွားတော့မယ်နော်"

ကေဂျာက နီမောင့်မျက်နှာကို လွှမ်းဆွတ်ကြေကွဲစွာ မော့ကြည့်ရင်း ခေါင်းညိတ်ပြလိုက်လေသည်။

ထို့နောက် တစ်ယောက်လက် တစ်ယောက်ဆုပ်ကိုင်ရင်း မျက်နှာချင်းဆိုင်၍ အချိန်အတန်ကြာအောင် စိုက်ကြည့်လိုက်ကြသည်။

လူငယ်တို့ရဲ့အချစ်သည် ဘဝအတွက် ခွန်အားတစ်ရပ် ဖြစ်စေခဲ့သည်ပဲလေ။





www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၉)

# တောတွင်းမှ ကယ်တင်ရှင်

နီမောင်တို့ ထွက်သွားပြီး တစ်ပတ်လောက်ကြာတော့ ဆန်ဂေါင်ရွာသို့ လဘန်ဆိုင်း၏လက်ပါးစေများ ရောက်လာကြသည်။ ၎င်းတို့သည် ဦးလွမ်နောင်အား မတရား လက်မှတ်ထိုးခိုင်းထားသော စာချုပ်ကို ပြ၍ ကေဂျာအား ခေါ်ရန် ရောက်လာခဲ့ကြခြင်းဖြစ်သည်။

ကြီးမေ အသည်းအသန်ဖြစ်နေချိန် ကေဂျာက ပြုစုပေးနေခိုက် ရောက်လာကြခြင်းမို့ ကေဂျာအဖို့ ရှောင်တိမ်းချိန်ပင် မရလိုက်ပေ။

ရွာသူရွာသားများက အတင်းကန့်ကွက်နေသည့်ကြားမှ ၎င်းတို့က ကေဂျာအား လက်နက်ပြပြီး အတင်းခေါ်သွားကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ကေဂျာခမျာ မည်သို့မျှ ရုန်းကန်ဖယ်ရှား၍ မရနိုင်တော့ဘဲ ဇန်ထွန်းတို့ ခေါ်ရာသို့ ပါသွားလေတော့သည်။

လက်နက်ချင်း မမျှသဖြင့် ကေဂျာအား မတရား ဖမ်းဆီးချုပ်နှောင်၍ ခေါ်သွားကြသည်ကို လက်သီးတဆုပ်ဆုပ် အံတကြိတ်ကြိတ်ဖြင့် ကြည့်နေရုံမှတပါး ရွာသူရွာသားများအဖို့လည်း မည်သို့မျှ မတတ်နိုင်ကြပေ။

ကေဂျာခမျာ အားမတန် မာန်လျှော့ရသည့်ဘဝမျိုးဖြင့် အော်ဟာစ်ရုန်းကန်ရင်း ဇန်ထွန်းတို့ ခေါ်ရာနောက်သို့ ပါသွားလေတော့သည်။

သူတို့သည် ခါကာဘိုရာဇီ တောင်ခြေအနီး တောအုပ်တစ်ခုမှ ဖြတ်၍ ကေဂျာကို ဆွဲခေါ်လာကြသည်။

တစ်နေရာ ရောက်လျှင်...

"မောလိုက်တာကွာ... ခဏနားကြရအောင်၊ ဒီကောင်မကလဲ ရုန်းလိုက်တာ၊ နွားဆွဲခေါ်ရတဲ့အတိုင်းပဲ"

"ဒီလောက်တောင် ရိုလှတာ၊ ဒီတောထဲမှာတင် ပွဲကြမ်းလိုက်ကြရင် ကောင်းမယ်ထင်တယ်"

"ဟော့... မလုပ်နဲ့... မလုပ်နဲ့၊ ဒီကိစ္စမျိုးဆိုရင် တို့ အာစရိက နည်းနည်းမှ သည်းခံမှာ မဟုတ်ဘူး၊ သူပန်မယ့်ပန်းကို ဦးဦးဖျားဖျား နမ်းရပါ့မလားဆိုပြီး သေနတ်နဲ့ ပစ်သတ်လို့ အကုန်သေလိမ့်မယ်"

"ငါတော့ စိတ်မရှည်ချင်တော့ဘူး၊ ဒီတောင်ပေါ်မှာ တို့လေးယောက်ထဲ ရှိတာ၊ တို့လေးယောက် နှုတ်လုံရင် ဖြစ်ပါတယ်၊ ဘယ်လိုလဲဟေ့... သဘောတူလား"

ဇန်ထွန်း စည်းရုံးမှုကို ကျန်သုံးယောက်က စိတ်ဝင်စားဟန်



ဖြင့် ငြိမ်နေကြသည်။

ကေဂျာ့ဘဝကား မတွေးရဲစရာ...။

အားအင်ချင်း မမျှသဖြင့် လူယုတ်မာလေးယောက်လက်ချက်ဖြင့် သူမဘဝလေး ပန်းကောင်းအညွန့်ကျိုး ဖြစ်ရတော့မည်။

ကယ်မည့်သူကလည်း ဝေးပြီ။

"နင်တို့ ငါ့ကို မယုတ်မာကြနဲ့နော်"

"နင်က တို့ကို ကြည်ဖြူမယ့်သူမှ မဟုတ်တာ၊ တို့ကလည်း အကြမ်းနည်းနဲ့ပဲ ချစ်မှ ရမှာပေါ့၊ ကဲ... အမောပြေလေး အလုပ်စလိုက်ကြရအောင်"

ဇန်ထွန်းနှင့် လက်ပါးစေ သုံးယောက်တို့ ယုတ်မာသောအကြံဖြင့် ကေဂျာအား ဝိုင်းဝန်းချုပ်နှောင်ကြသည်။

"နင်တို့ ခွေးကျင့်ခွေးကြံ မကြံနဲ့နော်၊ ကယ်ကြပါ... ကယ်ကြပါအုံးရှင်"

ကေဂျာ၏ကြောက်လန့်တကြား အော်ဟစ်သံက တောထဲမှာပဲ့တင်ထပ်သွားလေသည်။

"ကယ်ကြပါအုံးရှင်"

"နင်အော်လည်း အပိုပါပဲဟာ၊ ဒီတောထဲမှာ နင်အော်လို့လဲ ဘယ်သူမှ မကြားနိုင်ပါဘူး"

လေးယောက်တစ်ယောက်မို့ အော်ဟစ်ရုန်းကန်ရင်းမှကေဂျာဘဝ ရေတိမ်နစ်ရတော့မည့်ဆဲဆဲတွင် မမျှော်လင့်သော အဖြစ်အပျက်တစ်ခု ပေါ်လာလေတော့သည်။

ထိုကား အခြားမဟုတ်ပေ။

တောစပ်မှ ဝက်ဝံကြီးတစ်ကောင် ဘွားကနဲ တိုးထွက်လာပြီး ကာမရမ္မက် စီးနေသော လူလေးယောက်ကို တရကြမ်း ဝင်ရောက်

www.burmeseclassic.com



ကုတ်ဖွဲ့တိုက်ခိုက်လေတော့သည်။

ဇန်ထွန်းတို့အဖွဲ့မှာ သေနတ်များ ပါသော်လည်း **သေနတ်** တခြား လူတခြား ဖြစ်နေချိန်မို့ ဝက်ဝံကြီး တိုက်ခိုက်ခြင်းကို **အလူး** အလဲ ခံရလေတော့သည်။

ဝက်ဝံကြီးမှာ အကောင်ကြီးပြီး သန်မာထွားကျိုင်းလှရာ **ရင်း**၏လက်သည်းကုတ်ချက်တစ်ချက် မိနေလိုက်သည်နှင့် ပေါက်ပြဲစုတ်ပြတ်ကာ နေရာတွင် အသက်ကုန်တော့သည်။ ကျန်သုံးယောက်မှာ ဝက်ဝံလက်သည်းချက်ကြောင့် အတုံးအရုံး လဲကျသေဆုံးကုန်ပြီး ဇန်ထွန်းတစ်ယောက်သာ အရှောင်ကောင်းသဖြင့် ပါးပြင်တစ်ဖက်တွင် ဝက်ဝံကုတ်ချက်တစ်ချက် မိပြီး အသက်လု၍ ထွက်ပြေးနိုင်ခဲ့သည်။

ထိုအခွင့်ကောင်းကို ယူကာ ကေဂျာလည်း နေရာမှ ထကာ ထွက်ပြေးလေရာ တောင်စောင်းတစ်နေရာသို့ ရောက်သောအခါ ခြေချော်၍ ချောက်တစ်ခုအတွင်းသို့ လိမ့်ကျသွားလေတော့သည်။





# အခန်း (၁၀)

## လျှို့ဝှက်သောတိုက်ပွဲ

ထိုအချိန်မှစ၍ ဆန်ဂေါင်ရွာတွင် ကေဂျာ၏သတင်းအစအန ပျောက်သွားလေတော့သည်။ အချို့က ဇန်ထွန်းတို့အဖွဲ့ ခေါ်သွားပြီး တောင်ပေါ်တွင် အနိုင်ကျင့်၍ သတ်ပစ်ခဲ့သည်ဟု ထင်သည်။ အချို့က ထွက်ပြေးရင်း ချောက်ထဲ ကျသေသွားသည်ဟု ပြောကြသည်။ အချို့ကတော့ ဝက်ဝံကုတ်၍သေပြီဟု အမျိုးမျိုး ပြောကြလေသည်။

မည်သို့ဆိုစေ. . .

ကေဂျာတစ်ယောက် သတင်းအစအန ပျောက်သွားသည်ကား အမှန်ပင် ဖြစ်တော့သည်။

နီမောင် ရွာပြန်ရောက်လာပြီး ကေဂျာ၏သတင်းကို ကြားရ



www.burmeseclassic.com

www.burmeseclassic.com



သောအခါ ရင်ထုမနာ ဖြစ်ရလေသည်။

"တောက်. . . လူယုတ်မာတွေ၊ ရွာမှာ ငါမရှိလို့ ဒီလိုဖြစ်ရတာ၊ ငါသာရှိရင် အသက်ချင်း လဲပစ်လိုက်မယ်၊ ဒီလိုတော့ အဖြစ်မခံဘူး"

"သူတို့ လက်နက်အားကိုးနဲ့ အနိုင်ကျင့်ကြတာ၊ ဥပဒေ ဆိုတာကလဲ သူတို့လက်ထဲမှာဆိုတော့ ဘာတတ်နိုင်မှာလဲ နီမောင်ရယ်၊ ကိုယ့်စိတ်ကိုယ်သာ ဖြေပါကွာ"

အချို့ကတော့ နီမောင်ကို ဝိုင်းဝန်းနှစ်သိမ့်မှု ပေးကြသည်။

"ဒီလူတွေဟာ လူလူချင်း ညှာတာထောက်ထားမှု လုံးဝမရှိဘူး၊ နယ်ချဲ့တွေအားကိုး၊ လက်နက်အားကိုးနဲ့ တို့အပေါ်မှာ အမြဲတမ်း အနိုင်ကျင့်နေတော့တာပဲ၊ ဒီတော့ ငုံ့ခံနေမယ့်အစား တို့တတွေ တက်ညီလက်ညီ ရှိဖို့တော့ လိုပြီ"

"ဟုတ်တယ် . . နီမောင်ပြောတာမှန်တယ်၊ သူတို့မှာ သေနတ်ရှိသလို တို့မှာလဲ လေးမြားဓါးလှံတွေ ရှိတာပဲ၊ အနှိပ်စက်ခံနေရတာနဲ့ စာရင် ခုခံတာကမှ အမြတ်ထွက်နိုင်သေးတယ်"

ဤသို့ဖြင့် ဆန်ဂေါင်ရွာအပါအဝင် အနီးပတ်ဝန်းကျင်မှ ရွာများရှိ လူငယ်လူရွယ်များပါ ရရာလက်နက် စွဲကိုင်၍ နီမောင်တို့ တော်လှန်ရေးတပ်ဖွဲ့သို့ ဝင်ကြလေသည်။

ထို့နောက် ကချင်တောင်တန်းများပေါ်တွင် တော်လှန်ရေးတပ်ဖွဲ့များ စုစည်းမိကာ ပြောက်ကျားစနစ်ဖြင့် ဗြိတိသျှတပ်များအား တရကြမ်း ဝင်ရောက်တိုက်ခိုက်ရာ အထိနာကြတော့သည်။

သို့ကြောင့် (၁၉၂၆)ခုနှစ်ဝန်းကျင်လောက်တွင် တော်လှန်ရေး ခေါင်းဆောင်အချို့နှင့် တွေ့ဆုံကာ စစ်ရပ်စဲရန် လက်မှတ်ရေးထိုးရသည်အထိဖြစ်ခဲ့ပြီး (၁၉၂၈)ခုနှစ်ဝန်းကျင်လောက်တွင် ကချင်တောင်





တန်းများပေါ်တွင် ဗြိတိသျှအင်ပါယာ ထပ်မံချဲ့ထွင်ကာ ယခင်ကလို ကြီးစိုးအနိုင်ယူကြပြန်သဖြင့် မိုင်းယောင်းနယ် ကွမ်တူးချက်ဝါဖျရွာ အနီးတွင် လေ့ခွမ်ဇော်ဂေါင်၊ အင်ဘန်းဒပ်ဇော်ဂေါင်၊ မိုင်းယောင်းဇော်တောင်၊ အင်ဘောင်းတန်၊ လဖိုင်ပွန်စစ်၊ ဒင်ခန်းဂေါင်၊ အင်တန်းတူးရင်၊ အူခါလန်မနောင် ခေါ် အူခါလန်ဖန်၊ ဝခေါင်းတူးနှင့် မထွန်ကျော်ဖားတို့ ဦးဆောင်သော ကချင်အမျိုးသားများနှင့် ဗြိတိသျှတပ်များ တိုက်ပွဲဖြစ်ကြပြန်သည်။

ထိုတိုက်ပွဲများ မဖြစ်ပွားမီ ဗြိတိသျှစစ်တပ်များ ချီတက်လာသည်ကို မြင်သော ကလေးငယ်တစ်ယောက်က တော်လှန်ရေးတပ်များအား မောင်းတီးပြီး အချက်ပေးခဲ့သည်။ ဗြိတိသျှတပ်များက ထိုကလေးငယ်ကို သေနတ်ဖြင့် ရက်ရက်စက်စက် ပစ်သတ်ခဲ့သည်။

ထိုတိုက်ပွဲတွင် မျိုးချစ်စိတ်ဓာတ် ပြည့်ဝသော ထိုကလေး၏ ကြိုတင်အသိပေးမှုကြောင့် တော်လှန်ရေးရဲဘော်များ အချိန်မီ သိရှိကာ တိမ်းရှောင်တိုက်ခိုက်နိုင်သောကြောင့် အခွင့်အရေးသာခဲ့သည်။

စောထီး၊ နီမောင်တို့ ပါဝင်သော တော်လှန်ရေးသမားများကလည်း လဘန်ဆိုင်းတို့၏လက်ပါးစေအဖွဲ့များကို အခွင့်အရေး ရလျှင်ရသလို ဝင်ရောက်တိုက်ခိုက်ကြသည်။

လဘန်ဆိုင်းတို့အဖွဲ့တွေကလည်း နီမောင်တို့ တော်လှန်ရေးသမားများ၏သတင်းကို ကြားတာနဲ့ ထိုနေရာသို့ သွားရောက်ကာ လူအင်အား လက်နက်အင်အား သုံး၍ ရှာဖွေတိုက်ခိုက်ကြသည်။

သို့သော် နယ်မြေကျွမ်းကျင်သော တောင်ပေါ်သားတို့ လက်ချက်ဖြင့် အထိနာကြသည်။

ယခုလည်း လဘန်ဆိုင်းထံသို့ "တောင်ပေါ်၌ တော်လှန်ရေးသမားများ စုဝေးနေသည်" ဆိုသော သတင်းအတိအကျ ရသဖြင့်



www.burmeseclassic.com

www.burmeseclassic.com



လူ(၁၀)ယောက်ခန့် လက်နက်ကိုယ်စီဖြင့် တောင်ပေါ် တက်လာကြသည်။ သူတို့အဖွဲ့ တောင်ပေါ် ရောက်လာတော့ နှင်းမကွဲသေး။ နှင်းတောထဲတွင် သတိကြီးစွာဖြင့် လျှောက်လာကြသော ဇန်ထွန်း၏ အဖွဲ့သည် တောင်စောင်းတစ်နေရာသို့ ရောက်သောအခါ ဂူပေါက်ဝ တစ်ခုတွင် ရပ်နေသော ဖြူဖြူသဏ္ဌာန်တစ်ခုကို လှမ်းမြင်ရသည်။

"ဟော့. . . ဟိုမှာ ဘာလဲ"

တစ်ယောက်က လက်ညှိုးထိုးပြသည်။

အားလုံးလှမ်းကြည့်လိုက်တော့ ထိုသဏ္ဌာန်က မရှိတော့။ နောက်တစ်နေရာ ရောက်ပြန်တော့ တောစပ်မှာ ဘွားကနဲ ပေါ်လာပြန်သည်။ သေနတ်ဖြင့် ဗိုင်းချိန်လိုက်ပြန်တော့ နေရာမှ ပျောက်သွားပြန်သည်။

"ဟော့. . . ပျောက်သွားပြန်ပြီ၊ ဘာလဲဟ"

"တို့ကို တောခြောက်နေတာလား"

"ဘာပဲဖြစ်ဖြစ် ဒီတစ်ခါတွေ့ရင် ပစ်သာပစ်ကွာ"

ထိုသို့တိုင်ပင်ပြီး သတိဖြင့် ဆက်လျှောက်လာရာ ဂူပေါက်ဝ တစ်ခုတွင် ရပ်နေသော ဖြူဖြူသဏ္ဌာန်ကို တွေ့ရပြန်သဖြင့် ဇန်ထွန်းက လက်ထဲမှ သေနတ်ဖြင့် လှမ်းပစ်လိုက်သည်။

"ဒိုင်း"

သေနတ်သံကြောင့် နှင်းတောထဲမှာ ပဲ့တင်ထပ်သွားသည်။

"ဇန်ထွန်း. . . မင်းကလဲ သေနတ်နဲ့ ဘာဖြစ်လို့ ပစ်ရတာလဲ၊ တော်ကြာ တော်လှန်ရေးသမားတွေ ကြားသွားရင် မခက်ဘူးလား"

"မတတ်နိုင်ဘူး. . . ငါစိတ်မရှည်တော့ဘူး၊ တို့ကို တောခြောက်နေတာ မင်းတို့ မတွေ့ဘူးလား"

"မင်းအရမ်းလုပ်မနေနဲ့၊ တော်ကြာ တောင်စောင့်နတ် ဖြစ်နေ





ရင် ခက်မယ်၊ အခုတလော တောင်တက်တဲ့သူတွေ ပြောပြောနေသံ ကြားတယ်"

"ဘာကြားတာလဲ"

"တောင်ပေါ်မှာ တောင်တော်သခင်မဆိုလားဘာလား ရှိနေတယ်လို့ ပြောပြောနေကြတယ်၊ ခုနက တွေ့ရတာ တောင်တော်သခင်မလား မသိဘူး"

တစ်ယောက်က ကြောက်ကြောက်လန့်လန့်ဖြင့် ပြောသည်။ ထိုအခါ ကျန်တစ်ယောက်က. . .

"ဘာသခင်မပဲဖြစ်ဖြစ် ကြောက်စရာမလိုဘူး၊ တွေ့တာနဲ့ သေနတ်နဲ့ ပစ်ပြီးသားပဲ"

"ဟေ့ကောင်. . . အရမ်းပြောမနေနဲ့၊ တောင်တော်သခင်မကို စော်ကားတဲ့သူဆိုရင် ချက်ချင်း အန္တရာယ်ပေးတတ်တယ်တဲ့"

"မင်းကလဲ. . . ဒီအယူတွေ ယုံမနေစမ်းပါနဲ့ကွာ၊ သူက အန္တရာယ်ပေးရင် ကိုယ်က သေနတ်နဲ့ ပြန်ပစ်မှာပေါ့. . . အား. . ."

ပြောရင်းဆိုရင်းနှင့်ပင် ထိုသူမှာ 'အား' ကနဲ တစ်ခွန်းသာ အော်နိုင်ပြီး နှင်းတောထဲသို့ 'ဗိုင်း' ကနဲ ပစ်လဲကျသွားလေတော့သည်။ ကြည့်လိုက်တော့ လည်ပင်း၌ အဆိပ်လူးမြားတံ တစ်ချောင်းက ထုတ်ချင်းခတ် ဖောက်ဝင်နေပြီး မျက်ဖြူလန်ကာ အသက်ပျောက်နေပြီဖြစ်၏။

"တောင်တော်သခင်မကို စော်ကားတဲ့သူတော့ ချက်ချင်းဒုက္ခပေးပြီဟေ့"

ထိုအခါ ဇန်ထွန်းက. . .

"တောင်တော်သခင်မ ဒုက္ခပေးတာ မဟုတ်ဘူး၊ တော်လှန်ရေးသမားတွေ ရောက်လာသလား မသိဘူး၊ နေရာယူကြ. . . နေရာ



www.burmeseclassic.com

www.burmeseclassic.com



ယူကြ"

ဇန်ထွန်း အော်လိုက်မှ မဆုံးခင် နောက်ထပ်ဝင်လာသော အဆိပ်လူးမြှားတံအချို့ကြောင့် နှစ်ယောက်သုံးယောက် ပစ်လဲကျသွား ပြန်သည်။

မြှားတံများတွင် ထိသေအဆိပ်များ သုတ်ထားဟန်ရှိသည်။ သွေးစို့ရုံဖြင့် ချက်ချင်းအသက်ပျောက်သွားကြသည်။

"ဟေး. . . သတ္တိရှိရင် ထွက်ခဲ့ကြကွ"

"ဒိုင်း. . . ဒိုင်း. . . ဒိုင်း"

ဇန်ထွန်းတို့မှာ တစ်ဖက်ရန်သူကို မမြင်ရဘဲ သွေးရူးသွေးတမ်း ဖြင့် နှင်းတောထဲသို့ သေနတ်များဖြင့် တဒိုင်းဒိုင်း ပစ်ခတ်နေစေကာမူ အရာမရောက်ဘဲ တစ်ဖက်မှ လျှို့ဝှက်ရန်သူများ ပစ်လွှတ်လိုက်သော မြှားတံများကြောင့် ဇန်ထွန်းတို့ဘက်မှ အလိုတော်ရိများ တစ်ယောက် ပြီးတစ်ယောက် လဲကျသေဆုံးကုန်လေရာ နောက်ဆုံး ဇန်ထွန်းနှင့် တစ်ယောက်နှစ်ယောက်သာ ကျန်ပြီး တောင်ပေါ်မှ အသက်လုပြီး ဆင်းပြေးရလေတော့သည်။

သူတို့ထွက်သွားပြီး ခဏကြာတော့မှ နှင်းတောထဲမှာ လျှို့ ဝှက်စွာ ပုန်းအောင်းနေကြသော လူအချို့ ထွက်လာကြသည်။ သူတို့ သည် သေဆုံးနေသူများထံမှ သေနတ်များကို ကောက်ယူပြီး အ လောင်းများအား နှင်းခဲများဖြင့် ဖုံးအုပ်ထားပစ်လိုက်ကြသည်။ ထို့ နောက် နှင်းတောအတွင်းသို့ အလျှိုလျှို ပြန်လည်ထွက်ခွာသွားကြ တော့သည်။ ပတ်ဝန်းကျင်ကား ပြန်လည်ငြိမ်သက်လျက်. . .။





# အခန်း (၁၁)

# အရေးကြီးက သွေးစည်းကြစေ

ဦးမဂေါင်းနော်၏အိမ်ရှေ့ကွက်လပ်တွင် မီးပုံကြီး ဖိုထား သည်။ ထင်းရှူးသားများအား မီးဆွဲနေသော တဖျစ်ဖျစ် မြည်သံများနှင့် အတူ မီးတောက်ကြီးများက တဝုန်းဝုန်း တောက်လောင်လျက်ရှိသည်။

ဦးမဂေါင်းနော် ခေါ်ထားသဖြင့် ရွာသူရွာသားများ ရောက်နေ ကြသည်။

"ရွာသားတွေကို ခေါ်ရတဲ့အကြောင်းကတော့ အခြားမဟုတ် ဘူး၊ သတင်းထူးတွေ ပြောစရာရှိလို့"

ထိုစကားကြောင့် အားလုံးစိတ်ဝင်စားသွားကြသည်။

"အခု ကချင်ပြည်နယ်တကြောမှာ တပ်စွဲထားတဲ့ ဗြိတိသျှ



www.burmeseclassic.com

www.burmeseclassic.com



နယ်ချဲ့တွေကို တော်လှန်ရေးပြောက်ကျားတပ်တွေက ပြန်ပြီးတိုက်ခိုက်နေတာ အခြေအနေ တော်တော်ကောင်းတယ်လို့ ကြားရတယ်၊ အခု ဆိုရင် လူငယ်တွေ တော်တော်များများကလည်း မျိုးချစ်တွေနဲ့ ပူးပေါင်းပြီး နယ်ချဲ့ဆန့်ကျင်ရေးလုပ်ငန်းတွေ လုပ်နေကြသလို ရှမ်း၊ ကချင်၊ ချင်း၊ နာဂ စတဲ့တောင်ပေါ်နေ တိုင်းရင်းသားတွေလဲ ပူးပေါင်းပြီး နယ်ချဲ့တွေကို တိုက်ထုတ်နေကြပြီ"

"ကောင်းတယ်. . . ကောင်းတယ်"

"အခု တို့ရွာက လူအတော်များများတွေဟာ 'လဘာန်ဆိုင်း' တို့လို နယ်ချဲ့လက်ကိုင်ရိုးတွေရဲ့မတရားနှိပ်စက်မှုကို အတော်ခံကြရတယ်"

"ဟုတ်ပါတယ်. . . ဟုတ်ပါတယ်"

"ဒါကြောင့် တို့ရွာက လူငယ်တော်တော်များများဟာ နယ်ချဲ့တော်လှန်ရေးတပ်ထဲကို ရောက်ကုန်ကြပြီ၊ ပြောချင်တာက ဒီမှာကျန်တဲ့သူတွေ အချင်းချင်း ညီညွတ်ကြဖို့ပဲ၊ တစ်ယောက်အကြောင်းရှိရင် တစ်ယောက်က ကူညီရမယ်၊ တစ်ယောက်ကို မတရားနှိပ်စက်နေရင် ကျန်တဲ့သူတွေက ဝိုင်းကူကြရမယ်၊ တို့တတွေ အကြောင်းရှိရင် နီမောင်တို့ ရှိတဲ့ ပြောက်ကျားတပ်တွေအကူအညီ တောင်းကြရမယ်"

"ဆလိုင်း စီစဉ်တာကို ကျွန်တော်တို့ လုပ်ပါ့မယ်"

"ကောင်းပြီ. . . နောက်တစ်ခု ပြောမယ်၊ အခု တောင်ပေါ်မှာ ထူးခြားမှုတွေ ဖြစ်နေတယ်၊ တောင်ပေါ် သွားတဲ့လူတိုင်း ဆက်တိုက် တွေ့နေရတယ်၊ အဲဒါ 'နှင်းတောင်သခင်မ' အကြောင်းပဲ"

ဦးမဂေါင်းနော်ထံမှ နှင်းတောင်သခင်မ ဆိုသောစကား ကြားလိုက်ရသဖြင့် ဆန်ဂေါင်ရွာသူရွာသားများ လှုပ်လှုပ်ရှားရှား ဖြစ်သွားကြသည်။





"ရွာသားတွေထဲမှာ နှင်းတောင်သခင်မနဲ့ ကြုံခဲ့ဖူးသူတွေ ပါလိမ့်မယ်၊ မင်းတို့အတွေ့အကြုံလေးတွေ ပြန်ပြောပြပါဦး"

ထိုအခါ တောင်ပေါ်တွင် ဆေးမြစ်ရှာသူများထဲမှ 'ငကျော်စံ' ဆိုသူက ထပြောသည်။

"နှင်းတောင်သခင်မ ဆိုတာကို ကျုပ်မြင်ဖူးတယ်၊ တလောက ကျုပ်တစ်ယောက်ထဲ တောင်ပေါ် တက်သွားတုန်း အမှတ်မထင် မြင်ခဲ့ရတာ၊ တစ်ကိုယ်လုံး နှင်းတွေ ဖုံးထားသလို ဖြူဆွတ်နေတာပဲ၊ မျက်နှာကိုလဲ မတွေ့ရဘူး၊ ကျုပ်က သူနဲ့ မလှမ်းမကမ်း ရောက်နေတော့ အသေအချာ တွေ့လိုက်ရတယ်၊ မျက်နှာတစ်ပြင်လုံး မျက်လုံး၊ နှာခေါင်း၊ ပါးစပ် မတွေ့ရဘဲ အဖြူရောင်မျက်နှာပြင်ကြီးပဲ တွေ့ရတယ်၊ အဲဒီအချိန်မှာ စူးစူးဝါးဝါး အော်သံကြီးတစ်သံ ကြားလိုက်ရတာနဲ့ ကျုပ်လဲ ကြောက်တာနဲ့ ပြန်ပြေးလာတာ၊ ပြေးရင်းနဲ့ နောက်ပြန်လှည့်ကြည့်တော့ အဲဒီနေရာမှာ မရှိတော့ဘူး"

ငကျော်စံ စကားကို အားလုံးက စိတ်ဝင်စားကြသည်။ ထိုအခါ နောက်တစ်ယောက်ကလည်း ထပြောပြန်သည်။ ထိုသူ၏နာမည်မှာ 'ထန်ဖုန်းရှိန်' ဖြစ်သည်။

"ငါ့အဖြစ်ကတော့ မင်းနဲ့ မတူဘူး၊ အံ့စရာ အတော်ကောင်းတယ်၊ နှင်းတောင်သခင်မ ရှိတယ်လို့ သူများတွေ ပြောသံကြားတာနဲ့ ငါလဲ ဘုမသိဘမသိနဲ့ ဂူဝတစ်ခုမှာ ငါ့မှာ ပါလာတဲ့အစားအသောက်တွေကို ချပြီး 'နှင်းတောင်သခင်မအား ပူဇော်ပါတယ်. . . စားပါသောက်ပါခင်ဗျား' လို့ အော်ပစ်ခဲ့တယ်၊ ခဏနေလို့ သွားပြန်ကြည့်တော့ အဲဒါတွေ တစ်ခုမှ မရှိတော့ဘူးဗျာ"

"သတ္တဝါတစ်ကောင်ကောင် လာစားသွားတာ ဖြစ်မှာပေါ့ဗျာ"

"မဟုတ်ဘူးကွ. . . သတ္တဝါ ဝင်စားရင် အစအနတော့ ကျန်



www.burmeseclassic.com

www.burmeseclassic.com



ခဲ့ရမှာပေါ့၊ ခုတော့ ဖက်ပါ မ,ယူသွားတာဟ”

“အေး. . . ဒီလိုတော့လဲ အဆန်းသားဟ”

တောလိုက်သမားတစ်ယောက်ကတော့. . .

“ငါကတော့ ဂူပေါက်ဝတစ်ခုနားမှာ ‘နှင်းတောင်သခင်မ ဖဝါးဖျား၊ ကျုပ်ကို သားငါးအမဲရအောင်လဲ ကူညီပေးပါ၊ အန္တရာယ် တွေ့ရင်လည်း ကူညီပေးပါ’ လို့ အော်ခဲ့ပြီး ကတိုးတစ်ကောင် တွေ့တာနဲ့ ဝမ်းသာအားရ လိုက်သွားလိုက်တာ မကြာလိုက်ပါဘူး၊ ကျားနဲ့ တည့်တည့် တိုးကြတော့ပါပဲ”

ထိုစကားကြောင့် နားထောင်သူများ ‘ဝေါ’ ကနဲ ရယ်လိုက်ကြသည်။

“ငါလဲ ကြောက်လန့်တကြားနဲ့ ‘နှင်းတောင်သခင်မ ကယ်တော်မူပါ’ လို့ ခပ်ကျယ်ကျယ် အော်ပစ်လိုက်တယ်၊ ကျားကလဲ ငါ့ကို မျက်ခြေပြတ်မခံဘူး၊ ဟိုက ပတ်ချောင်း ဒီက ပတ်ချောင်း လုပ်နေတုန်း ဖြုန်းဆို ဝက်ဝံကြီးတစ်ကောင် ရောက်လာပြီး ကျားကို ဝင်ကိုက်တာ ကျားခမျာ အသက်လု ထွက်ပြေးလိုက်တာ တန်းနေတာပဲ၊ ထူးဆန်းတာက ဝက်ဝံကြီးက ငါ့ကို ဘာမှရန်မမူဘူး၊ အဲဒီကတည်းက ငါလဲ နှင်းတောင်သခင်မ ရှိတယ်ဆိုတာ ယုံကြည်သွားပြီး တောင်ပေါ်တက်တိုင်း စားကောင်းသောက်ဖွယ်တွေ ယူသွားပြီး နှင်းတောင်သခင်မကို ပူဇော်ပြီးမှ တောလိုက်တာ အဆင်ပြေတယ်ဟ”

ကျန်လူများကလည်း နှင်းတောင်သခင်မနှင့် ပတ်သက်သော အကြောင်းများကို မိမိတို့ ကြုံတွေ့ခဲ့ရသည်များကို အသီးသီး ပြောပြကြသည်။ ထိုအခါ ဦးမဂေါင်းနော်က. . .

“အေး. . . ဘာပဲဖြစ်ဖြစ် နှင်းတောင်သခင်မ ရှိတယ်ပဲဖြစ်စေ မရှိတာပဲဖြစ်စေ တို့ရွာသူရွာသားတွေအတွက် ရန်သူမဟုတ်တာတော့





သေချာတယ်၊ ဘာဖြစ်လို့လဲဆိုတော့ အခုအချိန်အထိ တစ်ဦးတစ်ယောက်ကိုမှ ဒုက္ခပေးတယ်လို့ သတင်းမကြားမိသေးဘူး၊ ကူညီလိုက်လို့သာ အန္တရာယ်က လွတ်ခဲ့ကြတာပဲ ရှိတယ်၊ ဒီတော့ ဘာပဲဖြစ်ဖြစ် နှင်းတောင်သခင်မဆိုတာ တို့ရွာသားတွေအတွက်ကတော့ ရန်သူမဟုတ်တာ သေချာတယ်”

“ဟုတ်တယ်. . . ဆလိုင်းပြောတာ ဟုတ်တယ်”

“ဒါပေမယ့် နှင်းတောင်သခင်မက မကောင်းတာ လုပ်တဲ့လူတွေဆိုရင် မကြိုက်ဘူးထင်တယ်၊ ဘာဖြစ်လို့လဲဆိုတော့ နယ်ချဲ့ လက်ပါးစေတွေ တောင်ပေါ် ရောက်ရင် ဘေးအမျိုးမျိုးနဲ့ ကြုံရတာချည်းပဲလို့ ကြားရတယ်၊ ဘာပဲဖြစ်ဖြစ် တို့အတွက်တော့ မင်္ဂလာရှိတဲ့သတင်းပဲဟေ့”

“ဟုတ်တယ်. . . ဟုတ်တယ်”

“အခုဆိုရင် ဒီလူယုတ်မာတွေ တောင်ပေါ်ကို တစ်ယောက်ချင်း နှစ်ယောက်ချင်း မလာဝံ့သလောက် ဖြစ်နေတယ်၊ လာရင်လဲ တစ်ခုခုဖြစ်ပြီး သေတာပဲ၊ ဒါ ကောင်းတဲ့လက္ခဏာပဲဟေ့”

“ဟုတ်တယ် ဆလိုင်း၊ နှင်းတောင်သခင်မက ကျုပ်တို့ရွာသူရွာသားတွေကိုသာ ဘာမှဒုက္ခမပေးတာ၊ ဒီလူတွေကျတော့ တွေ့တာနဲ့ သတ်တာပဲ၊ သေရင်လဲ ရုပ်ပျက်ဆင်းပျက်ချည်းပဲ”

“အေး. . . ဘာပဲဖြစ်ဖြစ်ပေါ့ကွာ၊ အခု မင်းတို့တတွေကို လူစုခေါ်ပြီး အဓိက ပြောချင်တာကတော့ တို့တတွေအတွက် မဝေးတော့တဲ့ကာလမှာ တိုက်ပွဲတွေ ဆင်နွှဲရလိမ့်မယ်၊ နယ်ချဲ့တွေကို တို့မြေပေါ်က နှင်ပစ်ရလိမ့်မယ်၊ ဒီတော့ တို့တတွေ နိုးနိုးကြားကြားနဲ့ စည်းစည်းလုံးလုံး ရှိကြဖို့ ငါမှာချင်တယ်”

“စိတ်ချပါ ဆလိုင်း၊ အရေးကြုံတာနဲ့ ကျွန်တော်တို့တတွေ



www.burmeseclassic.com

www.burmeseclassic.com



အသက်ကို ပစာနမထားဘဲ တိုက်ပါ့မယ်”

“အေး. . . ကောင်းတယ်၊ ဒီစကားမျိုးကြားရတာ အားရှိစရာပဲ၊ ကိုင်း. . . မင်းတို့တတွေလဲ ပြန်ကြပေတော့”

ထိုသို့ပြောကာ လူစုခွဲလိုက်ကြသည်။





## အခန်း(၁၂)

# တောင်ပေါ်မှ အသက်လုပွဲ

ခါကာဘိုရာဇီ တောင်တန်းများပေါ်တွင် ရာသီဥတု သာယာလျက်ရှိသည်။ ခါတိုင်းလို နှင်းမကျသည့်အပြင် နေရောင်ခြည်များပင် ဖြာဆင်းနေသဖြင့် အနွေးဓာတ် ရနေသည်။ အပူရှိန်ကြောင့် တောင်စောင်းများတွင် ကပ်နေသော သစ်ရွက်များပေါ်တွင် ဖုံးထားသော နှင်းခဲများ တစ်စတစ်စ အရည်ပျော်ကျလျက်ရှိလေရာ သစ်ရွက်သစ်ခက်များ၏သဘာဝ အစိမ်းရောင်များ၊ ပန်းရောင်စုံများ၏သဘာဝ အသွေးအရောင်များ ပေါ်လွင်လာရာ အဝေးမှ ကြည့်လျှင် နေရောင်ခြည်အောက်တွင် ပန်းရောင်စုံများ ဖြန့်ခင်းထားသည့်နှယ် လှပတင့်

www.burmeseclassic.com



တယ်လျက်ရှိတော့သည်။

ကောင်းကင်ထက်တွင် မြူတိမ်ကင်းစင်လျက်ရှိပြီး အပြာရောင် သမ်းနေသောကြောင့် ခါကာဘိုရာဇီတောင်တန်းကြီးများမှာ အပြာရောင်နောက်ခံဖြင့် ခန့်ငြားလှသည်။ တောင်ပေါ်တွင် ယခုလို ရာသီဥတု သာယာသောအချိန်မျိုးကို တောင်ပေါ် တက်သူတို့ သဘောကျ နှစ်သက်လေ့ရှိကြသည်။ ယခုလို နှင်းပျော်သောအချိန်တွင် ကတိုး၊ တောင်ဆိတ် စသော အဖိုးတန် တိရစ္ဆာန်များ အစာရှာ ထွက်လာလေ့ရှိသည်။

နှင်းဖုံးနေသော ခန်းတောက်မြစ်၊ မချစ်ဥ အစရှိသော အဖိုးတန် သစ်မြစ်သစ်ဥများလည်း ပေါ်လာတတ်သည်။ ယခုလို သာယာသော ရာသီဥတုမျိုးတွင် သားကောင်လိုက်သူများ၊ ဆေးမြစ်ဆေးဥ ရှာသူများ အလွယ်တကူ ရှာဖွေတွေ့နိုင်သောအချိန်ဖြစ်သောကြောင့် တောင်ပေါ်သို့ အလုအယက် တက်လာနေသောအချိန်လည်း ဖြစ်သည်။

ထိုအချိန်တွင် တောင်စောင်းတစ်နေရာမှ လူနှစ်ယောက် ဆင်းလာသည်။ ခမောက်များကို ခပ်ငိုက်ငိုက် ဆောင်းထားပြီး ဘောင်းဘီရှည်၊ ကိုယ်ကျပ်အကျႌများကို ဝတ်ဆင်ထားကာ နှင်းကာ သိုင်းဖိနပ်များ စီးထားသည်။ ကျောတွင် ဓါးတစ်လက်စီ လွယ်ထားပြီး ဓါးတွင် ဓါးမြှောင်များ ထိုးထားသည်။

ထို့ပြင် လင်းလေးတစ်လက်ကို ကိုင်ထားပြီး ကျောဘက်တွင် ထိသေအဆိပ်လူးထားသောမြားဘူးက အဆင်သင့်။ သူတို့နှစ်ယောက် သည် တနိုင်းဘက်သို့ သွားကာ တော်လှန်ရေးရဲဘော်များနှင့် တွေ့ပြီး သတင်းအချက်အလက်များ စုဆောင်းကာ ပြန်လာကြခြင်းဖြစ်သည်။

"နီမောင်"





"ဟင်"

"မင်း ဒီတောင်ပေါ် ရောက်တော့ ကေဂျာကို သတိမရဘူး လား"

နီမောင် သက်ပြင်းတစ်ချက် ချလိုက်သည်။ အဝေးတွင် လှမ်းမြင်နေရသော ပန်းရောင်စုံတောင်တန်းများဘက်သို့ မျှော်ကြည့်ရင်း

"ဟင်း. . . သတိရတာပေါ့ ကိုစောထီးရယ်၊ သူ ကျွန်တော့်ကို ခွဲခွာသွားတာ အတော်ကြာပြီ၊ ဒါပေမယ့် တစ်နေ့မှ သူ့ကို မမေ့ပါဘူး"

"မင်းနဲ့သူနဲ့က ချစ်သူတွေ ဖြစ်ခဲ့ကြပြီးမှ အခုလိုအဖြစ်မျိုးနဲ့ ကြုံရတာလား"

"ဟင့်အင်း. . . ကျွန်တော် သူ့ကို ဖွင့်မပြောရသေးပါဘူး၊ ဒါပေမယ့် ကိုစောထီးရယ်၊ သူ ကျွန်တော့်ကို ချစ်နေတယ်ဆိုတာ ကျွန်တော့်ရင်ထဲက သိနေသလို ကျွန်တော် သူ့ကို ချစ်နေတယ်ဆိုတာ ကိုလဲ သူသိပါတယ်၊ တကယ်တော့ နှစ်နှစ်ကာကာ ချစ်ကြသူချင်းတွေ ဟာ ပါးစပ်က ဖွင့်ပြောမှ သိကြတာ မဟုတ်ပါဘူး၊ ရင်ထဲက အလိုလို သိနေတာမျိုး မဟုတ်လား"

"အေးကွာ. . . ငါကတော့ အချစ်အကြောင်းတွေဘာတွေ မသိပါဘူး၊ ဒါပေမယ့် မင်းတို့အတွက်တော့ ကိုယ်ချင်းစာမိပါတယ်၊ သူ တောင်ပေါ်မှာ ပျောက်သွားတော့ မင်း ရွာမှာ မရှိဘူး မဟုတ် လား"

"ဟုတ်တယ်. . ကျွန်တော် တော်လှန်ရေးတပ်ဖွဲ့ထဲကို ရောက် နေတာ၊ သူ့ရဲ့အဖြစ်ဆိုးကို ကျွန်တော် ဘယ်လိုမှ အကူအညီမပေး လိုက်နိုင်ဘူးဗျာ၊ ဒီနေ့အထိ ကျွန်တော် စိတ်မကောင်းဖြစ်နေမိတာလဲ ဒီအတွက်ပါပဲ"

"ပြီးတာတွေလဲ ပြီးသွားပြီပဲကွာ၊ ဖြစ်ပြီးတာတွေကို မေ့နိုင်



www.burmeseclassic.com

www.burmeseclassic.com



အောင်သာ ကြိုးစားပါကွာ၊ တို့တတွေ ရှေ့မှာ လုပ်ရမယ့်အလုပ်တွေ အများကြီး ရှိသေးတယ်ကွ"

နီမောင် သက်ပြင်းတစ်ချက် ချလိုက်သည်။

"ကဲ. . . တို့ စခန်းအမြန်ပြန်ကြရအောင်"

နှစ်ယောက်က ခပ်သုတ်သုတ် ထွက်လာကြစဉ် ဂူတန်းတစ်ခု အနီးသို့ ရောက်သောအခါ အသင့်စောင့်ဆိုင်းနေဟန်တူသော လူတစ်စု ထွက်လာပြီး သူတို့နှစ်ယောက်အား သေနတ်များဖြင့် ချိန်ထားသည်။

နီမောင် လှမ်းကြည့်လိုက်တော့ လဘန်ဆိုင်း၏လက်ပါးစေ တပည့်များဖြစ်ကြောင်း သိလိုက်သည်။

"အတော်ပဲကွာ. . . မင်းတို့ကို တွေ့ချင်လို့ လာရှာနေတာ၊ တွေ့မယ့်တွေ့တော့လဲ ဆိုက်ဆိုက်မြိုက်မြိုက်ပါပဲလား"

"ကျုပ်တို့ကို ဘာအပြစ်ရှိလို့ ဖမ်းတာလဲ"

"မင်းတို့မှာ ဘာအပြစ်ရှိတယ် မရှိဘူးဆိုတာ တို့ မသိပါဘူးကွာ၊ ဒါပေမယ့် တို့ဆရာကြီးတွေက မင်းတို့ကို သိပ်ပြီးတွေ့ချင်နေလို့ အခုလို လာခေါ်ရတာပါ။ ကဲ. . . အချိန်မရှိဘူး၊ သွားကြရအောင်၊ တစ်ခုတော့ ကြိုပြောထားမယ်၊ တို့ မျက်စိနောက်အောင်တော့ မလုပ်နဲ့နော်၊ တို့က ညှာမှာ မဟုတ်ဘူး"

နီမောင်နှင့်စောထီးတို့မှာ မည်သို့မှ မတတ်နိုင်တော့ဘဲ သူတို့ ခေါ်ရာနောက်သို့ လိုက်ခဲ့ကြရသည်။ သူတို့အဖွဲ့မှာ (၁၅)ယောက်ခန့် ရှိပြီး လက်နက်ကိုယ်စီ ကိုင်ဆောင်ထားကြလေသည်။

နီမောင်နှင့် စောထီးတို့မှာ အခွင့်အရေး ရလျှင်ရသလို ကိုယ့်နည်းကိုယ့်ဟန်ဖြင့် လှုပ်ရှားကြရန် အဆင်သင့် ပြင်ထားရင်း သတိနှင့် လိုက်ခဲ့ကြသည်။





ထိုအချိန်တွင် သူတို့တတွေနှင့် မလှမ်းမကမ်း သစ်တောထဲတွင် ဖြူဖြူသဏ္ဍာန်တစ်ခု 'ရိပ်ကနဲ. . . ရိပ်ကနဲ' လှုပ်ရှားနေသည်ကို နီမောင် သတိပြုမိလိုက်သဖြင့် စောထီးကိုပါ မျက်ရိပ်ပြလိုက်သည်။ လက်ပါးစေများထဲမှ အချို့ကလည်း ထိုဖြူဖြူသဏ္ဍာန်ကို တွေ့လိုက်ရာ မျက်စိမျက်နှာပျက်သွားကြသည်။ တစ်ကြိမ်တွင် တောင်စောင်းတစ်နေရာမှ ငှက်အော်မြည်သံကဲ့သို့ စူးစူးဝါးဝါး အော်သံတစ်ခု ပေါ်ထွက်လာသည်။ တောင်စောင်းတစ်နေရာ ရောက်သောအခါ ကျောက်ခဲကြီးများ 'ဝေါ' ကနဲ ပြိုဆင်းကျလာသည်။

သတိဖြင့်နေသော နီမောင်နှင့်စောထီးတို့မှာ အန္တရာယ်ကို လွတ်အောင် ရှောင်လိုက်နိုင်ကြသော်လည်း နယ်မြေမကျွမ်းသူများအဖို့တော့ ကျောက်တုံးများအောက်သို့ ရောက်ကာ အသက်ပျောက်ကုန်တော့သည်။

"ဝေါ. . . ဝေါ. . . ဝေါ"

"ဝုန်း. . . ဝုန်း. . . ဝုန်း"

"အား. . . အား. . . အား"

"နီမောင် ပြေးတော့ဟေ့"

အခွင့်အရေး ရသည့်အခိုက် နှစ်ယောက်သား ချောက်ထဲသို့ ခုန်ချကာ လူစုခွဲ၍ ထွက်ပြေးကြတော့သည်။

"ဟေ့. . . မပြေးနဲ့"

"ဒိုင်း. . . ဒိုင်း. . . ဒိုင်း"

သေနတ်ဖြင့် လှမ်းပစ်သည်။

သို့သော် နီမောင်တို့နှစ်ယောက် လွတ်အောင် ရှောင်ထွက်နိုင်ခဲ့ကြသည်။ လက်ပါးစေများမှာ ကျောက်တုံးပိသေသူ သေနှင့် ကျန်သူများက နီမောင်တို့နှစ်ယောက်နောက်ကို လိုက်ကြသည်။ ထို့ကြောင့်



www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်သား လူချင်းခွဲ၍ ထွက်ပြေးကြသည်။

နီမောင်နောက်သို့ လက်နက်ကိုင်(၃)ယောက် လိုက်လာသည်။ ရှေ့က ပြေးရင်းမှ နီမောင် တောင်စောင်းတစ်နေရာ၌ ရောက်သောအခါ အောက်သို့ ငုံ့ကြည့်သည်။ မိမိနောက်သို့ လူသုံးယောက် လိုက်လာတာကို တွေ့သောအခါ ကျောမှ အဆိပ်လူးမြား ထုတ်၍ လေး၌ တပ်ကာ အသင့်စောင့်သည်။ မြင်ကွင်းထဲ ရောက်လာသောအခါ မြားဖြင့် ပစ်သည်။

ရှေ့ဆုံးမှ တက်လာသူ မြားချက်ထိပြီး 'အား'ကနဲ လဲကျသွားသည်။ ကျန်နှစ်ယောက်က နီမောင် ရှိသည့်နေရာသို့ သေနတ်ဖြင့် လှမ်းပစ်သည်။

"ဒိုင်း. . . ဒိုင်း"

နီမောင် ကွယ်နေသောနေရာသို့ ကျည်ဆန်များ လာရောက်ထိမှန်သည်။

နောက်မှ သေနတ်ဖြင့် လှမ်းပစ်ကြသည်။ တိတ်ဆိတ်နေသော တောင်ပေါ်တွင် သေနတ်သံများက ပဲ့တင်ထပ်လျက်ရှိသည်။ တစ်နေရာအရောက်တွင် နွယ်ကြိုးတစ်ခုကို သုတ်ကိုင်းချည်ထောင်ထားခဲ့သည်။ နောက်မှ လိုက်လာသူများ တုံးကို ကျော်ပြီး လှမ်းနင်းလိုက်သည်နှင့် သုတ်ကိုင်းပြုတ်ပြီး ခြေထောက်ကို နွယ်ကြိုးပတ်မိကာ လေထဲမှာ တန်းလန်းကြီး ပါသွားသည်။

နီမောင် လေထဲမှ ပစ်မှတ်ကို မြားဖြင့် လှမ်းပစ်သည်။ ပစ်မှတ်ကို မလွဲ။ လေထဲမှ လူသည် မြားချက်ထိပြီး 'အင့်' ခနဲသာ အော်နိုင်ပြီး ခဏချင်း အသက်ပျောက်သွားသည်။ တစ်ယောက်ထဲကျန်သူက သေနတ်အားကိုးဖြင့် အရဲကိုးပြီး နောက်မှ ပြေးတက်လာသည်။ သစ်ပင်ကွယ်တစ်နေရာသို့ ရောက်သောအခါ နီမောင် လျှပ်





ဘပြက် ထွက်ပြီး သေနတ်ကို ကန်ထုတ်ပစ်သည်။ သေနတ်လွင့်ထွက်သွားသောအခါ လူချင်း ပူးသတ်သည်။ ထိုသူကလည်း အညှံ့မခံဘဲ ခါးအိမ်ထဲမှ ဓါးကို ဖျတ်ကနဲ ဆွဲထုတ်ပြီး နီမောင်ကို တိုက်ခိုက်သည်။

နှစ်ယောက်သား ဓါးတစ်လက်စီဖြင့် သူသေကိုယ်သေ တိုက်ခိုက်ကြသည်။ တစ်ကြိမ်တွင် ချောက်ကမ်းပါးစွန်းသို့ ရောက်သွားသည်။

နီမောင် အရှိန်ဖြင့် ဝင်လာသော ဓါးဦးကို လွတ်ရုံကလေး ကိုယ်လှည့်ရှောင်ရင်း တံတောင်ဖြင့် ရန်သူရင်ဝသို့ ရိုက်သည်။ 'အင့်' ကနဲ မြည်ရင်း ကိုယ်ဟန်ပျက်သွားစဉ် မိမိဓါးဖြင့် နံကြားသို့ ပက်ထိုးသည်။

လက်ဖြင့် ဆီးဖမ်း၍ နီမောင်ကိုလည်း ပြန်ထိုးသည်။ နီမောင်ကလည်း ဓါးကိုင်လက်ကို ပြန်ဖမ်းရင်း နှစ်ယောက်သား လုံးထွေးသတ်ပုတ်ကြတော့သည်။ ထိုသို့သတ်ပုတ်ရင်း ချောက်ကမ်းပါးစွန်းဘက်သို့ ရောက်သွားချိန်တွင် ရန်သူလက်မှ ဓါးလွတ်ကျသွားခိုက် နီမောင်လက်မှ ဓါးက ရန်သူ့နံကြားသို့ အရိုးအထိ ထိုးသွင်းလိုက်သည်။ 'အား' ကနဲ တစ်ချက်အော်ပြီး ချောက်ထဲ လိမ့်ကျသွားရာ နီမောင့်ကိုပါ ဖက်ထားသောကြောင့် နှစ်ယောက်စလုံး လုံးထွေးကျသွားလေတော့သည်။





www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၁၃)

# နှင်းတောင်ရှင်မ ပုံရိပ်

အချိန်မည်မျှကြာအောင် မေ့နေသည် မသိကြပေ။ သတိရလာတော့ ပတ်ဝန်းကျင်တစ်ခုလုံး ပိန်းပိတ်အောင် မှောင်နေပေပြီ။

မိမိရောက်နေသည့်နေရာကို သတိထားကြည့်လိုက်တော့ ဂူတစ်လုံးအတွင်းမှာဖြစ်ပြီး သူနှင့် မနီးမဝေးနေရာတွင် အရှိန်သေစပြုနေသော မီးဖိုတစ်ဖိုလည်း ရှိသည်။

"ငါ ဒီဂူထဲကို ဘယ်လို ရောက်နေတာပါလိမ့်၊ ငါ့အရင် ဘယ်သူများ ရောက်နှင့်နေပါလိမ့်၊ ဘာပဲဖြစ်ဖြစ် ငါ ဒီအထဲရောက်နေတာ အလွန်ကံကောင်းတယ်၊ အပြင်ဘက်မှာသာ ဒီလိုအချိန်အကြာကြီး



www.burmeseclassic.com

www.burmeseclassic.com



သတိမေ့နေရင် နှင်းခဲလို့ သေသွားမှာ သေချာတယ်၊ ဘာပဲဖြစ်ဖြစ် ငါ့ကို ကယ်လိုက်တဲ့သူကိုတော့ အထူးကျေးဇူးတင်ရမယ်"

နီမောင် နေရာမှ ထသည်။

အငွေ့သေစပြုနေသော မီးပုံကို ကြည့်တော့ လူတစ်ဦးတစ်ယောက် ဖိုထားသော မီးဖိုဖြစ်မှန်း သိရသဖြင့် ဂူအတွင်းပိုင်းကို လိုက်ကြည့်သော်လည်း တစ်ဦးတစ်ယောက်မှ မတွေ့ရပေ။

မီးပုံမှ မီးစတစ်ချောင်းကို ယူပြီး အသေအချာ လိုက်ကြည့်တော့ တစ်ခါတစ်ရံ ထိုဂူထဲ၌ လူနေသည့် လက္ခဏာများအပြင် တိရစ္ဆာန်များလည်း လာရောက်နေထိုင်ကြောင်း သဲလွန်စများ တွေ့ရသည်။

ထို့ပြင် ဂူနံရံတွင် သံချွန်တစ်ခုဖြင့် ခြစ်၍မှတ်သားထားသော ဂဏန်းများ၊ လူနာမည်အချို့ကိုလည်း တွေ့ရသည်။ ထို့ထက် ထူးဆန်းသည်က ဂူနံရံတွင် ထူးထူးခြားခြား ရေးထားသောနာမည်များကို တွေ့လိုက်ရသဖြင့် နီမောင် အံ့သြသွားသည်။

နီမောင် ဂူထဲသို့ လိုက်ကြည့်ပြီး မထူးခြားတော့မှ မီးပုံကို မီးအရှိန်ရအောင် ပြန်ထည့်ကာ ထိုမီးပုံနံဘေးနားမှာပင် တစ်ညအိပ်လိုက်သည်။ ညဘက်တွင် ဂူအပြင်ဘက်မှ ထူးထူးခြားခြား တိရစ္ဆာန်အော်သံများ ကြားရသော်လည်း ဂူအတွင်းသို့ ဝင်ကာ နှောင့်ယှက်ခြင်း မရှိကြပေ။

သို့ကြောင့် စိတ်ချလက်ချ အိပ်ပြီး နံနက်လင်းသောအခါမှ ဂူအပြင်သို့ ထွက်ကာ ရွာဘက်သို့ ပြန်ခဲ့လေသည်။

ဒေါ်မေဇာက သားဖြစ်သူကို မြင်လိုက်ရတော့ ဝမ်းသာအားရ ဖြစ်သွားသည်။

"ငါ့သားလဲ ရွာက ထွက်သွားကတည်းက အခုမှပဲ ပေါ်လာ





တော့တယ်၊ နေကောင်းရဲ့လား သား"

"ကောင်းပါတယ် အမေ၊ အမေရော နေကောင်းတယ်မဟုတ်လား"

"ကောင်းပါတယ်ကွယ်. . . ဒါထက် သား ဘယ်က လှည့်လာတာလဲ"

"တနိုင်းဘက် ဆင်းရင်း ကြုံလို့ အမေ့ဆီ ဝင်လာခဲ့တာ၊ ဒါထက် ရွာကို လဘက်ဆိုင်းလူတွေ လာကြသေးလား"

"တစ်ခါတစ်ခါတော့ လာတယ်၊ တော်လှန်ရေးသမားတွေ လာရှာတယ်ဆိုလားဘာလား၊ တစ်ရွာလုံးက ဘာမှမပြောကြဘူး၊ မေးရင် မသိဘူး မရှိဘူး ပြောလွှတ်လိုက်ရင် ပြန်သွားကြတာပဲ"

"အင်း. . . ကောင်းတယ်၊ ဒါထက် အမေတို့ရွာက လူတွေ ဘာတွေလုပ်နေကြတာလဲ၊ အင်လုံ့အင်နန်ရှားပွဲတော်လဲ မရှိပါဘဲ မုန့်လုပ်ဖို့တွေ ပြင်နေကြပါလား. . . ဘာလုပ်ဖို့လဲဟင်"

ထိုအခါ ဒေါ်မေဇာက. . .

"အော်. . . ငါ့သားက ရွာက ထွက်သွားတာ ကြာတော့ ဒီအကြောင်းတွေ မသိသေးဘဲကိုး၊ အခု တောင်ပေါ်မှာ နှင်းတောင်သခင်မဆိုတာ ပေါ်နေတယ်၊ အမေတို့ ရွာသူရွာသားတွေအတွက်ကတော့ အားကိုးအားထား အတော်ပြုလို့ရတယ်၊ တောင်ပေါ်တွေမှာ အန္တရာယ်တစ်ခုခု ကြုံရင် ကူညီကယ်တင်ပေးတယ်"

"ဟုတ်လား အမေ"

"အေး. . . ဟုတ်တယ်ကွယ့်၊ တစ်ခုထူးခြားတာက နှင်းတောင်သခင်မက ရွာသူရွာသားတွေကို ဒုက္ခတွေ့ရင် ကယ်တင်ပေးသလို အမေတို့ ရွာသူရွာသားတွေကို ဒုက္ခပေးတဲ့လူတွေဆိုရင်လဲ တစ်ယောက်မှ အလွတ်မပေးဘူး. . . အကုန်သတ်ပစ်တာပဲ၊ အခုဆို

www.burmeseclassic.com



ရင် လဘာန်ဆိုင်းတို့အုပ်စုတွေဆိုရင် တစ်ယောက်ချင်း နှစ်ယောက်ချင်း အပြင်မထွက်ဝံ့အောင် ဖြစ်နေကြပြီ၊ ထွက်တာနဲ့ သေတာပဲ"

"ဘယ်လိုသေတာလဲ အမေ"

"သတ္တဝါတစ်ကောင်ကောင် ကုတ်ဖဲ့သတ်ဖြတ်ခံရသလို သေတာပဲ၊ ခုထိတော့ တရားခံ မပေါ်သေးဘူး၊ ဘာပဲဖြစ်ဖြစ် နှင်းတောင် သခင်မကြောင့် လဘာန်ဆိုင်းလူတွေ၊ နယ်ချဲ့မျက်နှာဖြူတွေဟာ အမေ တို့ ရွာတွေဘက်ကို သိပ်မလာဝံ့ကြတော့ဘူးကွယ်"

"ကောင်းတာပေါ့ အမေရယ်၊ ဒါထက် အမေတို့တတွေက နှင်းတောင်သခင်မကို ဘယ်လိုပူဇော်ကြတာလဲ"

"တောင်ပေါ်မှာ နှင်းတွေ ဝေတဲ့အချိန်တွေ၊ လဆန်းရက် လပြည့်ရက်တွေမှာ တောင်ပေါ်ကို သွားပြီး မုန့်ပွဲတွေနဲ့ ပူဇော်ကြတာ အတော်ကြာပါပကောလား"

"အခု ဘယ်တော့ သွားကြမှာလဲ"

"ဒီနေ့ လပြည့်နေ့လေ၊ တောင်ပေါ်မှာ နှင်းတွေလဲ ကျနေ တယ်၊ ဒီက မုန့်တွေ လုပ်ပြီးရင် စုသွားကြမှာ"

"အတော်ပဲ. . . ကျွန်တော်လဲ တောင်ပေါ်ကို လိုက်ခဲ့မယ်"

"အင်း. . . သားလိုက်ချင်လိုက်ခဲ့ပေါ့"

ဤသို့ဖြင့် ညနေစောင်းအချိန်လောက်တွင် ဆန်ဂေါင်ရွာမှ လူများ မုန့်ထုပ်များ အသီးသီးယူ၍ ခါကာဘိုရာဇီတောင်ပေါ်သို့ တက်ကြသည်။

သူတို့တတွေ တောင်ပေါ် ရောက်တော့ နေစောင်းနေပြီ။ အလင်းရောင်က တောင်ရိပ်ကွယ်သွားပြီဖြစ်၍ ပတ်ဝန်းကျင်တဝိုက် အမှောင်ရိပ်များပင် သမ်းနေပေပြီ။

နေ့လည်ပိုင်းက ဖွဲဖွဲကလေး ကျနေသော နှင်းမှုန်များသည်





ညနေပိုင်း ရောက်သောအခါ သဲသဲမဲမဲ ကျဆင်းလာရာ ကောင်းကင်မှ ပေါက်ပေါက်ဆုပ်များ ကြဲချနေသလို အဆုပ်လိုက် အခဲလိုက် ကျလာ တော့သည်။

တောင်ပေါ်တက်သူများ ခေါင်းပေါ်တွင် ပေါင်းထားသော ဦးထုပ်ခေါင်းပေါင်းများပေါ်တွင် နှင်းများ ဖွေးဖွေးလှုပ်လျက်ရှိတော့ သည်။

ရွာသူရွာသားများသည် တောင်စောင်းတစ်နေရာရှိ ဂူပေါက်ဝ တစ်ခုသို့ ရောက်လျှင် ပါလာသော မုန့်ထုပ်များကို ကျောက်တုံး တစ်တုံးပေါ်၌ တင်လိုက်ကြပြီး. . .

"နှင်းတောင်သခင်မအား စားသောက်ဖွယ်ရာများဖြင့် တင် မြှောက်,ပသပါတယ်၊ စားပါသောက်ပါခင်ဗျာ၊ ကျွန်တော်တို့တတွေ အားလည်း ဘေးရန်အပေါင်းမှ ကင်းဝေးရန် စောင့်ရှောက်ပေးတော်မူ ပါ၊ ကောက်ပဲသီးနှံ အထွက်ကောင်းစေရန်နဲ့ တောင်ပေါ် တက်ရင် ဆေးမြစ်ဆေးဝါး၊ သားငါးတိရစ္ဆာန်များ ရရှိစေရန် ကူညီပေးတော်မူ ပါ"

ဟု သံပြိုင်ဟစ်အော် တင်မြှောက်ကြလေတော့သည်။

၎င်းတို့၏သံပြိုင်အော်သံများက တောင်နံရံတခွင် ပဲ့တင်ရိုက် ခတ်လျက်ရှိသည်။

ထိုသို့ ဟစ်အော်လိုက်ကြပြီး မကြာမီ ကုန်းမြင့်တစ်နေရာရှိ နှင်းတောထဲမှ မည်းမည်းသဏ္ဌာန်ကြီး ပေါ်လာသည်။ ထိုသဏ္ဌာန် ကြီးမှ စူးစူးဝါးဝါးအော်သံကြီး ပေါ်လာရာ ရွာသူရွာသားများမှာ ကြောက်ရွံ့စွာဖြင့် မြေပေါ်သို့ ဝပ်လိုက်ကြသည်။

နီမောင်ကတော့ ထိုမည်းမည်းသဏ္ဌာန်ကြီး၏လှုပ်ရှားမှုကို မမှိတ်မသုန် စိုက်ကြည့်နေသည်။ ၎င်းမည်းမည်းသဏ္ဌာန်မှာ အလွန်



www.burmeseclassic.com

www.burmeseclassic.com



ကြီးသော သတ္တဝါကြီးတစ်ကောင်ဖြစ်မှန်း သိရှိမှလွဲပြီး နှင်းများ ထိပ် သည်းစွာ ကျနေသောကြောင့် မည်သည့်သတ္တဝါ ဖြစ်မှန်းတော့ မသိ နိုင်ပေ။

မကြာမီ နှင်းမှုန်များကြားမှ ဆွတ်ဆွတ်ဖြူနေသောသဏ္ဌာန် တစ်ခု ပေါ်လာသည်။ ၎င်း၏သဏ္ဌာန်မှာ လူတစ်ယောက်၏သဏ္ဌာန် မျိုးဖြစ်ပြီး ဝတ်ဆင်ထားသောဝတ်စုံမှာ လေထဲ၌ တလူလူ လွင့်နေ သည်။

"ဒါ သူတို့ပြောတဲ့ နှင်းတောင်သခင်မ ဆိုတာ ဖြစ်မယ်ထင် တယ်"

နှင်းတောင်သခင်မ ရောက်လာတော့ စောစောက တွေ့ရ သောမည်းမည်းသဏ္ဌာန်ကြီးမှာ မလှုပ်ရှားတော့ဘဲ ငြိမ်၍ရပ်နေသည်။

"နှင်းတောင်သခင်မကို ပူဇော်ပသပါ၏"

"နှင်းတောင်သခင်မကို ပူဇော်ပသပါ၏"

"နှင်းတောင်သခင်မကို ပူဇော်ပသပါ၏"

ဟု ရွာသူရွာသားများက သံပြိုင်အော်လိုက်ကြသည်။

မကြာမီ နှင်းများ သိပ်သည်းစွာ ကျဆင်းလာသောကြောင့် နှင်းတောင်သခင်မ ရုပ်လွှာ တဖြည်းဖြည်း ပျောက်ကွယ်သွားပြီးနောက် သတ္တဝါကြီးသဏ္ဌာန်လည်း ပျောက်သွားလေတော့သည်။

ထိုအခါမှ ရွာသူရွာသားများ ရွာသို့ ပြန်လာကြတော့သည်။ နီမောင်စိတ်ထဲ၌မူ ၎င်းမှာ လျှို့ဝှက်သောအဖြေတစ်ခု ရှိလိမ့်မည်ဟု ထင်နေမိသည်။







# အခန်း (၁၄)

# နှင်းတောင်သခင်မ ကျိန်စာ

"တောက်. . . မင်းတို့တွေဟာ တစ်ကောင်မှ အသုံးမကျ ဘူး၊ လယ်ခွန်မြေခွန်နဲ့ ကြွေးတွေကို ရအောင်တောင်းပါဆိုလည်း မရဘူး၊ တော်လှန်ရေးသမားတွေကို မိအောင်ဖမ်းပါ၊ သတင်းရအောင် စုံစမ်းပါဆိုလည်း မရဘူး၊ ဒီကြားထဲ နှင်းတောင်သခင်မဆိုလား ဘာလား မသိဘူး၊ သူ့လက်ချက်ကြောင့် ငါ့လူတွေ သေတာ မနည်း တော့ဘူး၊ ဒါတွေဟာ မင်းတို့ အသုံးမကျလို့ အခုလို ဖြစ်နေရတာ. . . သိကြရဲ့လား"

အခန်းတွင်း၌ ဦးလဘန်ဆိုင်း၏စကားသံများက ကျားဟိန်း



www.burmeseclassic.com

www.burmeseclassic.com



သံလို ဟိန်းထွက်နေသည်။

ဇန်ထွန်းအပါအဝင် ၎င်း၏လက်ပါးစေတပည့်များမှာကျောက်ရုပ်များကဲ့သို့ တောင့်တောင့်ကြီး ရပ်လျက် ဆူသမျှ ပြောသမျှ ခေါင်းငုံ့ခံနေကြသည်။

“အခု တော်လှန်ရေးသမားတွေဆိုရင် ဘယ်လောက်အတင့်ရဲလာသလဲဆိုရင် လူတွေကို တွေ့သမျှနေရာမှာ ဝင်တိုက်နေကြတယ်၊ အခုဆိုရင် ရွာတွေကို ကြွေးတောင်း စပါးသိမ်းတောင် မသွားဝံ့ကြတော့ဘူး၊ သွားတာနဲ့ လမ်းမှာတင် အသတ်ခံရတော့တာပဲ၊ ငါတို့ရဲ့ အရှင်သခင်တွေဆိုရင်လည်း တော်လှန်ရေးသမားတွေလက်ချက်ကြောင့် အနယ်နယ် အရပ်ရပ်တွေမှာ အတော်အထိနာနေကြပြီ၊ အရင်က သိမ်းပိုက်ထားတဲ့ စခန်းတော်တော်များများတွေလည်း လက်လွှတ်ပေးလိုက်ကြရပြီ၊ အဲဒါတွေ မင်းတို့ သိရဲ့လား”

တစ်ယောက်မှ မလှုပ်ဝံ့ကြ။

“နောက်ဆိုရင် တို့သခင်တွေ မရှိတော့ရင် ငါတို့ကို ညစ်ပူးညစ်ပတ် ဝင်တိုက်ကြတော့မှာကိုရော သိရဲ့လား”

“လာတိုက်ရင်တော့ တစ်ပွဲတစ်လမ်း တွေ့ကြတာပေါ့ ဆရာရယ်”

“ပြောတော့ အလွယ်လေး၊ အခုတောင် မင်းတို့ ဘယ်လောက် သေကုန်ကြပြီလဲ”

“ဒါကတော့ အငိုက်မိသွားလို့ပါ”

ဇန်ထွန်းက အရှက်ပြေ ပြောလိုက်သည်။

“ဒီနှင်းတောင်သခင်မဆိုတာလည်း ဘယ်လိုဟာမျိုးလဲ”

“နှင်းတောထဲက ထွက်ထွက်လာတာပဲ၊ သူလာရင် ကြောက်စရာ သတ္တဝါကြီးတွေလည်း ပါလာတတ်တယ်”





“တောက်. . . ငါနဲ့ တွေ့လိုက်ချင်တယ်၊ ဒါထက် အောက်ဆန်ဂေါင်ဘက်မှာ ကြွေးသွားသိမ်းတဲ့အဖွဲ့တွေ ပြန်ရောက်ကြပြီလား”

“ရောက်ပါပြီ”

“ငါမှာတဲ့ကြွေးတွေ ရခဲ့လား”

“ကြွေးတော့ မရခဲ့ဘူး၊ ဆန်ဂေါင်ရွာက ကြွေးမဆပ်နိုင်တဲ့ ယာသမားဆီက သူ့သမီးကို သိမ်းခေါ်လာခဲ့တယ်”

“ဟေ. . . ဟုတ်လား”

ဦးလဘန်ဆိုင်း၏အဆီပြန်နေသော မျက်နှာကြီးမှာ ကျေနပ်မှုကြောင့် ဝင်းလက်တောက်ပလာသည်။

“အေး. . . ကောင်းတယ်၊ လမ်းမှာရော အနှောင့်အယှက်တွေ့ခဲ့သေးလား”

“တခြားတော့ မတွေ့ပါဘူး၊ တောင်ပေါ်က ဖြတ်ပြန်လာတုန်းကတော့ မည်းမည်းသတ္တဝါကြီးတစ်ကောင် နောက်က လိုက်လာတာတွေ့လိုက်တယ်”

“ကြောက်စရာ မလိုပါဘူးကွာ၊ နှင်းတောင်သခင်မရော ဘာသော နားမလည်ဘူး၊ ငါ့ဆီ ရောက်လာလို့က သေနတ်စာ အမိပဲ၊ ကဲ. . . မင်းတို့အားလုံး ပင်ပန်းလာကြတယ်၊ ကြိုက်သလောက် သောက်ပြီး အနားယူလိုက်ကြဦး”

ဇန်ထွန်းတို့အဖွဲ့မှာ ပျော်ရွှင်စွာ ထွက်သွားကြသည်။

သည်ညအဖို့တော့ သူတို့အားလုံး အောင်ပွဲခံသည့်အနေဖြင့် မီးကုန်ယမ်းကုန် သောက်စားမူးယစ်ကြတော့မည်။

ညဦးပိုင်းတွင် တဝါးဝါး တဟားဟားဖြင့် ပွဲကျနေကြပြီး ညသန်းခေါင်နက်ပိုင်း ရောက်သောအခါ တဖြည်းဖြည်း ငြိမ်ကျသွားသည်။

ခြံဝန်း စောင့်သော အစောင့်များလည်း လဲကျသူကလဲ ဘိန်းမှိန်း



www.burmeseclassic.com

www.burmeseclassic.com



သူ မှိန်းနေကြပြီ။

ထိုအချိန်တွင် နှင်းထုနှင့် အမှောင်ထုကို အကာအကွယ်ယူ လျက် ဖြူဖြူသဏ္ဍာန်တစ်ခုနှင့် မည်းမည်းသဏ္ဍာန်အရိပ်ကြီးတစ်ခု ခြံဝန်းနား တရွေ့ရွေ့ ချဉ်းကပ်လာနေကြပြီ။ ဒါကို အစောင့်များ မသိလိုက်ကြပေ။

ထိုအချိန်တွင် လဘန်ဆိုင်းသည် အရက်ကို သင့်တင့်အောင် သောက်ပြီးနောက် အောင်သေအောင်သား စားတော့ဟန်ဖြင့် အခန်း ထဲ ဝင်လာခဲ့လေသည်။

အခန်းထောင့်တွင် (၁၈)နှစ်အရွယ် မိန်းကလေးတစ်ယောက် ကုပ်ကုပ်ကလေး ထိုင်နေသည်။

လဘန်ဆိုင်း ဝင်လာသည်ကို မြင်သောအခါ ကြောက်ရွံ့မှု ကြောင့် ကိုယ်ကလေး တဆတ်ဆတ် တုန်နေရှာ၏။

လဘန်ဆိုင်းက အောင်နိုင်သူအပြုံးဖြင့် မိန်းကလေးအနီးတွင် ရပ်၍ ပခုံးနှစ်ဖက်ကို ဆုပ်ကိုင်လိုက်သည်။

"အမယ်လေး. . . ကျ. . ကျွန်မကို သနားပါရှင်. . . သနား ပါ"

လေသံဝဲဝဲကလေးဖြင့် တောင်းပန်ရှာသည်။

"လာပါကွာ. . . မင်းကို သနားလို့ ဒီကို ခေါ်လာတာပေါ့. . မကြောက်နဲ့"

"ကျွန်မကို ပြန်ပို့ပေးပါရှင်"

"အေး. . . အချိန်တန်တော့ ပြန်ရမှာပေါ့၊ အခုတော့ မှောင် နေပြီ"

ထိုသို့ဆိုကာ မိန်းလေးအား သူ၏လက်ကြမ်းကြီးများနှင့် ဖက် လိုက်သည်။





"ကျွန်မ. . . ကျွန်မကို ချမ်းသာပေးပါရှင်၊ ကြောက်လွန်းလို့ ပါ၊ တောင်းပန်ပါတယ်ရှင်. . . တောင်းပန်ပါတယ်"

သို့သော် ဘယ်လိုတောင်းပန်၍မှ မရတော့၊ ရမ္မက်စိတ် ထုံ နေသော လဘန်ဆိုင်းက သနားစဖွယ် တောင်းပန်နေသော မိန်းက လေးကို ပွေ့ပြီး ကုတင်ပေါ် တင်လိုက်သည်။

မိန်းကလေးက ကြောက်လန့်တကြား အော်ဟစ်ရုန်းကန် သော်လည်း ခွန်အားချင်း မမျှသဖြင့် လွတ်လမ်းမရှိတော့ပေ။

လဘန်ဆိုင်းက အဆီရစ်နေသော မျက်နှာကြီးဖြင့် မိန်းက လေးကိုယ်ပေါ်မှ ဖိ၍ ကြိုးစားနေစဉ်. . .

"ဝုန်း" ကနဲ တံခါးပွင့်လာသည်။

လဘန်ဆိုင်း ဒေါသတကြီး လှည့်ကြည့်လိုက်တော့ အခန်းဝ တွင် ဆွတ်ဆွတ်ဖြူနေသော အဝတ်အစားများ ဝတ်ထားသော အမျိုး သမီးတစ်ဦးကို တွေ့လိုက်ရသည်။ မျက်နှာကို ပုဝါဖြူ ဖုံးထားသော ကြောင့် မည်သူမည်ဝါဖြစ်မှန်း မသိနိုင်ပေ။

"မင်း ဘယ်သူလဲ"

"ငါ နှင်းတောင်သခင်မဆိုတာ နင်မသိဘူးလား"

"မဖြစ်နိုင်ဘူး. . . နှင်းတောင်သခင်မဆိုရင် ငါ့အိမ်ထဲ လာ စရာအကြောင်းမရှိဘူး"

"ရှိလို့လာတာပေါ့. . . နင့်ရဲ့ယုတ်မာမှုတွေကို အဆုံးသတ်ဖို့ ငါလာတာပဲ"

"အေး. . . ငါပဲ အဆုံးသတ်မလား၊ နင်ပဲ အဆုံးသတ်မလား တွေ့ကြသေးတာပေါ့"

ထိုသို့ဆိုကာ လဘန်ဆိုင်းက ကုတင်ပေါ်မှ ထကာ ခေါင်းအုံး ဘက်နံရံတွင် ချိတ်ဆွဲထားသော သေနတ်ကို ပြေးဆွဲသည်။ ထိုအချိန်



www.burmeseclassic.com

၍ပင် မိန်းကလေးထံမှ အမိန့်ပေးသံ ပေါ်လာပြီးနောက် အခန်းတွင်း သို့ အလွန်ကြီးသော ဝက်ဝံကြီးတစ်ကောင် ပြေးဝင်လာကာ လဘန် ဆိုင်းထံသို့ သွားလေတော့သည်။

ကုတင်ပေါ်မှ မိန်းကလေး၏စူးစူးဝါးဝါးအော်သံ ပေါ်ထွက် လာသည်။

"အား"

ဝက်သံကြီးမှာ ကုတင်ပေါ်မှ မိန်းကလေးကို မည်သို့မှ ရန်မမူ ဘဲ သေနတ်ပြေးဆွဲနေသော လဘန်ဆိုင်းအား ကျောမှ ကုတ်ချလိုက် သည်။

ဓားသွားတမျှ ချွန်ထက်သော လက်သည်းကြီးများဖြင့် ဓာ ကုတ်ခံလိုက်ရသော လဘန်ဆိုင်းမှာ သေနတ်ကိုပင် မကိုင်လိုက်နိုင်ဘဲ ကြမ်းပြင်ပေါ် ပစ်လဲကျသွားတော့သည်။

ထိုသို့ လဲကျသွားသည်နှင့် ဝက်ဝံကြီးက အပေါ်မှ စီး၍ မျက်နှာနှင့် ကိုယ်အနှံ့ လက်သည်းချွန်ကြီးများဖြင့် ဒေါသတကြီး ကုတ်ခြစ်တိုက်ခိုက်ရာ ကြမ်းပြင်ပေါ်မှာ အသားအပိုင်းအစများ၊ သွေးများ မြင်မကောင်းအောင် ယိုစီးကျလာပြီး လဘန်ဆိုင်း အသက် ပျောက်သွားတော့သည်။

ထိုအခါ နှင်းတောင်သခင်မက ကုတင်ပေါ်မှ မိန်းကလေး အား သူ့နောက် လိုက်ခဲ့ရန် မျက်ရိပ်ပြခေါ်ပြီး အပြင်ဘက်သို့ ပြန် ထွက်သွားတော့သည်။

နှင်းတောင်သခင်မ ထွက်သွားသောအခါ စောစောက ကြောက်မက်ဖွယ်ရာ ကုတ်ခြစ်တိုက်ခိုက်ခဲ့သော ဝက်ဝံကြီးမှာ အိမ်မွေး သတ္တဝါတစ်ကောင်ပမာ နောက်မှ လိုက်သွားလေတော့သည်။

လဘန်ဆိုင်း၏ခြံဝန်းထဲမှာတော့ အရက်အမူးလွန်ပြီး လဲကျ





နေသူများနှင့် ဝက်ဝံကြီး ကုတ်ခြစ်တိုက်ခိုက်သဖြင့် လဲကျသေဆုံးနေ သူများက အနှံ့အပြား။

အပြင်ဘက်မှာတော့ နှင်းတွေ ဝေနေဆဲ။





www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၁၅)

# မကောင်းမှုပြုသူ၏နိဂုံး

မကြာမီတွင် တောင်ပေါ်ဒေသများတွင် ဗိုလ်ကျခြယ်လှယ်နေကြသော နယ်ချဲ့မျက်နှာဖြူများနှင့် အလိုတော်ရိ လက်ပါးစေတို့အား တော်လှန်ရေး ပျောက်ကြားတပ်များက တရကြမ်း ဝင်ရောက်တိုက်ခိုက်ရာ အောင်ပွဲများ ရကြလေသည်။

နယ်ချဲ့တပ်များမှာ ၎င်းတို့ခြေကုပ်စခန်းများအား စွန့်လွှတ်၍ ဆုတ်ခွာပေးကြရသည်။

တော်လှန်ရေးတပ်သားများနှင့်အတူ အညှဉ်းဆဲ အနှိပ်စက်ခံ ဒေသများကပါ ရရာလက်နက်ဆွဲ၍ ပူးပေါင်းတိုက်ခိုက်ကြရာ အင်အား တောင့်တင်းလာပြီး နယ်ချဲ့များ ဘယ်လိုမှ မတားဆီးနိုင်ကြတော့





သဖြင့် ခြေကုပ်စခန်းများအား တစ်ခုပြီးတစ်ခု စွန့်ခွာပေးနေရခြင်းဖြစ်တော့သည်။

ထိုသို့ ဆုတ်ခွာနေရင်းမှ လမ်းတွင် သေမထူးနေမထူးဘဝဖြင့် တွေ့သမျှစခန်းများကို ဝင်ရောက်တိုက်ခိုက်ကြသည်။

ထိုအထဲတွင် နီမောင်တို့၏စခန်းလည်း အပါအဝင်ဖြစ်သည်။ နီမောင်တို့ကလည်း ရသမျှအင်အား၊ ရှိသမျှလက်နက်များဖြင့် အစွမ်းကုန် ပြန်လည်တိုက်ခိုက်ကြရာ နှစ်ဖက်စလုံး အထိနာလေတော့သည်။

သည်ဘက်ဆုတ်လာသော နယ်ချဲ့တပ်များမှာ နှစ်တပ်ပေါင်းမိသွားပြီး အင်အားများလာသောကြောင့် နီမောင်တို့တတွေမှာ လူနည်းစု ဖြစ်သောကြောင့် မတတ်နိုင်တော့သဖြင့် လူစုခွဲ၍ တိမ်းရှောင်ပေးကြရသည်။

နီမောင်တို့အဖွဲ့တွင် နီမောင်၊ ကျော်လှ၊ သိန်းဇံ၊ စိုင်းနော်တို့ လေးယောက်ဖြစ်ကြသည်။

၎င်းတို့လေးယောက်မှာ လက်နက်ကိုယ်စီယူ၍ ခါကာဘိုရာဇီ တောင်ပေါ် တက်၍ ခြေရာဖျောက်ကြသည်။

သူတို့လေးယောက်တွင် ဓား၊ လှံ၊ လေးမြှားနှင့် သေနတ်များ ပါလာကြသည်။

တောင်ပေါ် ရောက်သောအခါ ဝါးရုံဖျိုက်တောအစပ်တွင် ခဏနားကြသည်။

လေးယောက်သား ပါလာသော ကောက်ညှင်းကျည်တောက်နှင့် အသားခြောက်များကို အမောပြေ စားသောက်နေကြစဉ် မမျှော်လင့်သော ရန်သူက ရောက်လာတော့သည်။

အခြားမဟုတ်ပေ . . .။

စခန်းပျက်၍ တောင်ပေါ်သို့ တက်ပြေးလာကြသော ဇန်



www.burmeseclassic.com

www.burmeseclassic.com



ထွန်းတို့အဖွဲ့ပင်ဖြစ်သည်။

အားလုံး ဆယ်ယောက်ခန့် ရှိပြီး လက်နက်ကိုယ်စီနှင့် ဖြစ်ကြသည်။

နီမောင်တို့ကို ဝိုင်း၍ သေနတ်ဖြင့် ချိန်ထားသည်။

"တစ်ယောက်မှ မလှုပ်နဲ့၊ မင်းတို့လက်နက်တွေကို အောက်ချထားလိုက်စမ်း"

မတတ်သာတော့သဖြင့် နီမောင်တို့တတွေ ပါလာသော လက်နက်များကို မြေပေါ် ချပေးလိုက်သည်။

"မင်းတို့ ဘာလုပ်ချင်တာလဲ"

"တို့ လုပ်ချင်တာကတော့ မင်းတို့ကို သတ်လိုက်ဖို့ပဲ၊ ဒါပေမယ့် တို့သိချင်တာပြောရင် အသက်ချမ်းသာပေးမယ်"

"ဘာသိချင်တာလဲ"

"နှင်းတောင်သခင်မ ရှိတဲ့နေရာကို ပြပေးနိုင်ရင် မင်းတို့ကို လွှတ်ပေးမယ်"

နီမောင် စဉ်းစားသည်။

လောလောဆယ် သေတွင်းက လွှတ်မြောက်ဖို့ တစ်ခုခု ကြံမှ ဖြစ်တော့မည်။

ဘာပဲဖြစ်ဖြစ် လောလောဆယ် ရသောအခွင့်အရေးကို လက်လွှတ်ခံ၍မဖြစ်ပေ။

"အေး. . . အဲဒီနေရာကို ငါသိတယ်၊ မင်းတို့က အဲဒီနေရာသိတော့ ဘာလုပ်ကြမလို့လဲ"

"နှင်းတောင်သခင်မဆိုတာ နတ်မဟုတ်ဘူး. . . လူအစစ်ပဲ၊ ဒီကောင်မ တို့ခြံထဲ ဝင်ပြီး တို့ဆရာကြီးနဲ့ လူတွေကို သတ်သွားတာ မနည်းဘူး၊ ဒါကြောင့် ဒင်းကို ပြန်သတ်မလို့ လိုက်ရှာနေတာ"





"ကောင်းပြီ. . ဒါဆိုရင် ငါ့နောက်က လိုက်ခဲ့ပေတော့"

နီမောင် ရှေ့မှ လမ်းပြ၍ တစ်ကြိမ်က မိမိရောက်ခဲ့ဖူးသောဂူ ရှိရာသို့ ခေါ်သွားသည်။

သူ့ရည်ရွယ်ချက်က. . .

အကယ်၍ နှင်းတောင်သခင်မသည် တန်ခိုးကြွဒ္ဓိပါဒ် ရှိသော နတ်အမျိုးအနွယ်အစစ်ဖြစ်ပါက ၎င်းအား ပစ်မှားစော်ကားရန်အကြံနှင့် လာကြသော ဇန်ထွန်းတို့အား ခွင့်လွှတ်မည် မဟုတ်ပေ။

အကယ်၍ လူသားဖြစ်နေလျှင်လည်း နီမောင်တို့အတွက် အခွင့်အရေးတစ်ခုခု ရနိုင်လာပေမည်။

နီမောင်က ကျန်သုံးယောက်တို့အား သတိနှင့်နေရန် မသိမသာ အချက်ပြပေးထားလိုက်သည်။

မကြာမီ ဂူပေါက်တစ်ခုသို့ ရောက်သောအခါ. . .

"အဲဒီမှာ နှင်းတောင်သခင်မ ရှိတယ်"

"သေချာရဲ့လား. . . မဟုတ်ရင် မင်းကို သတ်မှာ"

"ဝင်ကြည့်ရင် အဖြေသိမှာပေါ့ဗျာ"

"ကောင်းပြီ. . . ဒီလေးယောက်နဲ့ မင်းတို့က ဂူဝမှာ စောင့်နေကြ၊ တို့ ဝင်ကြည့်မယ်"

ထိုသို့ဆိုကာ ဇန်ထွန်းနှင့် လူလေးယောက်တို့ သေနတ်ကိုယ်စီကိုင်ကာ ဂူအတွင်းသို့ ဝင်ကြသည်။

ဂူပေါက်ဝတွင် ကျောက်တုံးကြီးတစ်တုံး တွေ့ရသဖြင့် ကျော်၍နင်းလိုက်ရာ တစ်ဖက်တွင် သစ်သားတန်းတစ်တန်း ရှိသဖြင့် ထိုသစ်သားတန်းပေါ် နင်းချလိုက်သည်နှင့် အပေါ်မှ ကျောက်တုံးကြီးများ လိမ့်ဆင်းလာပြီး ရှေ့မှ ဝင်သွားသူနှစ်ယောက်အပေါ် ဖိချလိုက်ရာ နေရာတွင် ပွဲချင်းပြီး သေတော့သည်။ ထိုအခါ ကျန်သုံးယောက်မှာ



www.burmeseclassic.com

www.burmeseclassic.com



ရှေ့ဆက်မဝင်ဝံ့အောင် ထိတ်လန့်သွားတော့သည်။

"ဂူထဲမှာ ထောင်ချောက်တွေ ရှိတယ်၊ သတိနဲ့ ဝင်ကြ"

ဂူအတွင်းပိုင်းတွင် အတွင်းသို့ အဝင်ပေါက်များစွာကို တွေ့ရသဖြင့် တစ်ယောက်တစ်လမ်းစီ ခွဲဝင်ကြသည်။

တတိယ ဂူပေါက်ထဲ ဝင်လာသူမှာ ရှေ့ဆက်သွားရန် လမ်းမရှိတော့သဖြင့် ပြန်လှည့်ထွက်ရန် ဟန်ပြင်လိုက်သည်နှင့် မိမိနောက်တွင် ကြီးမားသော ဝက်ဝံကြီးတစ်ကောင် ပိတ်ရပ်နေသည်ကို တွေ့ရသဖြင့် ကြောက်လန့်တကြား သေနတ်ဖြင့် ထိုးချိန်လိုက်သည်။

သို့သော် နောက်ကျသွားခဲ့ပြီ. . .။

သူ သေနတ်မောင်း မဆွဲနိုင်ခင်မှာ ဝက်ဝံကြီး၏လက်သည်းကြီးများက ကိုယ်ပေါ်သို့ ပြုတ်ကျလာပြီး ကြောက်လန့်တကြား အော်ဟစ်လိုက်သံကြီးက ဂူအတွင်းမှာ ပဲ့တင်ထပ်သွားလေတော့သည်။

တစ်ဖက်ဂူပေါက်သို့ ရောက်နေသူမှာ ၎င်း၏အရှေ့ဘက် ဂူပေါက်ဝများတွင် ရိပ်ကနဲ ရိပ်ကနဲ လှုပ်ရှားသွားလာနေသော နှင်းတောင်သခင်မ ပုံရိပ်ကို မသဲမကွဲ မြင်ရသဖြင့် ကြောက်ရွံ့ထိတ်လန့်စွာဖြင့် သေနတ်ဖြင့် လှမ်းပစ်လိုက်သည်။

"ဒိုင်း"

ဂူအတွင်း ပဲ့တင်ထပ်မှုများကြောင့် ပတ်ဝန်းကျင်မှာ သေနတ်သံများစွာ ပေါ်ထွက်လာသည်။

၎င်းသေနတ်သံများကြောင့်ပင် သူ့အတွက် အန္တရာယ်က ရောက်လာတော့သည်။

သေနတ်သံ ပဲ့တင်ထပ်မှုကြောင့် ဂူနံရံအချို့ ပြိုကျလာရာ တစ်နေရာတွင် ခွေအိပ်နေသော တောကြီးမြွေဟောက်ကြီး တစ်ကောင် 'ရှူး' ကနဲ ခေါင်းထောင်ထလာပြီး ၎င်းရှိရာသို့ ဆင်းလာတော့





သည်။

တစ်နေရာအရောက်တွင် နှင်းတောင်သခင်မကိုသာ အာရုံစိုက်နေသော ငမိုက်သားမှာ မြွေကြီးလျှောဆင်းလာရာ အောက်သို့ ရောက်လာသည်နှင့် အပေါ်မှ 'ဖျိုး' ကနဲ အော်သံကြား၍ အလန့်တကြား မော့ကြည့်လိုက်သည်နှင့် အပေါ်မှ ပေါက်ချလိုက်သော မြွေခေါင်းနှင့် မိတ်ဆက်ပြီးသား ဖြစ်သွားလေတော့သည်။

တောကြီးမြွေဟောက်အဆိပ်မှာ သွေးစို့ရုံဖြင့် သေစေနိုင်သောကြောင့် မျက်နှာပေါ်တွင် အစွယ်ရာနှစ်ချက် ထင်သွားသော ထိုသူအဖို့ ဘယ်လိုမှ အသက်ရှင်စရာ မရှိတော့။ ဂူထဲသို့ ဝင်လာသော လူငါးယောက်အနက် ဇန်ထွန်းတစ်ယောက်သာ ကျန်တော့သည်။

ဇန်ထွန်းမှာ သေနတ်ကို ကိုင်၍ ဂူအတွင်းဘက်သို့ ဝင်လာရာ တစ်နေရာအရောက်တွင် အံ့သြဖွယ်ရာများကို မြင်လိုက်ရသဖြင့် ၎င်းတွေးထင်ထားသည့်အချက်များ မှန်ကန်ကြောင်း ကောက်ချက်ချလိုက်သည်။

ထို့ကြောင့် ကောက်ကျစ်စွာ ပြုံးလိုက်သည်။

"အင်း. . . ဒီကနေ့တော့ နှင်းတောင်သခင်မကပဲ စွမ်းနိုင်မလား၊ ငါ့သေနတ်ကပဲ ကြမ်းနိုင်မလား အဖြေတွေ့ရတော့မှာပေါ့ကွာ"

ဂူအတွင်းပိုင်းသို့ ရောက်သောအခါ လူတစ်ယောက် အသုံးပြုသောပစ္စည်းအချို့ကို မြင်ရသည်။

"ဟေး. . . နှင်းတောင်သခင်မ၊ ဒီကနေ့တော့ မင်းရဲ့ဘဝကို အဆုံးသတ်ဖို့ ငါရောက်လာပြီဟေ့၊ မင်းပြေးလို့မလွတ်တော့ဘူး. . . ထွက်ခဲ့ပေတော့"

ထိုသို့အော်ပြောလိုက်သည်နှင့် ဂူအတွင်းပိုင်းမှာ အံ့သြဖွယ်



www.burmeseclassic.com

www.burmeseclassic.com



ရာကောင်းလောက်အောင် လေပြင်းများ တိုက်ခတ်လာပြီး နှင်းမှုန်နှင်းစက်များ ကျလာသည်။

ပတ်ဝန်းကျင်တစ်ခုလုံး မှုန်ဝါးသွားတော့သည်။

"မင်းခေါ်လို့ ငါရောက်လာပြီ၊ နှင်းတောင်သခင်မ ဆိုတာ ငါပဲဟေ့"

ထိုစကားသံက တစ်နေရာတည်းက လာသည်မဟုတ်ဘဲ ဂူ၏ ပဲ့တင်ရိုက်ခတ်မှုကြောင့် နေရာအတော်များများဆီမှ ပေါ်လာခြင်းဖြစ်သည်။

"ဟင်"

ဇန်ထွန်း ကြောက်လန့်တကြားဖြင့် သေနတ်မောင်းဆွဲတင်ပြီး လိုက်ရှာသော်လည်း အသံသာ ကြားရပြီး ရှာမတွေ့ပေ။

"ငါရောက်လာပြီ. . . ငါဒီမှာဟေ့"

တစ်နေရာတွင် ဖြူဖြူသဏ္ဍာန်တစ်ခု ရပ်နေသည်ကို တွေ့ရသဖြင့် သေနတ်ဖြင့် ပစ်သည်။

"ဒိုင်း. . . ဒိုင်း"

သို့သော် ဖြူဖြူသဏ္ဍာန်က အခြားနေရာတွင် ပေါ်လာပြန်သည်။

"ဒိုင်း. . . ဒိုင်း"

သေနတ်သံများက နားကွဲလုမတတ် ပေါ်ထွက်လာသည်။

နှင်းတောင်သခင်မ ရုပ်ပုံလွှာကတော့ ဘာမှမထူးခြားဘဲ နောက်တစ်နေရာ ရွှေ့ပေါ်လာပြန်သည်။

"ဒိုင်း. . . ဒိုင်း"

ဤသို့ ပစ်ရင်း ဇန်ထွန်းသေနတ်မှာ ကျည်ဆန်ကုန်သွားလေတော့သည်။





ထိုအချိန်တွင် တိုက်ခတ်နေသော လေလည်း ရုတ်တရက် ရပ်သွားပြီး နှင်းတောင်သခင်မ ရုပ်ပုံလွှာ ပျောက်ကွယ်သွားပြီးနောက် ထိုနေရာတွင် မည်းမည်းသဏ္ဍာန်ကြီး ပေါ်လာတော့သည်။

"မိစ္ဆာကောင်ကြီး လာပြီ၊ မိစ္ဆာကောင်ကြီး ရောက်လာပြီ"

ထိုသို့အော်ရင်း နောက်ကြောင်းသို့ ပြန်လှည့်ပြေးရန် ပြင်လိုက်သည်။

ထိုအခါ သူဝင်လာသောဂူပေါက်ဝမှာ ဘယ်အချိန်က ရောက်နေမှန်း မသိသော ကျောက်တုံးကြီးတစ်တုံးက ပိတ်ဆို့နေလေတော့သည်။

ဇန်ထွန်း ပြေးပေါက်ပိတ်သွားပြီ။

နောက်မှ ရောက်လာသော သတ္တဝါကြီးက နီရဲနေသော ပါးစပ်ကြီးကို အစွမ်းကုန် ဖြဲလျက် လက်သည်းစွယ်ရှည်ကြီးများ ရှိသော လက်ကြီးနှစ်ဖက်ကို ဆန့်တန်းကာ ဇန်ထွန်း ရှိရာသို့ ဝင်လာတော့သည်။

"သွား. . . သွား. . . ငါ့နားမလာနဲ့၊ ငါ့နားမလာနဲ့"

"အ. . အ. . အား. . ."

ဇန်ထွန်း၏ ကျယ်လောင်စွာ အော်ဟစ်လိုက်သံကြီးက ဂူအတွင်း၌ ပဲ့တင်ထပ်သွားလေတော့သည်။





www.burmeseclassic.com

www.burmeseclassic.com





## အခန်း (၁၆)

# အချစ်နှင့် ပြန်တွေ့ရခြင်း

ဂူအပြင်ဘက်တွင် ကျန်ခဲ့သော နီမောင်တို့မှာ အတွင်းဘက်မှ သေနတ်သံများ ကြားရပြီးနောက် ပြန်လည်တိတ်ဆိတ်သွားသော ကြောင့် စိတ်ဝင်စားစွာ နားစွင့်လျက်ရှိနေကြသည်။ ထိုအချိန်တွင် တောင်ပေါ်တွင် လေပြင်းများ ကျလျက် နှင်းမှုန်နှင်းဖွဲများ ကျဆင်းနေသည်။

ထိုအချိန်တွင် ဂူပေါက်ဝဆီမှ သာယာသော အသံတစ်သံ ပေါ်ထွက်လာသည်။

ထိုအသံမှာ မိန်းကလေးတစ်ဦး၏သာယာသောအသံ ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သဖြင့် လှည့်ကြည့်လိုက်ကြသည်။

သို့သော် ဘာမှမမြင်ရ။

အသံက နောက်တစ်နေရာဆီမှ ပြောင်းပေါ်လာပြန်သည်။ လှည့်ကြည့်တော့လည်း မတွေ့ရပြန်။

သေနတ်သမား ငါးယောက်မှာ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး မျက်စိမျက်နှာပျက်နေကြပြီ။

နီမောင်တို့ကတော့ အခွင့်အရေးကို လျှပ်တစ်ပြက် အသုံးချ ရန်သာ အဆင်သင့် ပြင်ထားကြသည်။

ပတ်ဝန်းကျင်တစ်ဝိုက်မှာလည်း နှင်းများ ထူထပ်စွာ ကျလာ သဖြင့် မှုန်ဝါးဝါး ဖြစ်လာသည်။

ထိုအချိန်တွင် သူတို့နှင့် မလှမ်းမကမ်း နှင်းတောထဲမှာ ဖြူဖြူ သဏ္ဌာန်တစ်ခု 'ဘွား' ကနဲ ပေါ်လာလေတော့သည်။

"နှင်းတောင်သခင်မ"

သေနတ်သမားများ ကြောက်လန့်တကြားဖြင့် နီမောင်တို့ကို ချိန်ထားသောသေနတ်များကို ဖယ်၍ တွေ့လိုက်ရသော ဖြူဖြူအရိပ် ဆီသို့ သေနတ်များဖြင့် ချိန်လိုက်ရာ ထိုအခွင့်အရေးကို စောင့်နေ သော နီမောင်တို့လေးယောက်မှာ ရုတ်တရက် ထကာ သေနတ်သမား များကို ဝင်ရောက်တိုက်ခိုက်ကြတော့သည်။

ရုတ်တရက်မို့ သေနတ်သမားများမှာ အနီးကပ် သေနတ်များ ကို အသုံးချခွင့်မရဘဲ နီမောင်တို့နှင့် လုံးထွေးသတ်ပုတ်ရတော့သည်။

သေနတ်သမားများဘက်မှ လူအင်အားသာသည် ဆိုစေကာ မူ တိုက်ရည်ခိုက်ရည်နှင့် အတွေ့အကြုံသာသော နီမောင်တို့ဘက်မှ တပန်းသာကာ သိပ်မကြာလိုက်ခင်မှာ သေနတ်သမားငါးယောက် မြေပြင်ပေါ် မှောက်သွားလေတော့သည်။





နီမောင်တို့က ၎င်းတို့အား ကြိုးများဖြင့် တုပ်ထားလိုက်ပြီး သေနတ်များကို ကောက်ယူသိမ်းဆည်းလိုက်ကြသည်။ ထိုအချိန်တွင် ၎င်းတို့နှင့် မလှမ်းမကမ်း နှင်းတောထဲတွင် ဖြူဖြူသဏ္ဌာန်တစ်ခု ရိပ် ကနဲ ပေါ်လာသဖြင့် တစ်ယောက်က သေနတ်ဖြင့် ပစ်ရန် ထိုးချိန် လိုက်သည်။

"ဟေ့ . . . မပစ်နဲ့"

နီမောင်က သေနတ်ပြောင်းကို ရိုက်ဖယ်လိုက်သည်။

"ဘာဖြစ်လို့လဲ နီမောင်"

"ဒါ . . . တို့ရဲ့ရန်သူမဟုတ်ဘူးကွ"

"မင်း ဒီနေရာကို ဘယ်လိုသိတာလဲ"

"ငါသတိမေ့နေတုန်းက ဒီနေရာကို တစ်ခေါက်ရောက်ဖူး တယ်၊ ငါ့ကို ဘယ်သူခေါ်လာတာလဲ မသိဘူး၊ ဒါကြောင့် သူဟာ တို့ရန်သူမဟုတ်ဘူးဆိုတာ ပြောနိုင်တာပေါ့"

"အခု တို့ ဘယ်လိုလုပ်ကြမလဲ"

"တိတိကျကျ အဖြေတစ်ခု ရအောင် တို့လေးယောက် ဂူထဲ ဝင်ကြည့်ရင် ကောင်းမယ်ထင်တယ်"

ကျန်သုံးယောက် နည်းနည်းတော့ တုံ့ဆိုင်းဆိုင်း ဖြစ်သွားကြ သည်။

"ဂူထဲမှာ ကြောက်စရာကောင်းတဲ့ အန္တရာယ် ရှိနေလိမ့်မယ် ထင်တယ်"

"မင်းတို့ မလိုက်ချင်လည်း ဒီမှာစောင့်နေကြ၊ ငါ ခဏလေး ဝင်ကြည့်လိုက်ဦးမယ်"

"မင်းတစ်ယောက်တည်းကို တို့က ဘယ်လိုစိတ်ချရမလဲ၊ ကိုင်း . . . မထူးပါဘူးကွာ၊ တို့တတွေက သေဖော်သေဖက် ရှင်ဖော်



www.burmeseclassic.com

www.burmeseclassic.com



ရှင်ဖက်တွေပဲ၊ သေလည်း အတူတူ . . . ရှင်လည်း အတူတူပေါ့၊ တို့ပါ လိုက်မယ်”

ဤသို့ဖြင့် သေနတ်များကို အသီးသီး ကိုင်ပြီး လေးယောက် သား ဂူထဲသို့ ဝင်ကြသည်။

ဂူအတွင်းပိုင်းတွင် အမှောင်ရိပ်သန်းနေသော်လည်း အမွှေး ဓာတ် ရှိနေသည်။ အတွင်းပိုင်း ရောက်သောအခါ ရုပ်ပျက်ဆင်းပျက် သေဆုံးနေကြသော ဖန့်ထွန်းတို့အဖွဲ့၏အလောင်းများ တွေ့သော အခါ ပိုမိုသတိထားကြရသည်။

“အတွင်းပိုင်းမှာ ထောင်ချောက်တွေ ရှိတယ်၊ သတိနဲ့ သွား ကြပေ့”

နီမောင်က တိုးတိုးလေး သတိပေးလိုက်သည်။

ဂူအတွင်းရောက်သောအခါ လူအသုံးအဆောင်ပစ္စည်းအချို့ ကို တွေ့ရသည်။

ဂူထောင့်တစ်နေရာသို့ ရောက်သောအခါ ဂူပေါက်ဝ တစ်ခု အတွင်းမှ အလွန်ကြီးမားသော ဝက်ဝံကြီးတစ်ကောင် ထွက်လာလေ သည်။

ဝက်ဝံကြီးမှာ အလွန်ကြီးလှပြီး မတ်မတ်ရပ်လိုက်လျှင် လူနှစ် ရပ်ခန့် အမြင့်ရှိပြီး ထူထဲသော အမွေးနက်ကြီးများ ရှိသည်။ ပါးစပ် တစ်ခုလုံး ရဲရဲနီလျက်ရှိကာ ဖြူဖွေးသော အစွယ်ကြီးများက ငေါ်ထွက် နေသည်။ ၎င်းတွင် ကြောက်စရာအကောင်းဆုံးမှာ ချွန်ထက်သော ခြေသည်းလက်သည်းကြီးများပင်ဖြစ်သည်။

၎င်းလက်သည်းကုတ်ချက် မိလိုက်လျှင် တစ်ချက်ဆိုလျှင် အသက်ထွက်လောက်မှာ သေချာ၏။

နီမောင်တို့လေးယောက် သေနတ်များကို ကိုင်လျက် ကြောင်





ကြည့်နေကြစဉ် ဝက်ဝံကြီးက ရန်မူရန် ရှေ့သို့ တိုးဝင်လာလေပြီ။

လေးယောက်သား သေနတ်များဖြင့် ထိုးချိန်လိုက်သည်။

ထိုအချိန်တွင် ဂူအတွင်းမှ ဆူဆူဝါးဝါး အော်သံတစ်သံ ထွက် လာသည်နှင့် နီမောင်တို့အား ရန်မူရန် တိုးဝင်လာသော ဝက်ဝံကြီးမှာ ရုတ်တရက် နောက်ပြန်လှည့်သွားတော့သည်။ နီမောင်တို့လည်း နောက်မှ လိုက်သွားကြသည်။ အတွင်းပိုင်းရောက်သောအခါ အစအန ပျောက်သွားတော့သည်။ ဝက်ပါသဖွယ် ဖြစ်နေသောဂူပေါက်တွေက အများကြီး၊ ဘယ်အပေါက်ထဲသို့ ဝင်သွားမှန်း မသိလိုက်ကြပေ။ အချို့ နေရာများတွင် အလင်းရောင် ရပြီး အချို့နေရာများတွင် မှောင်နေ သည်။

အချို့နေရာများတွင် လှောင်ပိတ်မွန်းကြပ်လျက်ရှိပြီး အချို့ ဂူပေါက်များအတွင်း၌မူ လေနှင့်အတူ နှင်းမှုန်နှင်းဖွဲများပင် ပါလာလေ ၏။

အချို့ဂူများမှာ မြေအောက်ပိုင်းသို့ ဆင်းသွားပြီး အချို့က တော့ ခါကာဘိုရာဇီတောင်မျက်နှာပြင်အထိ လမ်းပေါက်နေသည်။

အတွင်းပိုင်းမှာ လူနှင့်တိရစ္ဆာန်များ ကောင်းစွာ ဝင်နိုင် နေနိုင် လောက်အောင် ကျယ်ဝန်းလှသည်။

လေးယောက်သား တိုင်ပင်ပြီး ဂူပေါက်ဝအသီးသီးကို တစ် ယောက်စီ ခွဲဝင်ကြသည်။

နီမောင် ဝင်ခဲ့သောဂူပေါက်မှာ အတန်ငယ် ကျယ်ဝန်းပြီး အတွင်းပိုင်းတွင် နှင်းမှုန်နှင်းစက်ကလေးများပင် ဝေနေသည်။ သင်းပျံ့ သောရနံ့တစ်မျိုး ရပြီးနောက် အတွင်းသို့ ရောက်သောအခါ မားမား ရပ်နေသော ဝက်ဝံကြီးကို အရင်တွေ့ရပြီး ၎င်းနောက်ဘက်ကျောက် ခုံတစ်ခုံပေါ်တွင် ထိုင်နေသော ဝတ်ရုံဖြူနှင့် မိန်းကလေးကို လှမ်းတွေ့



www.burmeseclassic.com

www.burmeseclassic.com



ရသည်။

နီမောင် ဘာဆက်လုပ်ရမှန်း မသိဘဲ ရပ်ကြည့်နေသည်။

"နှစ်ပေါင်းများစွာ မျှော်နေခဲ့ရတာ ကြာပါပကောလား၊ အခုမှ ရောက်လာတော့တယ် ချစ်သူရယ်"

သာယာချိုအေးသောအသံဖြင့် ပြောရင်း ကျောက်ခုံပေါ်မှ ဆင်းလာသည်။

နီမောင် အသက်ရှုရန်ပင် မေ့နေသည့်အလား မျက်တောင်မခတ် စိုက်ကြည့်နေသည်။

နှင်းတောင်သခင်မက နီမောင်ရှိရာသို့ တဖြည်းဖြည်း ဆင်းလာရာ မလှမ်းမကမ်းသို့ ရောက်လာသည်။ တစ်ကိုယ်လုံး အဝတ်ဖြူဖြူများ ဝတ်ဆင်ထားပြီး မျက်နှာကိုလည်း ပုဝါဖြူတစ်ထည်ဖြင့် ဖုံးအုပ်ထားသည်။

"မင်းဘယ်သူလဲ"

နီမောင့်အသံများ တုန်ယင်နေသည်။

"နှင်းတောင်သခင်မလို့ အားလုံးသိထားကြတဲ့ မောင့်ရဲ့ချစ်သူပဲပေါ့"

"ဟင်"

နီမောင့်ရင်ထဲမှာ လှိုင်းထနေသည်။

နှင်းတောင်သခင်မက ၎င်းမျက်နှာပေါ်တွင် ဖုံးအုပ်ထားသော ပုဝါဖြူကို အသာဖယ်လိုက်သည်။

"ဟင်. . . ကေ. . . ကေဂျာ"

အံ့သြလွန်းသဖြင့် ကိုယ့်မျက်စိကိုပင် မယုံကြည်နိုင်လောက်အောင် အံ့သြနေပြီး လက်ထဲမှ ကိုင်ထားသော သေနတ်ပင် အောက်သို့ လွတ်ကျသွားတော့သည်။





"ကေဂျာ. . . ကေဂျာ မသေဘူးနော်"

ကေဂျာက ခေါင်းခါရင်း နီမောင့်ရင်ခွင်ထဲ ပြေးဝင်လာသည်။ နီမောင်က ဆီးပွေ့ထားရင်း မယုံကြည်နိုင်လောက်အောင် အံ့သြဝမ်းသာနေသဖြင့် ကေဂျာ၏မျက်နှာပြင်အနှံ့ ကိုင်တွယ်စမ်းသပ်ကြည့်နေ၏။ ချစ်သူ၏နွေးထွေးသောအတွေ့အထိ ရမှ မိမိအိပ်မက်မဟုတ်မှန်း သိပြီး ကြည်နူးဝမ်းသာမှုများ အတိုင်းမသိ ဖြစ်ရလေသည်။

"ကေဂျာ တကယ်မသေဘူးနော်၊ ဝမ်းသာလိုက်တာ ကေဂျာရယ်. . . ဝမ်းသာလိုက်တာ၊ ကေဂျာကို ဒီဘဝ ပြန်မတွေ့ရတော့ဘူးလို့ ထင်နေတာ"

ကေဂျာက နီမောင့်ရင်ခွင်ထဲမှာ မျက်နှာဝှက်ရင်း တသိမ့်သိမ့် ငိုရှိုက်နေသည်။

ထိုသို့ရှိနေစဉ် စောစောက နီမောင်အား ရန်လိုသောမျက်လုံးဖြင့် လှမ်းကြည့်နေသော ဝက်ဝံကြီးမှာ ယခုတော့ သူနှင့် မဆိုင်တော့သည့်အလား အမွှေးသပ်ရင်း လဲလျောင်းနေတော့သည်။

ထိုအချိန်တွင် ကျော်လှ၊ သိန်းဖံနှင့် စိုင်းနော်တို့သုံးယောက်လည်း ဂူအတွင်း ရောက်လာကြသည်။

သည်မှာ တွေ့လိုက်ရသောမြင်ကွင်းကြောင့် တအံ့တသြ ဖြစ်နေကြသည်။

"ကေဂျာ အခုလိုဘဝမျိုး ဘယ်လိုရောက်ခဲ့ရတယ်ဆိုတာ ပြောပြပါဦး"

ထိုအခါ ကေဂျာက သူမဘဝဇာတ်ကြောင်းအချို့ကို ပြန်လည်ပြောပြလေသည်။

"အဲဒီနေ့က ခါကာဘိုရာဇီတောင်ပေါ်မှာ နှင်းတွေ ဖုံနေတယ်၊ အဲဒီအချိန်မှာ ဖန်ထွန်းတို့အဖွဲ့ ရောက်လာပြီး ကေဂျာကို



www.burmeseclassic.com

www.burmeseclassic.com



အတင်းခေါ်သွားကြပြီး တောင်ပေါ် ရောက်တော့ မတရား ကြံစည်ဖို့ ကြိုးစားနေတုန်း မြုန်းဆို ဝက်ဝံကြီးတစ်ကောင် ရောက်လာတယ်၊ အဲဒီနောက်တော့. . .”







# အခန်း (၁၇)

# မေတ္တာဆုံသောပွဲ

ဇန်ထွန်းတို့အဖွဲ့အား ဝက်ဝံကြီးက သဲကြီးမဲကြီး ကုတ်ဖဲ့သတ်ဖြတ်နေစဉ် ကေဂျာ ကြောက်လန့်တကြား ထွက်ပြေးလာရာ ကမ်းပါးစွန်းမှ တောင်အောက်သို့ ခြေချော်ကာ ကျသွားလေတော့သည်။

“အား. . .”

တောင်အောက်တစ်နေရာသို့ ရောက်သောအခါ ကေဂျာ သတိမေ့လုမေ့ခင်ဖြစ်နေသည်။

မကြာမီ သူမအနီးသို့ သတ္တဝါကြီးတစ်ကောင် ရောက်လာပြီး သူမတစ်ကိုယ်လုံးကို လိုက်လံနမ်းရှုံ့နေသည်။ ကေဂျာ ထိတ်လန့်စွာ



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ကြည့်လိုက်တော့ စောစောက ဖန်ထွန်းတို့အဖွဲ့အား သတ်ဖြတ်ခဲ့သော ဝက်ဝံမကြီးဖြစ်မှန်း သိရတော့သည်။

ကေဂျာ ကြောက်ရွံ့စိတ်ဖြင့် အသာငြိမ်နေလိုက်သည်။ ထို့နောက် ဝက်ဝံကြီးက သူမလည်ကုတ်မှ အင်္ကျီစကို ကိုက်ချီ၍ ဆွဲခေါ်သွားရာ ကေဂျာလည်း ကြောက်ရွံ့မှုကြောင့် သတိမေ့မျောသွားတော့သည်။

သူမ သတိရ၍ ကြည့်လိုက်သောအခါ ဂူတစ်ဂူအတွင်းသို့ ရောက်နေတော့သည်။

ထိုဂူမှာ တစ်ချိန်က ဝက်ဝံပေါက်လေးတစ်ကောင်ကို ကယ်တင်ပေးခဲ့သောနေရာဖြစ်မှန်း အမှတ်ရတော့သည်။

ဂူထဲမှာ ဝက်ဝံသားအမိနှစ်ကောင်နှင့် သူမသာ ရှိသည်။

ဝက်ဝံနှစ်ကောင်က သူမအား ရန်မမူကြပေ။

ကေဂျာဂူထဲမှာ မီးဖိုတစ်ဖို ဖိုထားလိုက်သည်။

ပထမ ရွာပြန်ရန် စိတ်ကူးသော်လည်း လဘန်ဆိုင်း၏လူများရန်ကို ကြောက်ရွံ့သဖြင့် ထိုဂူအတွင်းမှာပင် ဝက်ဝံနှစ်ကောင်နှင့် အဖော်ပြုကာ နေလိုက်သည်။

သူမ စားဖို့သောက်ဖို့အတွက်တော့ တောင်ပေါ်မှ သစ်မြစ် သစ်ဥနှင့် မှိုစ်များကို ရှာဖွေစားသောက်သည်။ တောင်ပေါ်တွင် ရာသီအလိုက် သီးနှံများလည်း ရသည်။

တစ်ခါတစ်ရံ ဝက်ဝံမကြီး ဖမ်းဆီးလာသော သားကောင်များကို ပြုတ်၍ကင်၍ စားသောက်သည်။

တောင်ဆိတ်သားကို မချစ်ဥနှင့် ပြုတ်သောက်သော အရသာမှာ သူမအတွက် အကောင်းဆုံး အာဟာရများ ဖြစ်ခဲ့သည်။ ဝက်ဝံမကြီး အပြင်ထွက်၍ အစာရှာသောအချိန်များတွင် ဝက်ဝံပေါက်ကလေးက ကေဂျာအား အဖော်ပြု၍နေသည်။





သို့ကြောင့် ဝက်ဝံပေါက်ကလေးမှာ ကေဂျာအတွက် အဖော်ဖြစ်လာတော့သည်။

အတူနေသည့်အချိန်ကြာလာတော့ ဝက်ဝံပေါက်ကလေးမှာ ကေဂျာ စေခိုင်းသမျှ နားလည်လာတော့သည်။ သွားဆိုသွား၊ လာဆိုလာ၊ စားဆိုစား၊ ကိုက်ဆိုကိုက်ဖြင့် ကေဂျာ စေခိုင်းသမျှ တစ်သဝေမတိမ်း ပြုလုပ်လာနိုင်တော့သည်။

နှစ်အတန်ကြာသောအခါ ဝက်ဝံမကြီး သေဆုံးသွားပြီးနောက်တွင် ဝက်ဝံပေါက်ကလေးမှာ သူ့ကိုသာ ခင်တွယ်နေပြီး တဖြည်းဖြည်း ဝက်ဝံပေါက်ကလေးဘဝမှ ဝက်ဝံကြီးတစ်ကောင် ဖြစ်လာတော့သည်။

တောတိရစ္ဆာန်အပါအဝင် ကေဂျာအတွက် အနှောင့်အယှက်ပေးမည့်သူ မှန်သမျှ သုတ်သင်ဖယ်ရှားပေးသည်။ ကေဂျာသည် တောင်ပေါ်မှာနေရင်း ပျော်လာသည်။ လူအများနှင့် ဝေးဝေးနေလာရသဖြင့် စိတ်ချမ်းသာလာသည်။ သို့ကြောင့် တောင်ပေါ်မှာ ဆက်နေခဲ့သည်။

တစ်ခါတော့ တောင်တက်သမားများက သူမအား အမှတ်မထင် တွေ့မြင်သွားကြသဖြင့် နှောင့်ယှက်ရန် လာရာ ဝက်ဝံကြီးလိုက်သဖြင့် ထွက်ပြေးကြရတော့သည်။

ထိုအချိန်မှစ၍ မိမိအား တောင်စောင့်တန်ခိုးရှင်တစ်ဦးဟု မှတ်ယူကာ နောင်သောအခါ စားသောက်ဖွယ်ရာများဖြင့် လာရောက်ဆက်သကြသည်။

ကေဂျာသည် သူမအနေဖြင့် တန်ခိုးရှင်တစ်ယောက် မဟုတ်စေကာမူ ဝက်ဝံကြီးကို အသုံးပြု၍ ရွာသူရွာသားများ ဒုက္ခတွေ့နေလျှင်



www.burmeseclassic.com

www.burmeseclassic.com



အကူအညီပေး၍ ဒုစရိုက်သမားများဆိုလျှင် သုတ်သင်ရှင်းလင်းပစ်ခဲ့သည်။

အထူးသဖြင့် လဘန်ဆိုင်း၏လက်ပါးစေများဆိုလျှင် တွေ့ရာတွင် သတ်ဖြတ်၍ တန်ပြန်ကလဲ့စားချေခဲ့သည်။

တစ်ချိန်က တောင်ပေါ်တွင် နီမောင်သတိလစ်နေစဉ်က ကယ်တင်ပေးခဲ့သည်မှာ ကေဂျာ ဖြစ်သော်လည်း မိမိလက်စားချေချင်သူများကို လက်စားမချေရသေးသဖြင့် လျှို့ဝှက်စွာ ကယ်တင်ခဲ့ခြင်းဖြစ်သည်။

ထို့နောက်တွင် မိမိဘဝပျက်အောင် အဓိက တရားခံ ဖြစ်ခဲ့သော လဘန်ဆိုင်းအား သုတ်သင်ရှင်းလင်းပြီးနောက် မိမိရည်ရွယ်ချက် ပြည့်မြောက်ခဲ့ပြီမို့ ရွာသို့ ပြန်ချင်သော်လည်း ဝက်ဝံကြီးအား သံယောဇဉ်ဖြစ်နေသဖြင့် ရုတ်တရက် မပြန်ဖြစ်ခဲ့ပေ။

ယခုတော့. . .

"ကေဂျာ့အဖြစ်ကို ကြားရတာ ငါစိတ်မကောင်းလိုက်တာ၊ နင် ဒုက္ခရောက်နေတဲ့အချိန်မှာ ငါကလည်း တော်လှန်ရေးတပ်ဖွဲ့ထဲ ရောက်နေတော့ ဘာမှတာဝန်မကျေခဲ့ဘူး ကေဂျာ"

"ဒီလိုလည်း ဘယ်ဟုတ်မလဲ မောင်ရယ်၊ မောင်က တိုင်းပြည်အကျိုးအတွက် ဆောင်ရွက်နေတာပဲ၊ ကေဂျာ ကျေနပ်ပါတယ်"

"အခုတော့ တို့တတွေကို နှစ်ပေါင်းများစွာ ဖိနှိပ်ချုပ်ချယ်အနိုင်ကျင့်ခဲ့တဲ့ နယ်ချဲ့တွေ ခွေးပြေးဝက်ပြေး ပြေးကုန်ကြပြီ၊ တို့ရွာကလေး အရင်ကလို မဟုတ်တော့ဘူး. . . အေးချမ်းသာယာနေပြီလေ"

"ဟုတ်လား. . ကြားရတာနဲ့ စိတ်ချမ်းသာစရာကောင်းလိုက်တာ"

"နင့်ကြီးမေလည်း နေကောင်းတယ်၊ တို့တတွေက ပိုင်းစောင့်





ရှောက်ထားကြတယ်လေ"

"ဟုတ်လား. . . ကျေးဇူးတင်လိုက်တာ မောင်ရယ်"

"ဒါတွေ မလိုပါဘူး ကေဂျာရယ်၊ ဒါထက် ကေဂျာ၊ တို့နဲ့ ရွာကို တစ်ခါတည်းပဲ ပြန်လိုက်ခဲ့မယ် မဟုတ်လားဟင်"

ထိုစကားကြောင့် ကေဂျာမျက်နှာလေး ညှိုးကျသွားသည်။

"လိုက်ခဲ့ပါမယ်. . . ဒါပေမယ့်"

ကေဂျာက နီမောင်ရင်ခွင်ထဲမှ ထွက်ပြီး အိပ်နေသောဝက်ဝံကြီးဆီ လျှောက်သွားသည်။

ထိုနောက် ဝက်ဝံကြီး၏ဦးခေါင်းကို အတန်ကြာအောင် ပွေ့ဖက်ထားသည်။

ဝက်ဝံကြီးက တစ်ချက်မော့ကြည့်ပြီး ကေဂျာအား လျှာဖြင့် လျက်ပေးသည်။

"ငါသွားတော့မယ်. . . ဒီတောင်ပေါ်မှာ နှင်းမုန်တိုင်းတွေကျတဲ့တစ်နေ့မှာ မင်းကို ငါကယ်ခဲ့တယ်၊

ငါ့ကိုလည်း မင်းက ပြန်ကယ်ခဲ့တယ်၊

ဒီကျေးဇူးတွေကို ငါ့တစ်သက် ဘယ်တော့မှ မမေ့ပါဘူး၊

ငါသွားတော့မယ်၊

ဒီခါကာဘိုရာဇီတောင်ပေါ်မှာ ဘေးအန္တရာယ်ကင်းစွာနဲ့ တစ်သက်လုံး ပျော်ရွှင်စွာ နေနိုင်ဖို့ ငါဆုတောင်းပေးခဲ့ပါမယ်၊

ငါသွားတော့မယ်"

ကေဂျာမျက်နှာပေါ်ဝယ် မျက်ရည်များ စီးကျလျက် ဝက်ဝံကြီးဦးခေါင်းကို ပွတ်သပ်နှုတ်ဆက်ပြီး နီမောင်တို့နှင့်အတူ ဂူအတွင်းမှ အပြင်သို့ ထွက်လာခဲ့ကြသည်။

အပြင်ဘက် ရောက်တော့ နှင်းတွေက ဝေနေပြီ။



www.burmeseclassic.com

www.burmeseclassic.com



ကျော်လှ၊ သိန်းဇံ၊ စိုင်းနောင်တို့က ရှေ့မှ ဆင်းသွားကြသည်။

နီမောင်နှင့်ကေဂျာတို့က တစ်ယောက်နှင့်တစ်ယောက် ဖေးမ တွဲလျက် နောက်မှ ဆင်းလာကြသည်။

သူတို့ အောက်ခြေရောက်တော့ တောင်ပေါ်မှ ဝက်ဝံအော်သံ ကြား၍ လှည့်ကြည့်လိုက်တော့ တောင်စွန်းတစ်နေရာရှိ နှင်းမှုန်ကြား ဝယ် လက်နှစ်ဖက်ကို မြှောက်လျက် အော်ဟစ်နေသော ဝက်ဝံကြီးကို မှုန်ဝါးစွာ တွေ့ရသည်။

"နေရစ်ပေတော့ ဝက်ဝံကြီးရယ်"

နီမောင်က ကေဂျာအား ဖေးမ,ချော့မော့ရင်း တောင်အောက်ရောက်အောင် ခေါ်လာခဲ့သည်။

နောက်ဖက်တွင် ဝက်ဝံကြီး၏အော်ဟစ်သံများက ဝေး၍ဝေး၍ ကျန်ခဲ့လေတော့သည်။

"စိတ်မကောင်း ဖြစ်မနေပါနဲ့တော့ ကေဂျာရယ်၊ ရှေ့မှာ တို့နှစ်ယောက်အတွက် ဘဝသစ် ထူထောင်ဖို့ ကြိုးစားကြဦးမယ်၊ ကေဂျာ့ဘဝတစ်လျှောက်လုံး စိတ်ချမ်းသာစေဖို့၊ ပျော်ရွှင်ချမ်းမြေ့ဖို့ ကိုယ်တာဝန်ယူပြီး ကြိုးစားပေးပါ့မယ်"

ထိုစကားကြောင့် ကေဂျာ့မျက်နှာလေးပေါ်မှာ အပြုံးရိပ်များ ယှက်သမ်းသွားလေတော့သည်။

ထို့နောက်. . .

တစ်ယောက်လက်ကို တစ်ယောက်က ခပ်တင်းတင်း ဆုပ်ထားလိုက်ကြသည်။

မေတ္တာဖြင့် ချည်နှောင်သော ချစ်သူတို့ တွဲလက်များက ဘယ်လိုအနှောင့်အယှက် အန္တရာယ်တွေ တွေ့စေဦးတော့၊ ဖြုတ်ကြမည် မဟုတ်ပေ။





ရှေ့တွင် သာယာချမ်းမြေ့သော ဘဝသစ်ခရီးက ကြိုဆိုနေပြီ ဖြစ်ရာ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်၍ ပြုံးလိုက်ကြသည် တွင် ကျွန်ုပ်ရေးသားသော(နှင်းဖြူတောင် မာယာရှင်)ဝတ္ထုရှည်မှာလည်း ဤနေရာတွင် နိဂုံးကမ္ပတ် အဆုံးသတ်ပြီ ဖြစ်ပေတော့သတည်း။

အနိစ္စယာဟောတု သုခိအတ္တာနံ ပရိဟရန္တု။

ကြိုသင်



www.burmeseclassic.com